ရှေးဟောင်းစာပေ
သုတေသီတဦး

ကုန်းဘောင်ခေတ်
အမိန့်တော်များ

မြန်မာမှုဗိမာန်
စာပေ[illegible]

ရှေးဟောင်းသုတေသနဦးစီးဌာန
စာကြည့်တိုက်
တိုက်ပိုင်အမှတ် ၂၃၆၅
နေ့စွဲ [illegible]

စာကြည့်တိုက်
ရှေးဟောင်းသုတေသနဦးစီးဌာန
Ac. 10501/3
1-1-86

ထုတ်ဝေသူ

ဦးညွန့်ဆွေ (မြ-၀၃၁၃)၊ စိန်ပန်းမြိုင်စာပေတိုက်။
၂၃ အေ၊ ဦးဘောင်းလမ်း၊ ကရင်အမျိုးသားရပ်ကွက်
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ -

ဒေါ်ကြည် (မြ-၀၁၀၀၂)၊ ဗဟိုစာကူးနှင့်ပုံနှိပ်
လုပ်ငန်း၊ အမှတ်-(၃၄၉)၊ ဗိုလ်အောင်
ကျော်လမ်း၊ ရန်ကုန်မြို့။

Ac. 10501/ဗ

၃၈/-

-က-

ကုန်းဘောင်ခေတ်အမိန့်တော်များ

* အဆောင်အရွက် ပေးအမိန့်တော်

- ဝန်ကြီးငပါးအစီးအနင်း ပေးအမိန့်တော် ၁
- မှူးညီး မောက်တို ပေးအမိန့်တော် ၂
- ဝန်ထောက်အဆောင် ပေးအမိန့်တော် ၂
- ဝန်ကြီးအဆောင် ပေးအမိန့်တော် ၄
- အတွင်းဝန်အဆောင် ပေးအမိန့်တော် ၄

* ရာထူးခန့်အမိန့်တော်

ဝန်ကြီးခန့်အမိန့်တော် ၅
အတွင်းဝန်ခန့်အမိန့်တော် ၅
မြင်းစုကြီးဝန်ခန့်အမိန့်တော် ၆
ရှေ့ဝင်းမှူးခန့်အမိန့်တော် ၆
မြို့ဝန်ခန့်အမိန့်တော် ၇
ဝန်ထောက်ခန့်အမိန့်တော် ၇
ခင်မမင်းဝန်ခန့်အမိန့်တော် ၈
ရွှေတိုက်ဝန်ခန့်အမိန့်တော် ၈
တရားသူကြီးခန့်အမိန့်တော် ၉
ဆင်ဝန်ခန့်အမိန့်တော် ၉
ကျီဝန်ခန့်အမိန့်တော် ၁၀
အနောက်ဝန်ခန့်အမိန့်တော် ၁၁
အိမ်ရှေ့နှင်းအမိန့်တော် ၁၁

* ဗိုလ်မှူးခန့်ပြန်တမ်းအမိန့်တော်

ဟံသာဝတီ ကြောင်းချီဗိုလ်မှူးခန့် ၁၂
ပုသိမ် ကြောင်းချီဗိုလ်မှူးခန့် ၁၄
ဓညဝတီ ကြောင်းချီဗိုလ်မှူးခန့် ၁၅
မုတ္တမ ကြောင်းချီဗိုလ်မှူးခန့် ၁၆
မုတ္တမ ကြောင်းချီအခါတော်စာ ၁၈
ဟံသာဝတီ ကြောင်းချီအမိန့်တော် ၁၈
မုတ္တမ ကြောင်းချီဗိုလ်မှူးဝန်ကြီးခန့် ၂၀
ဟံသာဝတီ ကြောင်းချီဗိုလ်မှူးခန့် ၂၀
ဟံသာဝတီ ကြောင်းချီဗိုလ်မှူးအသစ်ခန့် ၂၂

ကုန်းဘောင်ခေတ်လယ်

[၁၁၄၅ မှ ၁၁၉၉ ခုနှစ်အတွင်း၊ ထုတ်ပြန်သည့်အမိန့်တော်များ။]

(၁) မင်းကျော်သီဟမင်းသား/သွီး ဝန်ခန့် ၂၃
(၂) မဟာခန်းအရေးနှင့်ပတ်သက်သည့်အမိန့်တော် ၂၃
(၃) ပုဂံမင်းလွှတ်တက်စီရင်ရန်အမိန့်တော် ၂၃
(၄) ပဉ္စင်းပဋ္ဌမ၊ ရှင်ပဋ္ဌမ ပေးအမိန့်တော် ၂၃
(၅) ဂီတာ စော်ဘွား မြိတ်မြို့ဝန်စကားဆိုရန်အမိန့်တော် ၂၃
(၆) ဗဒုံမြို့နယ်စုကြီး သေနတ်သားကိစ္စ ၂၄

ရှေးဟောင်းသုတေသနဦးစီးဌာန
စာကြည့်တိုက်
တိုက်ပိုင်မှတ် ၂၃၅၅
နေ့ ၁၆ ၇ ၈၈

စာကြည့်တိုက်
ရှေးဟောင်းသုတေသနဦးစီးဌာန
Ac. 10501/ဗ
86

(၇) ဆင်တော်ကျုံးသွင်း ကြော့ဖမ်းခြင်း ၂၄
(၈) တံဆိပ်ခတ်မခတ် သေနတ်စာရင်း ၂၄
(၉) အတွင်းတော်လုပ်ဥ ဒေါင်းရုပ်တံဆိပ်ခတ် သေနတ် ၂၄
(၁၀) လှေစီးတို့ဆက် ဒေါင်းရုပ်ခတ် သေနတ် ၂၄
(၁၁) တွင်းသင်းတိုက်အင်းစား ပေးအမိန့်တော် ၂၄
(၁၂) နတ်စိမ်းဘုန်းကြီးပင့်ခေါ် အမိန့်တော် ၂၅
(၁၃) ပန်းချီရေး နေရာချအမိန့်တော် ၂၅
(၁၄) မိန်းမစိုးတို့ကိုအပ်ခြင်း ၂၅
(၁၅) နေရာတော်အစုသားတို့တပ်မတော်တွင်ပါဝင်စေ ၂၅
(၁၆) ပုသိမ်မင်းအပ်အစုသားများ ၂၅
(၁၇) ကောက်သစ်စားပွဲမပါဝင်သူအစုသား ၂၅
(၁၈) ဝင်းတော်ငမျက်နှာစည်းကြပ် စောင့်ရှောက်ခြင်း ၂၅
(၁၉) ကသည်းအစုသားတို့မိလိုက်ဘပါ ၂၆
(၂၀) မြောက်ဘက်မြင်း မြေရှိလယ် တော်မြေ ၂၆
(၂၁) မြင်းစီးပယ် မြေတိုင်းတာစေ ၂၆
(၂၂) မင်းခ ယောကျ်ား ရဟန်းမပြုအပ် ၂၆
(၂၃) ရိက္ခာစားအလုပ်အဆောင်သားများ ၂၆
(၂၄) ဒဝယ်ကြောင်းချီသွားသူတို့ ပေးငွေ ၂၇
(၂၅) သစ်ခုတ်အထုတ်အယူလုပ်ငန်း ၂၇
(၂၆) ရွှေကြက်ယက် မြေစွန်းဥယည်တော် ၂၇
(၂၇) မြေစွန်းဝန်နှင့်ရေခွန်တော် ၂၇
(၂၈) ရက်ကန်းအစုသားအဆင့်အဆိုမရှိစေနှင့် ၂၈

၁၁၄၃ ခုမှ ၁၁၉၉ ခုတွင်းထုတ်သည်အမိန့်တော်များ

(၁) မြို့ရှင်မြို့စားနှင့်ပတ်သက်သည့်အမိန့် ၂၈
(၂) တရားမှုရာဇဝတ်မှုဆိုင်ရာအမိန့် ၂၉
(၃) တရားစီရင်မှုလျှော်ပြစ်လျှော်ဒဏ် ၃၀
(၄) ရန်ကုန်ဆိပ်နှင့်အကောက်အခွန် ၃၂
(၅) အမရပူရထီးနန်းစိုက်ဆောက်တော်မူရန် ၃၃

ကုန်းဘောင်ခေတ်နှောင်း

[၁၂၁၄ မှ ၁၂၇၁ ခုအတွင်း၊ ထုတ်ပြန်သည့်အမိန့်တော်များ။]

(၁) ကြွေးဟောင်းမြို ဟောင်းတနှစ်ရပ်ဆိုင်းခြင်း ၃၄
(၂) ဘိုးဘပိုင်ဓါး မဦးချ ငွေဝယ်လယ်ရှင် ၃၄
(၃) နယ်မှုပယ်မှုထိမ်းသိမ်းဆင့်ဆိုစီရင် ၃၄
(၄) မြစ်အပ်၊ ပယ်အပ်၊ ပြည့်စုံစေအပ်သည့်တရား ၃၅
(၅) ရွှေမြို့တော်အတွင်းအစုအမှုထမ်း ၃၆
(၆) ၁၀ဘို့ ၁ဘို့၊ ဆယ်ခိုင်တခိုင် ၃၇
(၇) တန်ဆိုးလက်ဆောင်ဆက် ကြေးငွေမရှိစေရ ၃၈
(၈) ဘဏ္ဍာတော်များ ရယူထိန်ချန်မှု ၃၈
(၉) နေရင်းမြို့ရွာပြန်လာစေမှု ၃၈
(၁၀) ပန်လွှာရွာသူကြီးခန့် ၃၉
(၁၁) အိုးထိန်းရွာ သွေးသောက်ကြီးခန့် ၃၉

* လယ်မြေပယ်စား အမိန့်တော်များ

(၁) စားတော်ဝန်စကုမြို့စားအသန့်ဟင်းတော်ကျွန်း မြေ ၄၀
(၂) လွှင်းလှေအမှုထမ်းစားတန့်တီးကန်ပြားလယ် မြေ ၄၀

(၃) ရွှေပြည် သေနတ်အစုလုပ်စားသွင်း ပေး မြေ ၄၀
(၄) စားတော်ဝန်စကုမြို့စားအုပ်ထိန်းဆင့်ဆို မြေ ၄၁
(၅) လက်ဝဲကြောင်း သွောံကြီးလုပ်စား မြေ ၄၁
(၆) မြောက်ထားဝယ် သွောံကြီးအစားခံ မြေ ၄၁
(၇) သူရဲဗညားအမှုထမ်းဘိုးဘပိုင် ငွေဝယ်အမွေခြံ မြေ ၄၂
(၈) လှေတော်အမှုထမ်းတို့စားပုံလယ် မြေ ၄၂
(၉) အစုအမှုထမ်းတို့အစားအသနားတော်ခံ မြေ ၄၂
(၁၀) ဗညားယံအစု သွောံ၊ အကြပ်၊ အမှုထမ်းစား မြေ ၄၃
(၁၁) ဆင်တော်ဦးစီး နောက်ပဲ့တို့စားပုံ မြေ ၄၃
(၁၂) စီးတော်မြင်းအစုအမှုထမ်းတို့စား မြေ ၄၄
(၁၃) မြင်းစုကြီးမြန်မာမြင်း ဆေးထိုးအိမ်ထောင်စုံတို့ မြေ ၄၄
(၁၄) လက်ဝဲဝင်းအမှုထမ်းလုပ်စား မြေ ၄၅
(၁၅) ဘိုးခေါင်လှေပဲ့နင်း၊ ပဲ့ချိပ် သွောံကြီးတက်စွဲအမှုထမ်းတို့
ရုံပုံငွေအကျအစားပေး မြေ ၄၅
(၁၆) ရွှေပြည်အမှုထမ်းတို့အစားပေး မြေ ၄၆
(၁၇) လက်ဝဲဝင်းအမှုထမ်းချထားလုပ်စား မြေ ၄၆
(၁၈) ယိုးဒယားဇာတ်ကြီးအမှုထမ်းစား မြေ ၄၆
(၁၉) သံတော်ဆင့်ဝေါကြီးမှူးအစားအသနားခံ မြေ ၄၆
(၂၀) မင်္ဂလာအမြောက်အမှုထမ်းတို့လုပ်စား မြေ ၄၇
(၂၁) မြင်စုကြီး ရှုံးမြင်းလက်ရှိလူစားသင့်ပယ် ၄၇
(၂၂) ထွက်တိုင်းရလှေတော်အမှုထမ်းတို့ရုံပုံကျ ၄၈
(၂၃) သူရဲအစုတပ်မှူး၊ သွောံကြီးအမှုထမ်းတို့ မြေ ၄၉
(၂၄) မင်္ဂလာကျိုင်းတော်ယက်အမှုထမ်းတို့ မြေ ၄၉
(၂၅) ပွဲတော်ခေါင်းနှင့်မုံတိုင်းပွဲတော်အမှုထမ်း ၄၉
(၂၆) ခိုတောင်ရွှေကဲ လှေအမှုထမ်းတို့စား ခြေ ၅၀
(၂၇) ကွန်တော်မျိုးမမိကြီးစား မြေ ၅၀
(၂၈) အတ္တပါတ်မြင်း၆ ခေါင်းတပ်၊ ကန်တော်တပ်၊ ၄ ခေါင်းတပ်
အမှုထမ်းတို့စား မြေ။ ၅၁

စကားလက်ဆောင်

ရွှေနန်းတော်နှင့်နိုင်ငံတော်အတွက် ဆောင်ရွက်ချက်များမှာဘုရင်အမိန့်တော်ထုတ်ပြန်၍ ခွင့်ပြုချက်အရသာဖြစ်ပါသည်၊အမိန့်တော်တရပ်ထွက်ပေါ်လာရေးအတွက် ကြိုတင်ဆောင်ရွက်ချက်များအဆင့်ဆင့်ပြုလုပ်ခဲ့ကြရသည်၊ နောက်ဆုံးအဆင့်တွင်ဘုရင်ကအတည်ပြု၍အမိန့်တော်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်၊ ထို့ကြောင့်အမိန့်တော်များသည် ခေတ်အဆက်ဆက်လုပ်ငန်းအထွေထွေတို့ကို ဖော်ပြနေသည့်သက်သေထွက်ချက်များပင်ဖြစ်ပါသည်။ အမိန့်တော်ထုတ်ပြန်ခဲ့ပုံကိုပုဂံ ခေတ်ကျောက်စာအရစတင်သိရှိခဲ့ရပြီးအင်းဝခေတ်မင်းကြီးစွာစော်ကဲလက်ထက်တွင်ထုတ်ပြန်သည့်အမိန့်တော်တရပ်မှတပါး၊ ပုဂံ၊အင်းဝ တောင်ငူ ခေတ်များတွင်ထုတ်ပြန်သည့်အမိန့်တော်များကိုမတွေ့နိုင်တော့ပါ။

သက္ကရာဇ် ၉၀၀ ကျော် ၁၀၀၀ ပတ်ဝန်းကျင် ညောင်ရမ်း ခေတ်ဘုရင်တို့ထုတ်ပြန်ခဲ့သည့်အမိန့်တော်များကိုမူအတန်အသင့်တွေ့ရှိရသဖြင့် ညောင်ရမ်း ခေတ်အမိန့်တော်များပထမတွဲနှင့်ဒုတိယတွဲတို့ကိုထုတ်ဖော်တင်ပြခဲ့ပြီးဖြစ်ပါသည်၊ ယခုဆက်လက်၍ကုန်းဘောင် ခေတ်ဘုရင်တို့ထုတ်ပြန်သည့်အမိန့်တော်များကိုတင်ပြလိုက်ရခြင်းဖြစ်ပါသည်။

ကုန်းဘောင် ခေတ်တည်ဘုရင်အလောင်းမင်းတရားကြီးထုတ်ပြန်ခဲ့သည့်အမိန့်တော်များကိုသီးခြားစာအုပ်ထုတ်ဝေထားပြီးဖြစ်ပါသည်၊ ယခုဤစာတွဲတွင်ကုန်းဘောင် ခေတ်လယ်နှင့်ခေတ်နှောင်းပိုင်းတွင်ထုတ်ပြန်သည့်အမိန့်တော်များကိုဖတ်ရှုလေ့လာရမည်ဖြစ်ပါသည်၊ ကုန်းဘောင် ခေတ်အတွင်းထုတ်ပြန်သည့်အမိန့်တော်များကားအများအပြားကျန်ရှိလျက်ရှိနေရာဤစာတွဲတွင်ကုန်းဘောင် ခေတ်စဉ်တလျှောက်ပေါ်ပေါက်လာသည့်အခြေအနေများကိုအကြမ်းဖျင်းသိရှိနိုင်ရန်အတွက် ကောက်နုတ်တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

အဆောင်အရွက်ပေးအမိန့်တော်များ၊ ရာထူးခန့်အမိန့်တော်များ၊ဗိုလ်မှူးခန့်ပြန်တမ်းအမိန့်တော်များကိုပထမပိုင်းအဖြစ်စုစည်းတင်ပြပြီး၊ ကုန်းဘောင် ခေတ်လယ် (၁၁၄၅ မှ ၁၁၉၉) နှင့်ကုန်းဘောင် ခေတ်နှောင်း (၁၂၁၄ မှ ၁၂၃၆) အတွင်းထုတ်ပြန်ခဲ့သည့်လယ်မြေပယ်စာအမိန့်တော်များကိုထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

အမိန့်တော်များသည်မြန်မာ့ရှေး ခေတ်အုပ်ချုပ်ရေးစနစ်အရ ဆောင်ရွက်လုပ်ကိုင်ခဲ့ကြရသည့်အုပ်ချုပ်ရေး၊ စစ်ရေး၊ လူမှုရေး၊ စီးပွားရေးစသည်များကိုပြောပြနေသောမူရင်းအမှတ်အသားများပင်ဖြစ်ရာ၊ မြန်မာမှုဆိုင်ရာအရေးကြီးသည့်အထောက်အထားများဖြစ်သည့်အလျောက်စုစည်းတင်ပြလိုက်ရခြင်းဖြစ်ပါကြောင်း ။

ဤစာအုပ်ပါအမိန့်တော်များက ဖော်ပြထားသည့်ကုန်းဘောင် ခေတ်တလျှောက်ဖြစ်ပျက်ဆောင်ရွက်ခဲ့ကြသောအရေးအရာများကားများပြားလှပေသည်။ အုပ်ချုပ်ရေးနှင့်ပတ်သက်၍နန်းတွင်း ဝန်ထမ်းအဆင့်ဆင့်အပြင်နယ်မြေဆိုင်ရာနယ်စားပယ်စားအစုသားများနှင့်ပတ်သက်သောအချက်အလက်များကိုလည်းကောင်း၊ မင်းဆွေမင်းမျိုးမင်းသားမင်းသမီးတို့၏အရေးအရာအဖြာဖြာတို့ကိုလည်းကောင်း တွေ့မြင်သိရှိကြရမည်ဖြစ်ပါသည်၊ စစ်ရေးနှင့်ပတ်သက်သည့်မုတ္တမ၊ ဟံသာဝတီ၊ ပုသိမ်ကြောင်းချီဗိုလ်မှူးခန့်အမိန့်တော်များကတိကျစုံလင်စွာဖော်ပြထားသည့်အပြင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့်ပတ်သက်သည့်အဖြစ်အပျက်များကိုလည်းအမိန့်တော်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သည်များကိုလေ့လာဖတ်ရှုရမည်ဖြစ်ပါသည်။ တရားစီရင်မှုဆိုင်ရာကိစ္စများ နှင့်အကောက်တော်အခွန်တော်ရေးရာသတ်မှတ်ချက်များကိုလည်းသက်ဆိုင်ရာအမိန့်တော်များတွင် ဖော်ပြထားလျက်ရှိပါသည်။ ပြည်သူတို့နှင့်ဆိုင်သည့်သစ်ထုတ်လုပ်ငန်း၊ ယက်ကန်းလုပ်ငန်းတို့အပြင်အနုပညာဆိုင်ရာပန်းချီနှင့်ဇာတ်ကြီးအမှုထမ်းစသူတို့၏အကြောင်းအရာများကိုလည်းသိရှိနိုင်မည်ဖြစ်ပါသည်။

လယ်မြေပယ်စာ၊အမိန့်တော်များအရ ရှေး ခေတ်လယ်ယာမြေစနစ်ထိုက်ပျိုးလုပ်ကိုင်မှုအခြေအနေအပြင်၊ အစုသားအမှုထမ်းများ၏စရိုက်အလေ့အထအဖြာဖြာတို့ကိုသိရှိနိုင်ပေသည်။ သာသနာဘာသာဆိုင်ရာနှင့်အယူဝါဒဆိုင်ရာအချက်အလက်များကိုဖော်ပြထားသည့်အမိန့်တော်များမှာလည်းဗဟုသုတပြည့်ဝစရာပင်ဖြစ်ပါသည်။

ရှေးဟောင်းစာပေသုတေသီတဦး

“အဆောင်အရွက်ပေး၊အမိန့်တော်”

အဆောင်အရွက်ပေး-အမိန့်တော်များ

သက္ကရာဇ်၁၂၁၆ခုနှစ်။ ဝန်ကြီးမင်း၄ပါးကိုအစီးအနင်းပေး ။
၁၂၂၇ခုနှစ်တိုး၍မျည်းမော်တိုပေးအမိန့်တော်ဘုရား ။

(၁)

သက္ကရာဇ်၁၂၁၆ခုနှစ်။ ဝန်ကြီးသတိုးမင်းကြီးမဟာမင်းလှသီဟသူ။ မင်းကြီးမဟာရာဇသကြီ ။ သတိုးမင်းကြီးမဟာမင်းလှကျော်သူ။ မင်းကြီးမဟာမင်းလှစည်သူတို့ကိုသနားနော်မူသည့်အစီးအနင်း၊ အဆောင်အရွက်ပေးအမိန့်တော်အတိုကော်ဘုရား ။

ဗောင်းကတ္တီပါနီ ရွှေသားပန်း၁၂။ တမာရွက် ထောင်၁၂	၁
ဘွဲ့သင်းကျစ်ထပ်	၁
ရွှေနား ထောင်းမီးတွင်း	၁
ကတ္တီပါဝတ်လုံဘဲရုံ ရွှေဖျင်ဗိတဆင့်တပ်	၁
ဘွဲ့ဖြူ့ ရွှေမြိတ်ဂံ	၁
ရွှေစလွယ်၁၂သွယ်	၁
မော်တို ရွှေပိန်း။ ရွှေကုံးစိန် တောင်၁၂။ ရွှေထိပ် ရွှေထွတ်ငှက်မနား စိန်ပွင့်၁၂။ ပါးကာ နားကာ ရှေ့ကာ နောက်ကာ မော်ရှုပါလည် ကွေး ကတ္တီပါနီယက်ပြားသတ်။ မျည်းတိုကတ္တီပါစိမ်းယက်ပြားသတ်။ မျည်းရှည်ကတ္တီပါနက်ယက်ပြားသတ်	၁
ကွံးခွက်လှက်အိုးတကောင်း ပိတ်ဂ ထောင့်ပယင်းထပ်။ ကွံးလိပ် ၃ မြှာ × ပယင်းထပ်	၁
မိုးကြိုး ထွေးအင်	၁
ကတ္တီပါအုံးဝန်း	၁
ရွှေပေခမော်	၁
ထားခွေးမခွေးငယ်။ နော်ပိတ်ပတ္တမြားစီ။ အိမ်မည်းသရီမွှမ်း သမ္ပတ်ရတနာ့ပတ္တမြားစီ။ ရင်ဖွားသက္ကဒါန်ငုံခံပတ္တမြားစီ ဆွဲကြိုး ပုဒယက်ကံ တော့လက်ပန်ကွင်း။ အနားပတ္တမြားတရစ်စီ ဆောင်ထားမိုးကြိုးဆင်။ သက္ကလတ်အိပ်နီသွပ်	၁
ထီးနီ ရွှေညောင်ရွက်၃ဆင့်။ ညောင်ရွက် ရေ၃၆။ အချက်အထွတ် ရွှေ အရိုး ရွှေကြိုဆစ်	၁
ကျိုင်း၂အချက်အထွတ် ရွှေ။ အအုံအရွက်အရိုးအနီသုတ်	၁
ထမ်းစဉ်ခွက်ခါးပန်းစက်အနား ဇော့ကွင်း။ အတွင်းကြယ်။ ကြာနုအဆင့်ကမှတ်သံပွင့်တမြို့ခြုံး။ ဘိနပ်ကုလားပန်း ဒေါ်အတွင်းညောင်ရွက်။ အနားမန်ကျည်းရွက်၊ ဘဝါးရွဲ့ ဘောင်းထိပ်သံပွင့်ပန်းလှကြာ။ အတွင်း ညောင်ရွက်အနားမန်ကျည်းရွက် ဘဝါရွဲ့ ထောင်ကြက်ရင်ကုလားပန်း ။ ထောင့်အုပ် ကျေးစေတိုင်။ အုံးထားဘက်ဝန်းမြင်းမို ကျေးစေတိုင်။ အဖြေမြင်းနား ရွှေ၂ခု။ အနီတစု။ ခါးအနီ	၁
မြင်းကကိုင်း ညောင်ရွက်ရ။ သမ္ဘာရာခွံရက် ဘော်က ထောင်ဆွဲ။ဇာက်ပကာ ရွှေစဝါပိန်း ။ နင်းနှင်းသိပ်အိမ် မြှောင်ရင်ပတ်ကွင်း ငွေဇဝါက တောင်ရွှေရေး။ ဇာမရီရုပ်ပန်းခက်ကိုက်အနားသံငုံ ရွှေပိန်း။ ဥခက်ထိပ် ဆောင်းမြီးဖျမ်းရင်ပတ်သက္ကလတ် ကြိုး ရွှေကြယ်ထပ်။ စီးနှီး သက္ကဒါန်သက္ကလတ်တင်ရမ်းဆက်ရှန်း၃ဆင့်	၁
ဆင်ပေါင်းဝန်းအချက်အထွတ် ရွှေ။ အမိုး ရွှေ၂စု။ အနီတစု။ ကာတောင်ရွှေပြည့်ရေးကခွက် ရွှေ၂စု။ အနီတစု။ ဝဲးကခွက် ရွှေ၂စု။ အနီတစု။ ကာတောင်ရွှေပြည့်ရေး။ အလံကျည်လှံကျည်ရင်းဖျားရွှေဒီ။ ဆင်ကြိုးသက္ကလတ်ဘဲကွပ်	၁

စည်နီ ၇။ စည်ပုတ် ၁။ ပုံသာ ၁။ ငွေနှဲးကြီး ၁။ ငွေနှဲးငယ် ၂။ ခရာ ၁။
လင်းကွင်း ၁ ၁
လှော်ကားဦနန်းငှက်ပျံချပ်။ အလယ်ဦလှပ်။ ဆံထိုးပရိတ်ချည် ၃ ဆင့်။
ပဲ့ဘိတုရင်အနီ။ အမအထွတ်ဝတ်ဆံ ရွှေ။ ညောင်ရွက် ရွှေထည့်လှုင်တိုင်
အနီအဖြေပန်းဆုပ်။ ပုံတိုင်လက္ခတ်အနီ။ အလံဘဲနီအထွတ် ရွှေ။ အလံရိုး
အလံကျည်အနီသုတ်။ ခဲကြီး ငွေကံ တော့။ အောင်းနီဦးတပွင့် ပဲ့ ၂
ပွင့်၊ တက်မအနီ။ လှော်တက်ဖြူ။ ခင်တုရင်အမိုးအံနီ။ မှုတ်ရိုး ထော်
အနီသုတ် လက်ရမ်းအဖြေပန်းဆုပ်အနီ။ ပွတ်လုံးအနီသုတ် ၁
အိမ်ခြံမြင်းကြမ်းယက်ကမွတ်သတ် ၁

ပေါင်း ၂၀

(၂)

သက္ကရာဇ် ၁၂၂၇ ခုနှစ်။ မကွေးမြို့စားမြင်းဝန်မင်းကြီးသတိုးမင်းကြီး မဟာမင်းလှသီဟသူ။ မြတောင်မြို့စား ရွှေတံဝန်ကြီးသတိုးမင်းကြီးမဟာမင်းလှကျော်သူ ပုခန်းကြီးမြို့စားဝန်ကြီးသတိုးမင်းကြီးမဟာမင်းလှစည်သူ၊ လေဝင်းရှည်မြို့စားလှေသင်း ဝန်ကြီးသတိုးမင်းကြီးမဟာစည်သူတို့ကို။ တိုး၍သနားတော်မြတ်ခံရသည် မြင်း(မျည်း) မော်တို ပေးအမိန့်တော်အတိုကောက်ဘုရား ။

မှော်တို ရွှေပိန်း ရွှေကုံးစိန် တောင် ၁၂။ မှန်ကင်းစိုက်။ ရွှေထိပ် ရွှေထွတ် ငှက်မနားစိန်ပွင့် ၁၂။ ပါးကာ နားကာ ရှေ့ကာ နော်ကာ မော်ရုပါ လည်ကွေး ။ ကတ္တီပါနီ ရွှေယက်ပြားသတ်။ အတွင်း ရွှေကြက်သွန်မြိတ်သတ်။ အနား ရွှေချည်ပန်းနွယ်ကြယ်ပွင့်တပ်၊ မျည်းတိုကတ္တီပါစိမ်း ရွှေပြားသတ်။ အတွင်း ကြက်သွန်မြိတ်သတ်။ အနားဝုံခန့် ရွှေချည်ပန်းနွယ်ကြယ်ပွင့်တပ်။ မျည်းရှည် ကတ္တီပါနီ ရွှေယက်ပြားသတ်။ အတွင်း ရွှေကြက်သွန်မြိတ်သတ်။ အနားဝုံခန့် ရွှေချည်ပန်းနွယ်ကြယ်ပွင့်တပ် ၁

ပေါင်း ၁

(၃)

ဝန်ထော်မင်းများကိုသနားတော်မူသည်အဆောင်အရွက် ပေးအမိန့်တော်

ဝန်ထော်ကင်းဝန်မင်းကြီးမဟာစည်သူ။ မင်းကြီးမဟာမင်းခေါင်ကျော်ထင်။ မင်းကြီးမဟာမင်းလှမင်းခေါင်။ မဟာမင်းလှသင်္ခယာတို့ကို။ ဝန်ထော်ပုပ္ပါးမြို့စား မင်းကြီးမဟာမင်းကျော်မင်းထင်နည်းအစီးအနင်းအဆောင် အရွက်အသနားတော်ခံစေ။ ။

သက္ကရာဇ် ၁၂၂၉ ခုသတင်းကျွတ်လဆန်း ၅ ရက် နေ့နာခံ တော် နေမျိုးရာဇ ကျော်သုပြန်အမိန့်တော်

(၄)

ဝန်ထော်အဆောင်ပေး အမိန့်တော်

လမိုင်းဝန်ထော်မဟာမင်းလှရာဇာကို ဗောင်းကတီပါနီ ရွှေသားပန်း ၉၊ တမာရွက် ထောင် ၉၊ ရွှေနား တောင်းကြက်ရင်အနားဆူး ၂ ထပ်၊ ကတ္တီပါဝတ်လုံဘဲရုံ ရွှေဖျင်ဒီတဆင့်တပ်၊ ဘွဲ့ဖြူ ရွှေမြိတ်ဂံ၊ ရွှေစလွယ် ၉ သွယ်၊ မော်တို ရွှေပိန်း ရွှေကုံးစိန် တောင် ၉၊ ရွှေထိပ် ရွှေထွတ်ငှက်မနားစိန်ပွင့် ၁၂၊ ပါးကာ နားကာ ရှေ့ကာ နော်ကာ၊ မော်ရုပါလည်ကွေး ကတ္တီပါနီယက်ပြားသတ်၊ မျဉ်းတိုကတ္တီပါစိမ်းယက်ပြားသတ်၊ မျည်းရှည်ကတ္တီပါနက်၊ ယက်ပြား သတ်၊ ကွမ်းခွက်လှက်အိုးတ ကောင်းပိတ်ဂ ထောင့်၊ ငွေ ဆွေးအင်၊ ထား အဆော်ကတ္တီပါနက်မွှမ်းရင်း ဖျား ခွေးမ ခွေးငယ်သံပတ်ရတန့်၊ ရွှေသား ကျော်အိမ်ပါ၊ အိမ်ကတ္တီပါနက်မွှမ်းရင်းဖျား ခွေးမသမွတ်ရတန့်၊ ရွှေသား ကျော်အိမ်ပါ၊ ထီးနီ ရွှေညောင်

ရွက် ၂ ဆင့် ညောင်ရွက် ရေ ၂၄၊ အချက်အထွတ် ရွှေ၊ ကိုင်း ရွှေထွတ် ၁၊ ထမ်းစင်တလဲ ၉ ဝန်း၊ ဘိနပ်ကုလားပန်း အိမ် ညောင်ရွက် အတွင်းကုလားပန်း၊ ဘောင်းထိပ်ဘ ယောင်းပွင့်၊ ခါးပန်းကမွတ် ကြာနုတမြို့ခြုံးကမွတ်နားအတွင်းပြင်ပွတ်ခြမ်း စက်ဘီ လူးခေါင်း၊ အတွင်းကြယ် နားကုလားပန်း ညောင်ရွက်တမြို့ခြုံးကြက်ရင်ကုလားပန်း၊ အိမ် ညောင်ရွက်အတွင်းကုလားပန်း ၊ ထောင့်ကျေးစည်တိုင်အဖြေမြင်းနား၊ လျော် ၅ ဝန်းထုပ် ၃ ဝန်း၊ ထုပြော်အနီသုတ် ခါးပန်းစက်မှာ လက်ဝဲလက်ယာ ၃ ဝန်းစီ၊ နော် ၂ ဝန်း ရှေ့တဝန်းစက်အတွင်း ဆင်စွယ် ကြယ်စက်နား ညောင်ရွက်ဆင်စွယ်ကြက်ရင်ကုလားပန်း၊ အိမ်ဆင်စွယ် ၂ တန့်လည်သီး ဆင်စွယ် မှော် သေး ကျေးစည်တိုင်ဆင်စွယ်တပ်၊ ဘောင်းထိပ်ဘ ယောင်းပွင့်ချက်ဆင်စွယ်၊ မြင်းက ကိုင်း ညောင်ရွက်ရ၊ သံ့အူရာခွံယက် ဘော်က တောင်ဆွဲ၊ ဆက်ပါးကာ ရွှေဇာဝါပိန်းနင်းနှင်း သိပ်၊ အိမ် မြောင်ရင်ပတ်ကွင်း ငွေဇာဝါက တောင် ရွှေ ရေးစာမရီရုပ်ပန်းခက်ကိုက်အနား သံငုံသစ် ရွှေပိန်း၊ ဦးခက်ထိပ် ဆောင်းမြီးပျမ်းရင်ပတ်သက္ကလတ်ကြီး ရွှေကြယ်တပ်၊ စီးနှီး သက္ကဒန်သက္ကလတ်တင်ရမ်း စက်ရွှန်း ၃ ဆင့်၊ ဆင် ပေါင်း ဝန်းအချက်အထွတ် ရွှေ၊ အမိုး အနက်၊ ကာ တောင် ရွှေတစုအနီတစု၊ ကခွက် ရွှေတစု အနီ ၂ စု၊ ကာ တောင် ရွှေတစုအနီတစု၊ အလံကျည်လုံကျည်အဖျား ရွှေဒီ၊ ဆင်သက္ကလတ်ကြီးလုံးနီ၊ စည်နီ ၇၊ စည်ပုတ် ၁၊ ပုံသာ ၁၊ ငွေနှဲကြီး ၁၊ ငွေနှဲငယ် ၂၊ ခရာ ၁၊ လင်းခွင်း ၁၊ လှော်ကားဦးငှက်ပျံရုပ် ၄၊ ပဲ့ငှက်ပျံရုပ် ၆၊ ဆံထိုးတဘက်ဘရုံတိုးပရိတ်ခြည်(ချည်) ၃ ဆင့်၊ ခင်တုရင်အမိုးအုံနီ၊ ပဲ့ဘိတုရင်၊ လှုင်တိုင် ထောင့်ဖြေပန်း ဆုပ်၊ ကြေးကြီး ငွေကံ တော့၊ အောင်းနီဦးတပွင့်ပဲ့ ၂ ပွင့်၊ တက်မအနီ လှော်တက်ဖြူသနားတော်မူသည်၊ စာချွန် ရေးမြဲ ရေး၍သွင်း ။ ။

သက္ကရာဇ် ၁၂၂၈ ခုတန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့ နာခံ တော် ပြောကြီးမှုး မဟာမင်း လှမင်း ကျော်ပြန်အမိန့်တော်။

(၅)

သက္ကရာဇ် ၁၂၂၉ ခု။ သတင်းကျွတ်လဆန်း ၁၀ ရက်နေ့ ဝန်ထော် တော်ကင်းဝန် မင်းဥ ဒေါင်း လှေအုပ်မင်းတို့ကိုပုပ္ပါး ဝန်ထော်နည်းအစီးအနင်းအဆောင်အရွက်သနား တော်ခံ စေအမိန့်တော်အရအကျယ် မရှိသော ကြောင့်။ လမိုင်းဝန် ထော်မင်းကိုသနား တော်မူရင်းအဆောင်တွင်စလွယ်ကိုချန်၍ကျန်အဆောင်များကို။ အမိန့်တော်တကြောင်း စာ ရေးသားပါမည်။ ဝန်ထော် တော်ကင်းဝန်မင်း ဥ ဒေါင်း လှေအုပ်မင်း ၂ ပါး မှာ။ အမိန့်တော်လဏ္ဍကိုပြသ၍စာ ရေးကြီးဦးကြယ်နှင့်အစီရင်ခံရာ၊ လမိုင်းဝန် ထော်မင်း ကို သနား တော်မူသည့်အဆောင်အတိုင်း ရေးသားပါ တော့အမိန့်ရှိကြသည်အတိုင်းအမိန့်တော် အဆောင်ကျယ်ကို ရေးအပ်ရသည်။

(၆)

ဝန်ထော်အသည်ဝန်ကိုင်တားမြို့စားမင်းကြီးမဟာသီဟသူရ။ ဝန်ထော်ခန်း ပတ်မြို့စားမင်းကြီးသီရိမဟာဥဇနာ။ ဝန်ထော်မိုးနဲ ဗိုလ်မှူးမြို့သစ်မြို့စားမင်းကြီးမဟာ မင်းထင်စည်သူ။ ဝန်ထော်ပုပ္ပါး မြို့စားမဟာမင်းလှမင်း ကျော်မင်းထင်၊ ဝန်ထော်ဈော် ဂုံမြို့စားမဟာမင်းထင်စည်သူတို့ကို၊ မှော်တို ရွှေပိန်း ရွှေကုံးစိန် ထောင် ၉။ ရွှေထိပ် ရွှေ ထွတ်ငှက်မနား စိန်ပွင့် ၁၂။ ပါးကာ နားကာ ရှေ့ကာ နော်ကာ မော်ရုပါလည်ကွေး ။ ကတ္တီပါနီ ရွှေယက်ပြားသတ်။ မျည်းတိုကတ္တီပါစိမ်း ရွှေယက်ပြားသတ်။ မျည်းရှည်ကတ္တီပါနီ ရွှေ ယက်ပြားသတ်သနား တော်ခံ စေ။

သက္ကရာဇ် ၁၂၂၇ ခုနယုန်လဆန်း ၆ ရက် နေ့နာခံ တော် ပြောကြီးမှုးမင်းလှ မင်း ကျော်ပြန်အမိန့်တော်။

(၇)

ဝန်ထော်ပုပ္ပါး မြို့စားမင်းကြီးမဟာမင်း ကျော်မင်းထင်။ ဝန်ထော်ကင်းဝန် မင်း ကြီး မဟာစည်သူ။ ဝန်ထော် မင်း ကြီးမဟာမင်း ခေါင် ကျော်ထင်။ ဝန်ထော် အောင်ပင်လယ်လမိုင်းဝန်မင်း ကြီးမဟာမင်းလှမင်း ခေါင် ၊ ဝန်ထော်ဥ ဒေါင်းလှေ အုပ်မဟာမင်းလှသင်္ခယာတို့ကိုသနား တော်မူရင်းအဆောင်တွင်တိုး၍ ရွှေစလွယ် ၁၂ သွယ် သနား တော်ခံ စေ။

သက္ကရာဇ် ၁၂၂၉ ခုသတင်းကျွတ်လဆန်း ၉ ရက် နေ့နားခံ တော် ပြောကြီးမှုးမဟာ မင်းလှမင်း ကျော်ပြန်အမိန့်တော်။

(၈)

ဝန်ကြီးမင်းအဆောင်ပေးအမိန့်တော်

ဝန်ကြီးမင်းကြီးမဟာသီဟသူ၊ မင်းကြီးမဟာမင်းခေါင်ကျော်စွာ၊ မင်းကြီးမဟာမင်းလှမင်းထင်၊ မင်းကြီးမဟာမင်းခေါင်ရာဇာတို့ကို ဗောင်းကတ္တီပါနီ ရွှေသားပန်း ၁၂၊ တမာရွက်ထောင် ၁၂၊ ဘွဲ့သင်းကျစ်တပ်၊ ရွှေနားနောင်းမီးတွင်း ၊ ကတ္တီပါဝတ်လုံဘဲရုံ ရွှေဖျင်ဒိတဆင့်တပ်၊ ဘွဲ့ဖြူရွှေမြိတ်ဂံ၊ ရွှေစလွယ် ၁၂ သွယ်၊ မောက်တို ရွှေပိန်း ရွှေကုံးငှက်တောင် ၁၂၊ ရွှေထိပ် ရွှေထွတ်ငှက်မနားမှန်ကင်းစိုက်၊ စိန်ပွင့် ၁၂၊ ပါးကာနားကာ ရှေ့ကာနောက်ကာ၊ မောက်ရူပါလည်ကျွေး ကတ္တီပါနီ ရွှေယက်ပြားသတ်အတွင်း ရွှေကြက်သွန်မြိတ်သတ် အနားရွှေခြည်၊ ပန်းနွယ်ကြယ်ပွင့်တပ်၊ မျည်းတိုကတ္တီပါစိမ်း ရွှေယက်ပြားသတ်အတွင်း ရွှေကြက်သွန်မြိတ်သတ်၊ အနားဘုံခန့်ရွှေခြည်ပန်းနွယ်ကြယ်ပွင့်တပ်၊ မျည်းရှည်ကတ္တီပါနီ ရွှေယက်ပြားသတ်အတွင်း ရွှေကြက်သွန်မြိတ်သတ်၊ အနားဘုံခန့်ဇရွှေခြည်ပန်းနွယ်ကြယ်ပွင့်တပ်၊ ကွမ်းခွက်လှက်အိုးတကောင်းပိတ်ဂ ထောင့်ပယင်းတပ်၊ ကွမ်းလိပ်၃မြွှာ ပယင်းတပ်၊ မိုးကြိုး ထွေးအင်၊ ကတ္တီပါအုံးဝန်း၊ ရွှေပေခမောံ၊ ထားခွေးမခွေးငယ်၊ နေဘုံပိတ်ပတ္တမြားစီ၊ အိမ်မည်းသရီမွှမ်း သံပတ်ရတနံ့ပတ္တမြားစီ၊ ရင်းဖျားသက္ကဒန်ငုံခံပတ္တမြားစီ၊ ဆွဲကြိုး ပုဒယက်ကန်တော့လက်ပန်းကွင်းအနားပတ္တမြားတရစ်စီ၊ ဆောင်ထားမိုးကြိုးဆင်၊ သက္ကလတ်အပ်နီသွတ်၊ ထီးနီ ရွှေညောင်ရွက်၃ဆင့်၊ ညောင်ရွက်ရေ၃ဖ၊ အချက်အထွတ် ရွှေအရိုး ရွှေကြိုးဆစ်၊ ကိုင်း ၂ အချက်အထွတ် ရွှေအအုံအရွက်အရိုးအနီသုတ်၊ ထမ်းစင်ခွက်ခါးပန်းဆက်ဂ ထောင့်ဂအတွင်းကြာချက်ကြယ်ကြာနုတဆင့်၊ ကမ္ဗတ်၄ရွက် မှော်အကြား သံပွင့်၊ ကြက်ရင်ကုလားပန်း ကျေးစည်တိုင်အဖြေမြင်းနား၊ အုံးထားဘက်ဝန်းမြင်းမိုရ် ကျေးစည်တိုင်ဘိနပ်ကုလားပန်းအိမ်အကြားအတွင်း ညောင်ရွက်အနားမန်ကျည်းရွက်အနီ၊ မြင်းကကိုင်း ညောင်ရွက်ရ၊ သမ္ဘရာခွံရက် ဘော်ကတောင်ဆွဲ၊ ဆက်ပါးကာ ရွှေဇာဝါပိန်း နင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ငွေဇာဝါကတောင် ရွှေရေးစာမရီရုပ်ပန်းခက်ကိုက်၊ အနားသံငုံ ရှေ့ပိန်း၊ ဦးခက်ထိပ် ဆောင်းမြီးပျမ်းရင်ပတ်ခတ္တီပါကြိုး ရွှေကြယ်တပ်၊ စီးနှီးသက္ကဒန်ကတ္တီပါတင်ရမ်း စက်ရွှန်း ၃ဆင့်၊ ဆင် ပေါင်းဝန်းအချက်အထွတ် ရွှေ၊ အမိုး ရွှေ ၂ စုအနီတစု၊ ကာ တောင် ရွှေပြည့်ရေး၊ ကခွက် ရွှေ ၂ စုအနီတစု၊ ဂိုကခွက် ရွှေ ၂ စုအနီတစု၊ ကာ တောင် ရွှေပြည့်ရေး အလံကျည်လှံကျည်ရင်းဖျား ရွှေဒီ၊ ဆင်ကြိုးသက္ကလတ်ဘဲကွပ်၊ စည်နီ ၉၊ စည်ပုတ် ၁၊ ပုံသာ ၁၊ ငွေနှဲကြီး ၁၊ ငွေနှဲငယ် ၂၊ ခရာ ၁၊ လင်းခွင်း ၁၊ လှော်ကားခိုနန်းငှက်ပျံချပ်အလယ် ၅ လပ်၊ ဆံထုံးပရိတ်ချည်၃ဆင့်ဦးပဲ့တဘက်ပဲ့ဘိတုရင်အနီအမအထွတ်ဝက်ဆံ ရွှေ၊ ညောင်ရွက် ရွှေထည့်၊ လုင်တိုင်အနီအဖြေပန်းဆုပ်၊ ပုံတိုင်လက်ခတ်အနီ၊အလံဘဲနီအထွတ် ရွှေအလံရိုးအလံကျည်အနီသုတ်၊ ခဲကြိုး ရွှေကန်တော့၊ အောင်းနီဦးတပွင့်ပဲ့ ၂ ပွင့်၊ တက်မအနီ လှော်တက်ဖြူ၊ ခင်တုရင်အမိုးအုံနီ မှုတ်ရိုး ထော်အနီသုတ် ၊ လက်ရမ်း အဖြေ၊ ပန်းဆုတ်အနီ၊ပွတ်လုံးအနီသုတ်၊ ၃ဆက်အိမ်၊ အိမ်ခြိမြင်းကြမ်းယက်၊ ကမ္ဗတ်သတ်သနားတော်မူသည်စာချွန် ရေးမြဲ ရေး၍သွင်း ။

သက္ကရာဇ် ၁၂၀၇ ခုတန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့နာခံတော်ပြော့ကြီးမှူး နေမျိုးနန္ဒမိတ် ရွှေတောင်ပြန်အမိန့်တော်။

(၉)

အတွင်းဝန်အဆောင်ပေးအမိန့်တော်

ကနီအတွင်းဝန်မင်းကြီးမဟာမင်းခေါင်သင်္ခယာ၊ဆောမြို့စားအတွင်းဝန်မင်းကြီးမဟာမင်းလှစည်သူတို့ကို ဗောင်းကတ္တီပါနီ ရွှေသားပန်း ၁၂၊ တမာရွက်ထောင် ၁၂၊ ဘွဲ့သင်းကျစ်တပ်၊ ရွှေနားတောင်းမီးတွင်း၊ ကတ္တီပါဝတ်လုံဘဲရုံ ရွှေဖျင်ဒိတဆင့်တပ်၊ ဘွဲ့ဖြူရွှေမြိတ်ဂံ၊ ရွှေစလွယ် ၁၂ သွယ်၊ မောက်တို ရွှေပိန်း ရွှေကုံးစိန်တောင် ၁၂၊ ရွှေထိပ် ရွှေထွတ်ငှက်မနားစိန်ပွင့် ၁၂၊ ပါးကာနားကာ ရှေ့ကာနောက်ကာ၊ မောက်ရူပါလည်ကျွေး ကတ္တီပါနီ ရွှေယက်ပြားသတ်၊ အတွင်း ရွှေကြက်သွန်မြိတ်သတ်၊ မျည်းတိုကတ္တီပါစိမ်း ရွှေယက်ပြားသတ်၊ အတွင်း ရွှေကြက်သွန်မြိတ်သတ်၊ မျည်းရှည်ကတ္တီပါနီ ရွှေယက်ပြားသတ်၊ အတွင်း ရွှေကြက်သွန်မြိတ်သတ်၊ ကွမ်း ခွက်လှက်အိုး တကောင်းပိတ်ဂ ထောင့်ပယင်းတပ်၊ ကွမ်းလိပ်၃မြွှာ ပယင်းတပ်၊ ငွေ ထွေးအင်၊ ကတ္တီပါအုံးဝန်း၊ ရွှေပေခမောံ၊ ထားခွေးမခွေးငယ်

နေဘုံပိတ်ပတ္တမြားစီ၊ အိမ်မည်းသရီမွှမ်း၊ သမ္ဗတ်ရတနံ့ပတ္တမြားစီ၊ ရင်းဖျားသက္ကဒန်ငုံခံပတ္တမြားစီ၊ ဆွဲကြိုးပုဒယက်ကန်တော့လက်ပန်းကွင်း၊ အနားပတ္တမြားတရစ်စီ၊ ထီးနီ ညောင်ရွက်၃ဆင့်၊ ညောင်ရွက်ရေ၃ဖ၊ အချက်အထွတ် ရွှေ၊ အရိုး ရွှေကြိုးဆစ်၊ ကိုင်းအချက်အထွတ် ရွှေ ၂၊ အအုံအရွက်အရိုးအနီသုတ်၊ ထမ်းစင်ခွက်ခါးပန်းစက်အနားဇော့ကွင်း အတွင်းကြယ်ကြာနုတဆင့်၊ ကမ္ဗတ်သံပွင့်တမြှုံး ၊ ဘိနပ်ကုလားပန်း၊ အိမ်အတွင်းညောင်ရွက်၊ အနားမန်ကျည်းရွက်၊ ဘဝါးပွဲထောင်ကြက်ရင်ကုလားပန်း၊ ထောင့်အုပ်ကျေးစည်တိုင်၊ အုံးထားဘက်ဝန်းမြင်းမိုရ်ကျေးစည်တိုင်၊ အဖြေမြင်းနား ရွှေ ၂ ခုအနီတစု၊ ခါးပန်းအနီ၊ မြင်းကကိုင်း ညောင်ရွက်ရ၊ သမ္ဘရာခွံရက် ဘော်ကတောင်ဆွဲ ၊ ဆက်ပါးကာ ရွှေဇာဝါပိန်း ၊ နင်းနှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း ၊ ငွေဇာဝါကာတောင် ရွှေရေးစာမရီရုပ်ပန်းခက်ကိုက်၊ အနားသံငုံ၊ ရွှေပိန်းဦးခက်ထိပ် ဆောင်းမြီးပျမ်းရင်ပတ်သက္ကလတ်ကြိုး ရွှေကြယ်တပ်၊ စီးနှီးသက္ကဒန်သက္ကလတ်တင်ရမ်း စက်ရွှန်း ၃ဆင့်၊ ဆင်ပေါင်းဝန်း၊ အချက်အထွတ် ရွှေ၊ အမိုး ရွှေ ၂ စုအနီတစု၊ ကာတောင် ရွှေပြည့်ရေး၊ ကခွက် ရွှေ ၂ စုအနီတစု၊ ကာတောင် ရွှေပြည့်ရေး ဂိုကခွက် ရွှေ ၂ စုအနီတစု၊ ကာတောင် ရွှေပြည့်ရေး၊ အလံကျည်လှံကျည်ရင်းဖျား ရွှေဒီ၊ ဆင်ကြိုးသက္ကလပ်ကွပ်၊ စည်နီ ၇၊ စည်ပုတ် ၁၊ ပုံသာ ၁၊ ငွေနှဲကြီး ၁၊ ငွေနှဲငယ် ၂၊ ခရာ ၁၊ လင်းခွင်း ၁၊ လှော်ကားခိုနန်းငှက်ပျံချပ်အလယ် ၅ လပ်၊ ဆံထုံးပရိတ်ချည်၃ဆင့်၊ ပဲ့ဘိတုရင်အနီအမအထွက်ဝတ်ဆံ ရွှေ၊ အလံရိုးအလံကျည်အနီသုတ်၊ ခဲကြိုး ငွေကန်တော့၊ အောင်းနီဦးတပွင့်ပဲ့ ၂ ပွင့်၊ တက်မအနီ လှော်တက်ဖြူ၊ ခင်တုရင်အမိုးအုံနီ၊ မှုတ်ရိုး ထောက်အနီသုတ်လက်ရမ်းအဖြေ ပန်းဆုပ်အနီပွတ်လုံးအနီသုတ်၊ အိမ်ခြိမြင်းကြမ်းယက်ကမ္ဗတ်သတ်သနားတော်မူသည်။ စာချွန် ရေးမြဲ ရေး၍သွင်း ။

သက္ကရာဇ် ၁၂၃၁ ခုသတင်းကျွတ်လဆန်း ၈ ရက်နေ့နားခံတော် နေမျိုးမင်းသူသင်္ခယာပြန်အမိန့်တော်။

ဂုဏ်ထူးခန့်စာမိန့်တော်

(၁) ဝန်ကြီးခန့်အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်းသခင်ဆင်ဖြူများရှင်လွှတ်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်။ မြင်းဝန်းမင်းကြီးမဟာမင်းခေါင်ကိုဝန်ကြီးခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း မင်းကြီးမဟာမင်းခေါင်သည်ခမည်းတော်ဘုရားလက်ထက်တော်ကပင် ကျေးဇူးသစ္စာတော်မြတ် ၂ ပါးကို စောင့်သိရိုသေစွာအမှုတော်ကိုထမ်းရွက်သည်၊နောင်တော်ဘုရားလက်ထက်တော်တွင်လည်းအမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုးကြိုးစားအားထုတ်စိတ်ပါကိုယ်ပါထမ်းရွက်သောကြောင့်အမည်နေရာအထိုက်အလိုက်သနားပြုစုတော်မူသည်၊ ငါလက်ထက်တွင်လည်းခန့်ထားတော်မူသမျှအမှုတော်ကိုမသွေမဘည်ကြိုးစားအားထုတ်ထမ်းရွက်သည်။ အတွင်းမှုပြင်မှုမှစ၍ခပ်သိမ်းသောစီရင်ခင်းစီရင်ဘွယ်အလုံးစုံကိုကျွမ်းသိနားလည်သည်၊ အထူးသဖြင့်ယုံမှတ်သဒ္ဒါတော်မူသည် ကျွန်တော်မျိုးဖြစ်သောကြောင့်အဂ္ဂမဟာသေနာပတိအချုပ်ကြီးအကိုင်ကြီးတို့အရာနှင့်ဝန်ကြီးခန့်တော်မူသည်။

ဝန်ကြီး ဆိုသည်အရာသည်ငါအသျှင်ဧကရာဇ်မင်းမြတ်တို့တွင်ရာဇဌာနီ နေပြည်တော်ကြီးမှစ၍အခြံအရံများသောတိုင်းနိုင်ငံအနီးအဝေးပြည်ရေးရွာမှုခပ်သိမ်းသောစီရင်ခင်းစီရင်ဘွယ်အလုံးစုံကို မြှော်ထောက်၍သာသနာတော်ထွန်းပပွင့်လင်းကြောင်းအကျိုးစီးပွားတော်များ၍သားတော်အစည်မြေးတော်အဆက်မြစ်တော်အဆွန့်တိုင်းကားနိုင်ငံတော်စည်ပင်သာယာကြောင်းများကိုအမြဲနှလုံးသွင်း၍ဓမ္မဝတ်ရာဇဝတ်လောကဝတ်အကြောင်း ၃ ပါးကိုကျွမ်းသိနားလည်သည်နှင့်အညီ၊ရှေးအဂ္ဂမဟာသေနာပတိတို့အင်ကိုထောက်၍ဝန်တို့နှင့်ညီညွတ်စွာခန့်ထားစီရင်။

(၂) အတွင်းဝန်ခန့်အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်းသခင်ဆင်ဖြူများရှင်လွှတ်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်။ ။

နေမျိုးသီရိကျော်သူကိုအတွင်းဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း နေမျိုးသီရိကျော်သူသည် ကျေးဇူးသစ္စာတော်မြတ်၂ပါးကို စောင့်သိရိုသေစွာအမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုးကြိုးစားအားထုတ်ထမ်းရွက်သည့်ငယ်ကြေးငယ်ကျွန်ဖြစ်သောကြောင့်၊ ကျေးရွာမြို့ပြအမည် နေရာအဆောင်အရွက်အထိုက်အလိုက်သနားပြုစုတော်မူ၍လက်ယာဝင်းမှူးခန့်တော်မူသည့်အတိုင်း၊ ဝင်းတော်တွင်အမှုတော်ကိုမသွေမဘည်ကြိုးစားအားထုတ်ထမ်းရွက်စီရင်သည်ကျွန်တော်မျိုးဖြစ်သောကြောင့်အတွင်းဝန်ခန့်တော်မူသည်။

အတွင်းဝန်ဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်းမြတ်တို့တွင်အတွင်းတော်စီရင်ခင်းစီရင်ဘွယ်မှစ၍တိုင်းရေးပြည်မှုအလုံးစုံကိုကုန်တွင် ပြေလည်အောင် လျှောက်ထားပြန်ဆိုစီရင်ရသည်ဖြစ်သည်၊ ဓမ္မဝတ်ရာဇဝတ်လောကဝတ်အကြောင်း၃ပါးကိုကျွမ်းသိနားလည်သည်နှင့်အညီ ရှေးအတွင်းဝန်တို့စီရင်ခန့်ထားသည့်ရှေ့နန်းရိုးထုံးစံကို ထောက်၍ခန့်ထားစီရင်။

(၃) မြင်းစုကြီးဝန်ခန့်အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင်လွှက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်။ ။ မင်းကြီးမဟာမင်းခေါင်ကိုမြင်းစုကြီးဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း မင်းကြီးမဟာမင်းခေါင်သည် ကျေးဇူးသစ္စာတော်မြတ်၂ပါးကို စောင့်သိရိုသေစွာအမှုတော်ကိုကြိုးစားအားထုတ်မသွေမဘည်ထမ်းရွက်သည်၊ ရှေ့သို့လည်းခန့်တော်မူသမျှအမှုတော်ကိုစိတ်ပါကိုယ်ပါထမ်းရွက်မည်သူယုံမှတ်သဒ္ဓါတော်မူသည်၊ ကျွန်တော်မျိုးဖြစ်သောကြောင့်မြင်းစုကြီးဝန်ခန့်တော်မူသည်။

မြင်းစုကြီးဝန်ဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်းမြတ်တို့တွင် သွေဘံစုမြင်းစုအမှုထမ်းတို့ကိုစီးပုံစီးတာလယ်မြေနှင့်အစုအကွက်ချထားထမ်းရွက်စေရသည်၊ မပြတ်မလပ်လည်းအဝေးအနီးအမှုတော်ကိုမြင်းရှိမြင်းမဲ့ထမ်းရွက်ကြရသည့်အမှုထမ်းကြီးဖြစ်သည်၊ သွေဘံစုမြင်းတော်သည်တို့တွင်မြင်းစီးမြင်းခေါင်း ပေးအပ်ခန့်ထားမြဲအတိုင်းညီညွတ်စွာထမ်းရွက်ကြစေ၊ စီးချင်မလပ်စေနှင့်၊ တစုကသည်တစုသို့၊ ရောထွေးပေါင်းရှက်၍မထမ်းမရွက်စေနှင့်၊ အပေါင်းညီသားများရာဖြည့်၊ ရာကျော်လျှင်လည်းအမိန့်တော်ထမ်းအတိုင်းထမ်းကျရှိသသူတို့ကိုမြင်းစီးခွင့်နှင့်ထား၊ မြင်းပွား၍ထမ်းရွက်စေ၊ စီးချင်စီးတာမတူအစုအငန်းသားတိုးပွါး၍မရောမနှောမစပ်မရှက်စေနှင့်၊ မြင်းစီးချင်လပ်၍ရှိလျှင်လည်းသားညီဆိုင်သင့်ရာစစ်ကြော၍စီးထမ်းစေ၊ သားညီမရှိလျှင်အပေါင်းကြီးထမ်းရည်ရွက်ရည်ရှိသသူတို့ကိုစီးထမ်းစေ၊ သွေဘံစုမြင်းတော်သည်တို့ကိုထမ်းကုန်နိုင်အောင်မစ၊ သွေဘံစုမြင်းတော်သည်တို့တွင် တရားစကားအရှက်အတင်ရှိလျှင်လည်းကြီးသည်စကားကိုငယ်အောင်၊ငယ်သည်စကားကိုပပျောက်အောင်ဂတိသို့မလိုက်ညီညွတ်စွာစီရင်။ ။

(၄) ရှေ့ဝင်းမှူးခန့်အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင်လွှက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်။ နော်ရထာကျော်ခေါင်ကိုရှေ့ဝင်းမှူးခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း နော်ရထာကျော်ခေါင်သည် ကျေးဇူးသစ္စာတော်မြတ်၂ပါးကို စောင့်သိရိုသေစွာခန့်တော်မူသမျှအမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုးကြိုးစားအားထုတ်စိတ်ပါကိုယ်ပါထမ်းရွက်သည်၊ ရှေ့သို့လည်းခန့်တော်မူသမျှအမှုတော်ကိုမသွေမဘည်ထမ်းရွက်မည်သူယုံမှတ်သဒ္ဓါတော်မူသည်ကျွန်တော်မျိုးဖြစ်သောကြောင့်ရှေ့ဝင်းမှူးခန့်တော်မူသည်။

ဝင်းမှူးဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်းမြတ်တို့တွင်သူရဲသူခက်ထားစွဲကိုယ်ရံတော်တို့လွှက်ကိရိယာအစုံညဉ့်နေ့ဆိုင်ရာအမှုထမ်းတို့နှင့်၊ ရာဇဝတ်ရေးမြဲမြန်ခိုင်လုံအောင်ဝင်းတော်မျက်နှာတွင် စောင့်နေထမ်းရွက်ရမည်။ ရှေ့ဘုံရှေ့နန်းတွင်လည်း ၄၀၊ ၅၀၊ စားတော်ကွဲး ရေအဆောင်မြဲအမတ်၊ ကျေးစားရွာစားလူမျိုး၊ မြေနန်းဝန်းကျင် သွေဘံကြီး၊ သင်းမှူး၊ ဒိုင်းမှူး၊ သူရဲတပ်မှူး၊ ကောင်ဟန်မှူး၊ အမြောက်မှူးမှစ၍ ခေါင်းအကြီးငယ်သားတို့ကိုဆိုင်ရာတန်းတွင်ညဉ့်နေ့အမြဲစောင့်နေမလပ်ကြစေနှင့်၊ မဆိုင်သည့်အစု

သားတို့ကိုငှားထောင်၍မထမ်းမရွက်စေနှင့်၊ ထားစွဲကိုယ်ရံတော်တို့ကိုလည်း သောက်ယစ်စားဝ၊ ခိုက်ပွားရန်ပွားမရှိစေနှင့်၊ တန်းတွင်မီးဘင်းလုံခြုံအောင်နိုးနိုးကြားကြားစောင့်ကြပ်အိပ်နေ၊ တညဉ့်၃ယံဝင်းမောင်းခတ်၍တာကျအတိုင်းနှိုးဆော်စေ၊ ထားစွဲကိုယ်ရံတော်ခေါင်းအကြီးအငှန်းငယ်သားတို့ကိုအမှုတော်ကိုထမ်းကုန်နိုင်၍လုပ်စားဆောင်စားဖြစ်အောင်မစ၊ ထားစွဲကိုယ်ရံတော်တို့တွင်တရားစကားအရှက်အတင်ရှိလျှင်လည်းကြီးသည့်စကားကိုငယ်အောင်၊ ငယ်သည့်စကားကိုပပျောက်အောင်ဂတိသို့မလိုက်ညီညွတ်စွာစီရင်။

(၅) မြို့ဝန်ခန့်အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေသခင်ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင်လွှက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်။ ။ ရဲထွက်ကျော်ထင်ကိုမြို့ဝန်ခန့်တော်မူသည်။ သို့ခန့်တော်မူကြောင်းလည်း ရဲထွက်ကျော်ထင်သည် ကျေးဇူးသစ္စာတော်မြတ်၂ပါးကို စောင့်သိရိုသေစွာခန့်တော်မူသမျှအမှုတော်ကိုကြိုးစားအားထုတ်မသွေမဘည်ထမ်းရွက်သည်၊ ရှေ့သို့လည်းခန့်တော်မူသမျှအမှုတော်ကိုစိတ်ပါကိုယ်ပါထမ်းရွက်မည့်သူယုံမှတ်သဒ္ဓါတော်မူသည့်ကျွန်တော်မျိုးဖြစ်သောကြောင့်မြို့ဝန်ခန့်တော်မူသည်။

မြို့ဝန်ဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်းမြတ်တို့တွင်၊ ရာဇဝတ်နှင့်လျော်စွာစီရင်ရသူဖြစ်၍ဓမ္မဝတ်ရာဇဝတ်လောကဝတ်အကြောင်း၃ပါးကိုကျွမ်းသိနားလည်သသူပစ္စုပ္ပန်သံသရာအကျိုး ၂ပါးကို ထောက်ထားနိုင်သသူကို ရွေးခြယ်ခန့်ထားမြဲဖြစ်သည်၊ ရွှေပြည်တော်ပတ်လည်မြို့တွင်းမြို့ပြင်မှစ၍မြို့ဝန်တို့စီရင်စုတာကျနယ်၄ရပ်အတွင်းမြဲမြန်ခိုင်လုံသေချာအောင်မပြတ်စစ်ကြောကြည့်ကြောင်း ရေကြောင်း ဘောက်ကားရောင်းဝယ်လာရောက်သည့်ကုန်သည်တကားမှစ၍ဆိုင်ကန္ဒားရောင်းဝယ်သူတို့မှာအလေးတောင်းတင်းစည်းချိန်များကိုတံဆိပ်ခပ်မှတ်ပေးအပ်သည့်အတိုင်းသာသုံးစွဲရောင်းဝယ်ကြစေ၊ သာလွန်တိုးပွား၍မသုံးမစွဲစေနှင့်၊ ဘောက်ကားရောင်းဝယ်သည့်ကုန်သည်တို့မှာလည်းအင်နှင့်မတန်သာလွန်တိုးပွား၍မကောက်မယူစေနှင့်၊ ရွှေမြို့တော်၁၂ရပ်တံခါးမှစ၍အစောင့်အနေအဝင်အထွက်များမှာလည်းမြဲမြန်လုံခြုံအောင်လူစိမ်းလူသွမ်းမဝင်မထွက်စေရ၊ တံခါးမှူးတံခါးသားတို့ကိုမှတ်စာအပ်၍ကြပ်ကြပ်စစ်ကြော၊ မြို့တွင်းမြို့ပြင်ရပ်စုကွက်စုသားတို့မှာလည်းခိုးသေးမီးပွားမပေါ်မရှိစေရ၊ တရပ်တကျေးကရောက်ပေါက်ဘူးမြဲမဟုတ်သည်ကိုမလာမရောက်မတဲမဒိုစေရ၊ ကြပ်ကြပ်စစ်ကြော၊ ဆင်းရဲသားကျွန်တော်မျိုးတို့မှာလည်း၊ တယောက်ကိုတယောက်လျှပ်စားပေါက်စားပြု၍မနှိပ်မစက်စေနှင့်၊ မုတ္တိဒ္ဓလူဆိုးလူသွမ်းတွေ့မိဖမ်းအပ်လာလျှင်၊ စင်ကြယ်အောင်စစ်ကြော၍ရာဇဝတ်အလျောက်သတ်တန်ဖြတ်တန်သသူဖြစ်လျှင်မည်သသူကိုမည်သသူဓားပြကျင့်၍စစ်ကြောရာမည်သို့ထွက်ဆိုသည်၊ မည်သို့ကွပ်ညှပ်စီရင်မည်၊ ဝန်တို့မှာအစီရင်ခံမြဲခံ၍ ရှေးထုံးစံနှင့်အညီကွပ်ညှပ်စီရင်။

(၆) ဝန်ထောက်ခန့်အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင်လွှက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်။ ။ နေမျိုးကျော်ထင်ကိုဝန်ထောက်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း နေမျိုးကျော်ထင်သည် ကျေးဇူးသစ္စာတော်မြတ်၂ပါးကို စောင့်သိရိုသေစွာအမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုးကြိုးစားအားထုတ်ထမ်းရွက်မည်သူယုံမှတ်သဒ္ဓါတော်မူသည်ကျွန်တော်မျိုးဖြစ်သောကြောင့်ဝန်တို့ကိုထောက်ပံ့နှိုးဆော်စိမ့်မည်ဝန်ထောက်ခန့်တော်မူသည်။

ဝန်ထောက်ဆိုသည်အရာသည်ငါအသျှင်ဧကရာဇ်မင်းမြတ်တို့တွင်ဝန်တို့သည်တိုင်းရေးပြည်မှုမှစ၍ခပ်သိမ်းသောစီရင်ခင်းစီရင်ဘွယ်အလုံးစုံကိုမလစ်မဟင်းရအောင်ရှေ့နောက်ထောက်မြော်၍ခန့်ထားစီရင်ရန်အလွန်ကျယ်ဝန်းလှလေသည်သို့ကျယ်ဝန်းလျှင်လည်းရုံဘန်ရုံခါမေ့ကျန်သည့်အရာမေ့ကျန်တန်လေရာသည်။ တိုးပွား၍စီရင်ခန့်ထားသည်များတွင် မေ့ကျန်သည့်အရာရှိလျှင်သတိရှိသည့်အတိုင်းသည်အရာမှာမည်သို့အစီရင်ခံရာမည်သို့စီရင်၍ရှိသည်၊ သည်အချက်များမှာမည်သို့ရှိခိုးသံတော်ဦးတင်ရာအမိန့်တော်ဗျာဒိပ်ထွက်ရှိသည်၊ မည်သို့စီရင်ပြန်ဆိုမှာထား၍ရှိသည်၊ ဝန်တို့မှာအစီရင်ခံ။

စာကြည့်တိုက်

လွှတ်တော်ရုံးတော်အသည်ကျွန်တော်မျိုးတို့ခိုကိုးရာဖြစ်သည့်အတိုင်းတယောက်ကိုတယောက်သွင်းပန်းနှိပ်စက်သည်အမှုမှစ၍ခပ်သိမ်းသောမှုခင်းကြောင်းရာရှိသည်များကြောင့်လွှတ်တော်မှာအစီရင်ခံသည့်အမှု၊ နိုင်ငံတော်အတွင်းအရပ်ရပ်မြို့ရွာအနီးအဝေးများကအစီရင်ခံရောက်သည့်အရာများမှာလည်း၊မထွေးမရှက်ရစင်ကြယ်အောင် မေးမြန်းစစ်ကြော၍ဝန်တို့ကိုအစီရင်ခံသင့်သည်အရာ၊ ရွှေနားတော်ကြားဆက်သွင်းသင့်သည့်အရာများကို၊ထောက်ရှုမေးမြန်းစစ်ကြောထွက်ဆိုချက်နှင့်စကားအရကိုထောက်၍ရှုံ့ဆော်ရမည်၊ မင်းညီမင်းသားမှူးတော်မတ်တော်မှစ၍အမှုထမ်းကျွန်တော်မျိုးအပေါင်းတို့မှာအမှုတော်ကို၊နေ့ညဉ့်ကျိုးစားအားထုတ်မပြတ်မလပ်ထမ်းရွက်၍သနားတော်မခံရကြွင်းကျံသည်အရာရှိလျှင်လည်း ၊ မည်သူသည်မည်သို့အမှုတော်ကိုထမ်းရည်ရွက်ရည်ရှိသည်အချက်များနှင့်ဝန်တို့ကိုပြသ၍အစီရင်ခံ၊ အလုံးစုံစီရင်ခင်းစီရင်ဘွယ်ရှိသမျှကိုဓမ္မဝတ်လောကဝတ်ရာဇဝတ်အကြောင်း၃ပါးကိုကျွမ်းသိနားလည်သည်နှင့်အညီထောက်မရှုံ့ဆော်စီရင်။

(၇) ခင်မမင်းဝန်ခန့်အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောရေမြေအရှင်ဆဒ္ဒန်ဆင်မင်းသခင်ဆင်ဖြူများရှင်လှက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်။ ။ စည်သူနန္ဒကျော်ထင်ကိုခင်းမမင်းဝန်ခန့်တော်မူသည်။ သို့ခန့်တော်မူကြောင်းလည်းစည်သူနန္ဒကျော်ထင်သည်၊ ကျေးဇူးသစ္စာတော်မြတ်၂ပါးကိုစောင့်သိရိုသေစွာအမှုတော်ကိုဖြောင့်ဖြောင့်ရိုးရိုးထမ်းရွက်သည်။ ရှေ့သို့လည်းခန့်ထားတော်မူသမျှအမှုတော်ကိုမသွေမဘည်ထမ်းရွက်မည်သူယုံမှတ်သဖြင့်တော်မူသည်ကျွန်တော်မျိုးဖြစ်သောကြောင့်ခင်မမင်းဝန်ခန့်တော်မူသည်။

ခင်မမင်းဝန်ဆိုသည်အရာသည်ငါအသျှင်ဧကရာဇ်မင်းမြတ်တို့တွင်ခင်မမင်းမှစ၍သားတော်သ္မီးတော်ကံကျွေးခံသနားတော်မူသည့်မြို့ရွာလည်းရှိသည်၊ သွေ့ဘ်စု၊ မြင်းစု၊ သွေ့က်စု၊ ဒိုင်းစု၊ လမိုင်းစု၊ လယ်လုပ်၊ ဘဏ္ဍာစိုးအစု၊ အမှုထမ်းတို့လည်းရှိသည်၊ ခင်မမင်းသားတော်သ္မီးတော်တို့ကအသုံးတော်အလိုရှိ၍၊ခင်မမင်းဝန်တို့မှာဆင့်ကဲတောင်းဆိုလျှင်လည်းဆိုင်ရာပြန်ဆုံဆင့်ကဲဆက်သွင်းရသည်၊ ခင်မမင်းတွင်ဆိုင်ရာအမှုတော်ကိုလည်း၊ကုန်တွင်ပြေလည်အောင်စီရင်ခန့်ထားစိမ့်မည်ခန့်တော်မူသည်၊ ခင်မမင်းသားတော်သ္မီးတော်တို့ကိုသနားတော်မူသည်ကံကျွေးမြို့ရွာများမှာအခွန်ရေခန်ချိန်ကာလရောက်လျှင်လည်း၊ သွေ့ဘ်စု၊ မြင်းစု၊ ကျွန်တော်မျိုးဆိုင်ရာအမှုထမ်းတို့ကိုအလှည့်အလည်မှန်ကန်အောင်၊ အခွန်ရေးရန်စာရင်းနှင့်ဆက်သွင်း၍ခန့်ထားရမည်၊ ကံကျွေးတော်ခံမြို့ရွာများမှာမြို့ကိုင်ရွာကိုင်ကွဲးဘိုးထိန်းခန့်သူတို့ကိုလည်း၃နှစ်စေ့လျှင်၊သွေ့ဘ်စုမြင်းစုကျွန်တော်မျိုးတို့တွင်အမှုတော်ကိုမပြတ်မလပ်ထမ်းရွက်သသူတို့ကို၊ရွေးခြယ်၍မြို့ကိုင်ရွာကိုင်ကွဲးဘိုးထိန်းဆိုင်ရာစာရင်းရန်ထားဆက်သွင်းပြီးလျှင်၊အမိန့်တော်ကိုဦးထိပ်ထက်ရွက်၍ခန့်ထားရမည်ကံကျွေးတော်ခံမြို့ရွာများကအဘိုးတော်အခွန်တော်အရာတော်ရေးစစ်ဆက်သွင်းလျှင်လည်း၊မည်သည့်မြို့ရွာမည်မျှကွဲးဘိုးတော်မည်မျှဆိပ်တည်ပွဲအကောက်အစားစီးပွားဘဏ္ဍာတော်မည်မျှ၊စာရင်းကိုယ်စာရင်းချုပ်နှင့်အကြီးစာရေးတို့ကို၊နေ့လသက္ကရာဇ်မှတ်သား၍သေချာအောင်ဆက်သွင်းမြဲဆက်သွင်းစေ၊ ဘိုးတော်ခွန်တော်ကွဲးဘိုးတော်စီးပွားဘဏ္ဍာတော်သွင်းစာရင်းကိုလည်းသေချာအောင်မှတ်သား၍ရှိစေ၊ သို့အကြောင်းများကိုနှလုံးသွင်း၊ ခင်မမင်းမှစ၍သားတော်သ္မီးတော်တို့ကို၊သနားတော်မူသည့်ကျွန်တော်မျိုးအမှုထမ်းတို့ကိုလည်း၊အမှုတော်ကိုထမ်းကုန်နိုင်အောင်မစ၊ ကျွန်တော်မျိုးတို့တွင်တရားစကားအရှက်အတင်ရှိလျှင်ကြီးသည့်စကားကိုငယ်အောင်၊ငယ်သည်စကားကိုပပျောက်အောင်ဂတိသို့မလိုက်ညီညွတ်စွာစီရင်။

(၈) ရွှေတိုက်ဝန်ခန့်အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောရေမြေအရှင်ဆဒ္ဒန်ဆင်မင်းသခင်ဆင်ဖြူများရှင်လှက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်။ ။ ဘယရန္ဒသူကိုရွှေတိုက်ဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်းဘယရန္ဒသူသည်ကျေးဇူးသစ္စာတော်မြတ်၂ပါးကိုစောင့်သိရိုသေစွာအမှုတော်ကိုဖြောင့်ဖြောင့်ရိုးရိုးကြိုးစားအား

ထုတ်ထမ်းရွက်သည်၊ ရှေ့သို့လည်းခန့်တော်မူသမျှအမှုတော်ကိုကုန်တွင်အောင်ထမ်းရွက်မည့်သူယုံမှတ်သဖြင့်တော်မူသည်ကျွန်တော်မျိုးဖြစ်သောကြောင့်ရွှေတိုက်ဝန်ခန့်တော်မူသည်။

ရွှေတိုက်ဝန်ဆိုသည်အရာသည်ငါအရှင်ဧကရာဇ်မင်းမြတ်တို့တွင်ရာဇဌာနီရွှေပြည်တော်ကြီးအခြံအရံများသော၊တိုင်းနိုင်ငံတော်သဘော်ဆိပ်များကဘိုးတော်ခွန်တော်နဂ္ဂရတနာရွှေငွေအုပ်မျိုးထည်မျိုးမှစ၍၊များသောစီးပွားတော်ဘဏ္ဍာတော်တို့ကိုရွှေဘဝါးတော်မြတ်အောက်ဆိုင်ရာတိုက်တော်ကျတော်များမှဆက်သွင်းရသည်၊ နေ့စဉ်လစဉ်မပြတ်သုံးဆောင်တော်မူရသည့်အရာများလည်းရှိသည်၊ သို့သွင်းသည်၊ သို့အဘိုးထိုက်သည်၊ အကောင်းအလပ်အညံ့ဖြစ်သည်၊ မထွေးမရှက်ခြားနားသိသာသေချာအောင်မပြတ်ကြည့်ရှုရမည်၊ ရွှေတိုက်တော်မှစ၍အရပ်ရပ်တိုက်တော်ကျတော်များမှ၊အရပ်ရပ်သွင်းသည့်ဘဏ္ဍာတော်အချိန်အရေအတွက်မည်မျှရှိသည်များကိုလည်း၊စာရင်းပေရင်းသေချာအောင်တိုက်စိုးတိုက်စာရေးတို့ကိုမပြတ်ဆင့်ဆို၍မှတ်သားစေ၊ သော့ပန္နောက်ကိုလည်းသေချာအောင်ထားစေ၊ တိုက်တော်ကျတော်တွင်မည်သို့သွင်းသည်ကိုလည်း၊နေ့ရက်စွဲမှတ်၍တိုက်စိုးတိုက်စာရေးတို့ကစာရင်းပေးစေ။ ကျောက်ရွှေငွေအလုပ်တော်အဆောင်တော်ရှိလျှင်လည်း၊ ရွှေတိုက်ဝန်တို့ကစာရင်းနှင့်ဆက်မြဲဆက်။ တိုက်စိုးတိုက်စာရေးအဌန်းငယ်သားတို့လည်း၊ ဆိုင်ရာတိုက်တော်များတွင်ညဉ့်နေ့စောင့်နေစေ၊ ဘိုးတော်ခွန်တော်သွင်းလျှင်လည်း၊ ရှေးထုံးစံရှိသည့်အတိုင်း ရွှေတိုက်ဝန်၊ ရွှေတိုက်စိုး၊ ရွှေတိုက်ကြပ်၊ ရွှေတိုက်စာရေး၊ သူဌေးတို့မှာ၊ ဆိုင်ရာပေးယူစေ။ သာလွန်၍မယူစေနှင့်၊ တိုက်တော်ကျတော်များမှာခပ်ထားသည့်သော့ပန္နောက်များကိုချတင်မြဲအချိန်တွင်ချတင်စေ။ အချိန်ကြူးလျှင်အတွင်းဝန်တို့မှာအစီရင်ခံ၍သွင်းပိတ်သုံးဆောင်စေ။ အလုံးစုံကိုသတိဝိရိယပြု၍မယိုမယွင်းမလစ်မဟင်းရဖြောင့်မှန်ကန်စွာနှိုးဆော်စီရင်။

(၉) တရားသူကြီးခန့်အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောရေမြေအရှင်ဆဒ္ဒန်ဆင်မင်းသခင်ဆင်ဖြူများရှင်လှက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်။ ။ တုရင်သုန္ဒရကိုတရားသူကြီးခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်းတုရင်သုန္ဒရသည်ကျေးဇူးသစ္စာတော်မြတ်၂ပါးကိုစောင့်သိရိုသေစွာလွှတ်တော်တွင်အမိန့်တော်ရှေ့နေခန့်တော်မူသည့်အတိုင်းအမှုတော်ကိုထမ်းရွက်၍ကာလအရှည်ရှိသည်၊ ရှေ့သို့လည်းခန့်ထားတော်မူသမျှအမှုတော်ကိုကုန်တွင်အောင်ထမ်းရွက်မည့်သူယုံမှတ်သဖြင့်တော်မူသည်ကျွန်တော်မျိုးဖြစ်သောကြောင့်တရားသူကြီးခန့်တော်မူသည်။

တရားသူကြီးဆိုသည်အရာသည်၊ငါအရှင်ဧကရာဇ်မင်းမြတ်တို့တွင်၊ ရာဇဌာနီမင်းနေပြည်ကြီးဖြစ်၍၊ တယောက်ကိုတယောက်မနှိပ်မစက်ရဆုံးမကွပ်ညှပ်စီရင်ရသည်။ စကားအရှက်အတင်ရှိလျှင်လည်း ၊ တရားဓမ္မသတ်နှင့်စစ်ကြောစီရင်စိမ့်မည်၊ တရားရုံးတော်တွင်တရားသူကြီး၂ယောက်ခန့်ထား၍စီရင်စေသည်၊ ကျွန်တော်မျိုးဆင်းရဲသားတို့တရားစကားအရှက်အတင်ရှိ၍၊ တရားသူကြီးတို့မှာအစီရင်ခံလာလျှင်၊မနုဓမ္မသတ်ကိုကိုင်၍စီရင်၊ မတွေ့လျှင်မနောသာရရွှေမြင်း(မျဉ်း)၉စောင်ကိုကိုင်၍စီရင်၊ မတွေ့လျှင်ဘေားလောင်းတော်မင်းတရားကြီးလက်ထက်တိုင်၊ မနုရာဇာတို့စီရင်ထုံးကိုလိုက်၍စီရင်နည်းရှိသည့်အတိုင်းစီရင်၊ တရားစကားမဖြစ်လောက်မဖြစ်တန်သည်ကိုအမှုသည်တို့မောဟဂတိသို့လိုက်၍အစီရင်ခံလာသည်လည်း မစစ်မကြောမစီရင်နှင့်၊ အကျိုးအကြောင်းကိုပြ၍ပြောဆိုဆုံးမရမည်၊ သို့အကြောင်းများကိုအမြဲနှလုံးသွင်း၍၊ တစိုး၃ပါး၊ ဂတိ၄ပါးသို့မလိုက်၊ ဓမ္မသတ်စာဟောင်းစီရင်ထုံးစီရင်နည်းများကိုကျွမ်းသိနားလည်သည်နှင့်အညီဖြောင့်မတ်မှန်ကန်အောင်စီရင်။

(၁၀) ဆင်ဝန်ခန့်အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောရေမြေအရှင်ဆဒ္ဒန်ဆင်မင်းသခင်ဆင်ဖြူများရှင်လှက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်။ နေမျိုးစည်သူကိုဆင်ဝန်ခန့်တော်မူသည်။ သို့ခန့်တော်မူကြောင်းလည်း နေမျိုးစည်သူသည်ကျေးဇူးသစ္စာတော်မြတ်၂ပါးကိုစောင့်သိရိုသေစွာအမှုတော်ကိုကြိုးစားအားထုတ်စိတ်ပါကိုယ်ပါထမ်းရွက်သည်၊ ဆင်၏လက္ခဏာကိုလည်းကျွမ်းသိနားလည်သူဖြစ်သည်၊ ရှေ့သို့လည်းခန့်

တော်မူသမျှ၊ အမှုတော်ကိုကုန်ကွင်းအောင်ထမ်းရွက်မည်သူယုံမှတ်သဖြင့် တော်မူသည်၊ ကျွန်တော်မျိုး ဖြစ်သောကြောင့်ဆင်ဝန်ခန့်တော်မူသည်။

ဆင်ဝန်ဆိုသည်အရာသည်ငါအရှင်ကေရာဇ်မင်းမြတ်တို့တွင်ဆင်သည်လွှက်တော်ကြီးဖြစ်သည်၊ စီးတော် ရွေးဝင်းထမ်းဆင်တော်မှစ၍အရပ်ရပ်ဆင်တော်များကိုမြက်စားဇာရ သောက်အအိပ်အနေ ဖြောင့်မှန်အောင်ဦးစီး နေ့ကပ်ပဲ့တို့ကိုမပြတ်ကြည့်ရှုနှိုးဆော်၊ မြက်စားတိုင်းကျမြို့ရွာသူကြီးတို့ကဆင်တော်များမှာ ပေးအပ်တော်မူသည်အတိုင်းမှန်ကန်အောင်ချိန် ပေးစေ။ ဦးစီး နေ့ကပ်ပဲ့တို့နှင့်တွေး ရော၍မပေးမကျွေးစေနှင့်၊ မြက်စားတိုင်ပြင်လည်းဦးစီး နေ့ကပ်ပဲ့တို့ရွာသာလွန်၍မတောင်းစေနှင့်၊ ဆင်စချီမြက်စစ်တို့ကကြိုဆို၍ကြည့်မှုမှတ်သားစေ၊ စီးတော် ရွေးဝင်းထမ်းဆင်တော်များသည်အအိပ်အနေ မြက်စား ရေသောက်မမှန်၍၊တောသို့ချထားသင့်သည်ကိုလည်းချထားစေ။ ဦးစီး နေ့ကပ်ပဲ့တို့ကသင်းတို့ရပ်ရွာမှာ နေချင်၍၊မချထားသင့်သည့်အရာကိုချထားပါမည်အစီရင်ခံသော်လည်းမချမထားစေနှင့်၊ အတွင်းတင်းကုတ်တော်များမှာချည်ထားသည့်စီးတော် ရွေးဝင်းထမ်းဆင်တော်များကိုဦးစီး နေ့ကပ်ပဲ့တို့လုလ္လပြု၍ပတ်သတ်ကျွေးမွေးသည်မကျွေးမွေးသည်၊ ဆင်မှုးဆင်စချီ၊ ဦးစီး နေ့ကပ်ပဲ့ဆင် ဆေးသမားတို့ နေ့ညဉ့်မပြတ်ကြည့်ရှု စောင့်နေသည် မစောင့်နေသည်များကိုလည်းကြပ်ကြပ်မပြတ်ကြည့်ရှုနှိုးဆော်။ မိန်းသစ်ဆင်တော်ရှိလည်းသင့်သသူတို့ကိုဦးပဲ့ခန့်၍ကြည့်နှိမ်စေ။ အိပ်ဘန်အဝင်အထွက် ရလွယ်အောင်သွင်(န်)သင်စေ။ သို့အကြောင်းများကိုအမြဲနှလုံးသွင်း၍ကြည့်ရှုနှိုးဆော်ရမည်၊ ဆင်တော်ဦးစီးမှစ၍ဆင်နှင့်ဆိုင်သမျှအမှုထမ်းတို့ကိုအမှုတော်ထမ်းကုန်နိုင်၍လုပ်စား ဆောင်စားဖြစ်အောင်မစေ။ ဆင်အမှုထမ်းတို့တွင်တရားစကားအရှက်အတင်ရှိလျှင်လည်းကြီးသည်စကားကိုငယ်အောင် ငယ်သည့်စကားကိုပပျောက်အောင်၊ ဂတိသို့မလိုက်ညီညွတ်စွာစီရင်။

(၁၁) ကျီဝန်ခန့်အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒါန်ဆင်မင်းသခင် ဆင်ဖြူများရှင်လွှက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်။ ။ မဟာတရဖျားကိုကျီဝန်ခန့်တော်မူသည်။ သို့ခန့်တော်မူကြောင်းလည်းမဟာတရဖျားသည် ကျေးဇူးသစ္စာတော်မြတ် ၂ ပါးကို၊စောင့်သိရိုသေစွာအမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုးကျိုးစားအားထုတ်ထမ်းရွက်မည်သူယုံမှတ်သဖြင့်တော်မူသည်၊ ကျွန်တော်မျိုးဖြစ်သောကြောင့် ကျီဝန်ခန့်တော်မူသည်။

ကျီဝန်ဆိုသည့်အရာသည်ငါအရှင်ကေရာဇ်မင်းမြတ်တို့တွင်အိမ်ထောင်မှုကဲ့သို့ဖြစ်လေသည်၊ ပြည်ကြီးမစိုးရိမ်တောင့်တ၊ ခန့်တိုင်းရကျီတော်မှစ၍အရပ်ရပ်ကျီတော်များမှာနိုင်ငံတော်အရပ်ရပ်မြို့ရွာ ရေကြောင်းကြည်းကြောင်းဘိုးတော်ခွန်တော်ဆက်သွင်းရသည်စပါးတော်။ ရွှေနန်းရိုးလယ်လုပ်လမိုင်းတော်မှစ၍အရပ်ရပ်လမိုင်းတော်ရေခွန်တော်စပါးတော်ဆက်သွင်းကြရသည်။ တံဆိပ်တော်ရဆရာတော်ပိဋကတ်တော်သင်္ဃာတော်ပျုရန်လဝတ်ဆန်မှစ၍၊ အရပ်ရပ်ရိက္ခာတော် ပေး၊ သုံးတော်မူသည်အရာများလည်းရှိသည်၊ အရပ်ရပ်ကျီတော်ရှိစပါး၊ သုံးတော်မူသည့်စပါးများကိုစာရင်း ပေးရင်းသေချာအောင်၊ ကျီစိုး ကျီစာရေးတို့ကမှတ်သားစေ။

ကျီတော်မှာမိုးလွတ်အောင်အပေါက်အယိုမရှိစေရ၊ မပြတ်ကြည့်မှုပြုပြင်လုပ်စေ၊ သော့ပနှော့က်ကိုလည်းမြဲမြံသေချာအောင်ခပ်ထားစေ။ အရပ်ရပ်ဆက်သွင်းသည်စပါးများမှာလည်းစာရင်းရှိသည်အတိုင်းအဖျင်းမပါသည်စပါးကိုမှန်ကန်အောင်ချင့်တွက်၍သွင်းစေ။ ကျီစိုး ကျီစာရေး သော့ကိုင်တင်းချီတသုတ်တိုက်ကျီသားတို့စားရိုးမှာလည်းအစည်စားရိုးရှိသည်ကိုသာ ပေးစေ၊ ကျီတော်စပါးတော်များကိုမယိုမယွင်းစေရကြပ်ကြပ်လုံးလဝီရိယပြုရမည်။ ကျီးစိုးကျီစာရေးကျီတော်အမှုထမ်းသားတို့ကိုလည်း၊ ကျီဝန်ကကျိုးကြောင်းပြသ၍သိသာနားလည်အောင်ဆင့်ဆိုရမည်။ ရွှေခွန်တော် ငွေခွန်တော်ထားခွန်သံခွန်သ စွေးခွန်အစုသားတို့မှာလည်းနှစ်စည်ဆက်သွင်းမြဲအတိုင်းအမှုးအကြီး ကြေးခေါင်းတို့ကိုဆင့်ဆိုနှိုးဆော်ဆက်သွင်းစေ၊ ကျီတော်အမှုထမ်းသားတို့ကိုအမှုတော်ကိုထမ်းကုန်နိုင်၍လုပ်စား ဆောင်စားဖြစ်အောင်မစေ၊ ဝန်စုကျီသားတို့တွင်တရားစကားအရှက်အတင်ရှိလျှင်လည်းကြီးသည့်စကားကိုငယ်အောင်ငယ်သည့်စကားကိုပပျောက်အောင်ဂတိသို့မလိုက်ညီညွတ်စွာခန့်[illegible]စီရင်။

(၁၂) အနောက်ဝန်ခန့်အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒါန်ဆင်မင်းသခင် ဆင်ဖြူများရှင်လွှက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်။ ။ ဇေယနန္ဒမိတ်ကိုအနောက်ဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း ဇေယနန္ဒမိတ်သည် ကျေးဇူးသစ္စာတော်မြတ် ၂ ပါးကို စောင့်သိရိုသေစွာအမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုးကျိုးစားအားထုတ်ထမ်းရွက်သည်၊ ရှေ့သို့လည်းခန့်တော်မူသမျှအမှုတော်ကိုမသွေမဘည်ထမ်းရွက်မည်သူယုံမှတ်သဖြင့်တော်မူသည်ကျွန်တော်မျိုးဖြစ်သောကြောင့်အနောက်ဝန်ခန့်တော်မူသည်။

အနောက်ဝန်ဆိုသည်အရာသည်ငါအရှင်ကေရာဇ်မင်းမြတ်တို့တွင်အနောက်အတွင်းတော်ကအသုံးတော်အလိုတော်ရှိ၍ဆင့်ကဲတောင်းဆိုသမျှကိုဆိုင်ရာပြန်ဆိုဆင့်ကဲဆက်သွင်းရသည်။ အနောက်ရုံးတော်တွင်လည်း သွေ်စုမြင်းစုရုံးစေမှစ၍သူငယ်တော်၊ သူပေါက်တော် ကြေး ဘဏ္ဍာနွားဘဏ္ဍာအရပ်ရပ်အစုအငန်းနှင့်ဆိုင်ရာအမှုတော်ကို နေ့စဉ်လစဉ်မပြတ်ထမ်းရွက်ရသည်အနောက်အတွင်းတော် တောင်ဝင်း မြောက်ဝင်း ၊ အောက်အိမ်များနှင့်မသင့်မတင့်သုတ်သင်ရန်ရှိလျှင်လည်း။အနောက်ဝန်တို့မပြတ်ဝင်ထွက်ကြည့်ရှု ဆော်ဘန်စီရင်ရသည်၊သူငယ်တော်သူပေါက်တော်အရပ်ရပ်အမှုထမ်းတို့ကိုနှိုးဆော်ခန့်ထားစောင့်ထမ်းရွက်စေရမည်။ သို့အကြောင်းများကိုအမြဲနှလုံးသွင်း၍အမှုတော်ကိုပြီးပြေကုန်တွင်အောင်နှိုးဆော်စီရင်၊ စီရင်နက်အစုအမှုထမ်းတို့ကိုလည်းအမှုတော်ကိုထမ်းကုန်နိုင်၍လုပ်စား ဆောင်စားဖြစ်အောင်မစေ၊ ဝန်စုအမှုထမ်းတို့တွင်တရားစကားအရှက်အတင်ရှိလျှင်ကြီးသည့်စကားကိုငယ်အောင်ငယ်သည့်စကားကိုပပျောက်အောင်ဂတိသို့မလိုက်ညီညွတ်စွာစီရင်။

အိမ်ရှေ့နှင်း အမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောမင်းတရားကြီးဘုရားအမိန့်တော်ရှိသည်၊ ငါသည်ဘုရားပစ္စေကဗုဒ္ဓါရဟန္တာအရှင်မြတ်တို့အားလက်ဦးစွာကိုယ်တိုင်ကိုယ်ကြဘူးတွေ့ရသည်ဖြစ်၍ဇမ္ဗူဒိပ်ထက်နှိုက်မြတ်လှစွာသောစကြာမင်းတို့ကဲ့သို့သားကြီးရတနာနှင့်ပြည့်စုံလျက်ကေရာဇ်မင်းမြတ်အဖြစ်ကိုရသည်နှင့်အညီထိပ်ထက်သွန်းအပ်သော ရာဇာဘိသေက မုဒ္ဓါဘိသေကကို ၃ ကြိမ် မြောက်ခံတော်မူ၍၊မင်း မန္ဓာတ်တို့ကျင့်ရာကျင့်ကြောင်းဖြစ်သောမင်းကျင့်တရားအပေါင်းတို့ကိုကျင့်ဆောင်တော်မူ၍အယုဇ္ဈာပူရမည်သောမဟာသုဒဿနအလယ်၊ ဝေဇယန္တာနတ်နန်း ပြာသဒ်ထက်နှိုက်၊စကြာမင်းကဲ့သို့အမရပူရ ရွှေမြို့တော်ကြီး ရွှေထီး ရွှေနန်းစိုက် ဆောက်စိုး အုပ်စမ္ပာယ်တော်မူ၍သကျသာကီဝင်မင်းတို့ကဲ့သို့အမျိုးမပြားစိမ့်သောငှာသားကြီးရတနာမြတ်ကို၊ အတုမရှိသောဘိသိက်သွန်း ခံ တောင်နန်းစံသောမိဘုရားခေါင်ကြီး၏သမီးတော်မြတ်နှင့်စုံဘက်တော်မူ၍သာသနာတော်အစီးအပွားပြည်သူလူတကာသတ္တဝါအပေါင်းတို့အစီးအပွားကို ဆောင်ရွက်ရမည်။ တိုင်းကားနိုင်ငံတော်အပေါင်းကိုတရားသဖြင့်ငါနှင့်အတူပြီးမြှင့်ရွက်ဆောင်စေသည်။

မောင်အိမ်ရှေ့မင်းအိမ်ရှေ့ဆောင်နှင်းတော်မူ၍သာသနာတော်အစီးအပွား ၊ ပြည်သူလူတကာသတ္တဝါအပေါင်းတို့အစီးအပွား ၊ အိမ်ရှေ့မိဘုရားတို့နှင့်တဝမ်းမပြား အရင်းအချာဖြစ်သောသားတော်သီရိမဟာဓမ္မရာဇာသမီးတော်သီရိမဟာမင်္ဂလာဒေဝီတို့ကိုအမျိုး မခြားစိမ့်သောငှာထိမ်းမြား ဆောင်နှင်းတော်မူပြီးလျှင် မြေဒူး မြို့၊ စကုမြို့၊ စည်ပုတ္တရာမြို့များနှင့်မတန်စလေ။ သီရိခေတ္တရာမတိုင်းပြည်မြို့သည်မြို့ကြီးပြကြီး ဖြစ်သည်။ ရှေးရှေးသောမင်းတို့ထီးနန်းကနက်စိုက် ဆောက်စိုးစံသော နေရာကြီးကျယ်သောမြို့ပြတိုင်းခရိုင်အလုံးကိုသာသနာတော်မြတ်ထွန်းပပွင့်လင်းစေ၍ပြည်သူလူတကာ သတ္တဝါအပေါင်းတို့ငြိမ်းချမ်းသာယာစေခြင်းငှာ၊ သားတော်သီရိမဟာဓမ္မရာဇာသမီး တော်သီရိမဟာရတနာမင်္ဂလာဒေဝီတို့ကို၊အဆောင်အရွက်သင်းပင်းကိုယ်ရံနှင့်တကွသီရိခေတ္တရာမတိုင်းမည်သောပြည်မြို့ကိုနှင်းအပ်သနားတော်မူသည်၊ ငါတို့ ပေးကမ်းပြုစုတော်မူကြောင်းလည်း၊ သီရိမဟာဓမ္မရာဇာကြီးကျယ်စေလိုသည်၊ ငါကျေးဇူးသစ္စာတော်မြတ် ၂ ပါးကို စောင့်သိမည့်သူဖြစ်သည်၊ တိုင်းကြီးပြည်ကြီးကိုအုပ်ချုပ်စီရင်၍ ငါ့အမှုတော်ကိုထမ်းရွက်မည့်သူလည်းဖြစ်သည်။

ပြည်မြို့သည်လည်း ၊ မြန်မာဦးစွန်းဖြစ်သော ရာဇဌာနီအမရပူရ ရွှေပြည်တော်ကိုမှီ၍ စည်ပင်နိုင်ပြီးလျှင် နိုင်ငံတော်အရပ်ဂမျက်နှာ၊ အတိုင်းတိုင်းအပြည်ပြည်သည်လည်း ပွင့်လင်းသာယာမည်၊ တပါးသောတိုင်းနိုင်ငံမင်းတို့သည်လည်းအလွန်ရိုသေကြိုးနွံခညွှတမည်။ သို့အကြောင်းများကို ထောက်တော်မူ၍ ငါပေးကမ်းပြုစုတော်မူသည်၊ ငါကျေးဇူးသစ္စာတော်ကိုအမြဲစောင့်၊ မောင်အိမ်ရှေ့မင်းအိမ်ရှေ့မိဘုရားတို့ကိုအရှင်ဟူ၍မှတ်၊ အဘအမိဟူ၍လည်းမှတ်၊ အစ်ကိုယ်အစ်မဟူ၍လည်းမှတ်၊ ပြည်သူဆင်းရဲသားတို့အားလည်း၊ သင်္ဂဟတရား၄ပါး၊ အပရိဟာနိယတရား၇ပါး ၊ ခတ္တိယဟရိယဥဋ္ဌာနသံဝိဘာဂရာဇဥက္ကနာတည်းဟူသောနာရ(က)ဂုဏ်၆ပါး ၊ သစ္စံမေဓာဝီရိယစာဂတည်းဟူသောရန်အောင်ကြောင်းတရား၄ပါး ၊ ကဿဏောဝါဒီနီ ဇွေ့ာပ နွေ့ာသမဏော၊ သုတဝါသီလဝါတေသုဝိပုလဇာတေသုရဋ္ဌဝိပုလ်သိယာဟူသောပြည်ရွာစည်ပင်ပြန့်ပြောသာယာသောအကြောင်း ၄ပါး၊ သဗ္ဗိဃဝသမာသေထ၊ သဗ္ဗိကုဗ္ဗေထသန္ထဝံ၊ သတံသဒ္ဓမ္မမညာယ သဗ္ဗဒုက္ခာပမုစ္စတိတည်းဟူသောပညာရှိသူတော်ကောင်းနှင့်၊ ပေါင်းဘက်မှီဝဲဆည်းကပ်သဖြင့်ခပ်သိမ်းသောဝတ်ဆင်းရဲမှလွတ်ကင်းရာသည်။

ကျင့်ဝတ်တရား ။ သဒ္ဓါသီလသုတစာဂပညာဟိရိဩတ္တပ္ပတည်းဟူသော သူတော်ကောင်းတို့ဥစ္စာ၇ပါး ၊ မဟာရုက္ခုပမံရဋ္ဌဝမေမွေန ယောပဘာသကိရသဥဿာဝိဋ္ဌာနာတိ ရဋ္ဌဥဇ္ဈာပိနနဿတိတည်းဟူသောပြည်သူတိုင်းသားတို့အားပြုစုရသောကျင့်ဝတ်တရားအပေါင်းတို့ကိုအမြဲကျင့်။ ခပ်သိမ်းသောအမှုကြီးငယ်တို့၌ကိုက်၊ အမှန်အကန်သိမြင်အောင်စူးစမ်းခြင်း၊ အဂတိ၄ပါးသို့မလိုက်ခြင်း၊ ကျေးကျွန်အခြွေအရံတို့ကို၊ အားရှိအားမဲ့နိုင်ထက်စီးကဲမပြုရအောင်စီစစ်ဆုံးမခြင်း၊ လုပ်စားပေါ့စား၊ ခိုးသေးထားပြု၊ မုဆိုးမရှိရအောင်စီစစ်ဆုံးမခြင်း ရှေ့နောက်အကျိုးအပြစ်ကိုတွေးခေါ်မြော်မြင်နိုင်ခြင်း၊ ပညာရှိတို့ကိုမပြတ်တိုင်ပင်လေ့ရှိခြင်း၊ ဥယည်လယ်ယာကန်ချောင်းဆည်မြောင်းတို့ကိုကောင်းအောင်စီရင်ခြင်း၊ အခွန်အတုတ်အကောက်အဆောင်အစည်အရိုးကိုမပျက်ရတည်စေခြင်း၊ အမွေခံထိုက်သသူသားမြေးတို့ကိုအမွေခံစေခြင်း ၊ သူ၏သားသမီးစည်းစိမ်ဥစ္စာတို့ကိုအနိုင်နှိပ်စက်၍မယူခြင်း၊ သို့သည်အကြောင်းများကိုနှလုံးသွင်း၍စီရင်မှ စည်ပင်ငြိမ်းချမ်းသာယာ၍သားစဉ်မြေးဆက်အကျိုးသတင်းကျော်ဇောခြင်းဖြင့်ရှည်စွာတည်မည်။

ငါအမိန့်တော်ကိုမမေ့မလျော့သတိဝီရိယပြု၊ ဘုရားပစ္စေကဗုဒ္ဓါအရိယာသူတော်ကောင်းတို့သည်လည်းသစ္စာ၏စောင့်ထိမ်းခြင်းကိုအလွန်ချီးမွမ်းတော်မူကုန်သည်များကိုအမြဲနှလုံးသွင်း၍သခင်သနာတော်မြတ်အစီးအပွား၊ ငါအရှင်ဧကရာဇ်မင်းမြတ်အစီးအပွား၊ မောင်အိမ်ရှေ့မင်းအိမ်ရှေ့မိဘုရားတို့အကျိုးစီးပွား၊ ပြည်သူသတ္တဝါတို့အကျိုးစီးပွားဖြစ်ထွန်းအောင်ကျင့်ဆောင်စီရင်။ ။

ဗိုလ်မှူးခန့်ပြန်တမ်းအမိန့်တော်

ဟံသာဝတီကြောင်း ။ ပုသိမ်ကြောင်း၊ ဓညဝတီကြောင်း၊ မုတ္တမကြောင်းချီဗိုလ်မှူးခန့်ပြန်တမ်း ။

(၁) ဟံသာဝတီကြောင်းချီဗိုလ်မှူးခန့်ပြန်တမ်း ။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင်၊ လက်နက်စကြာသခင်အလျှင်ဘဝရှင်မင်းတရားကြီး၊ ဘုရားအမိန့်တော်ရှိသည်။ ပြည်အောက်မြစ်စည်မြို့ကျေးရွာအမှုတော်ထမ်းလူတို့နှင့်။ ရွှေဘဝါးတော်အောက်ကချီတက်စေသည်အမှုထမ်း လူ၂၀၀၀၀ ကျော်မှာ။ ပြည်ရွှေတောင်မြို့ဝန်သတိုးမင်းကြီးမဟာမင်းလှမင်းခေါင်ကျော်ကိုဗိုလ်မှူးခန့်ထား၍၊ ပြည်အောက်မြို့ကျေးရွာအမှုထမ်းလူ၁၁၄၃၈။ ရွှေဘဝါးတော်အောက်ချီတက်စေသည့်နတ်စုလက်ဝဲဗိုလ်နှင့်အုပ်စုအမှုထမ်းလူ၁၀၂၀။ နတ်စုလက်ယာအစုအမှုထမ်းလူ၅၀၀။ ရွှေလက်ယာဗိုလ်နှင့်အုပ်စုအမှုထမ်းလူ၁၀၀၀၊ ရွှေပြည်မှန်ကင်းဗိုလ်နှင့်အုပ်စုအမှုထမ်းလူ၉၇၂၊ အမြော်အစုသား၅၀။ ရွှေလက်ဝဲဗိုလ်မဟာမင်းလှမင်းထင်သမန္တကျော်နှင့်အုပ်စုအမှုထမ်း၅၁၄၊ လက်ယာကြောင်းဗိုလ်မဟာ

မင်းလှမင်းထင်တန်ဆောင်နှင့်အုပ်စုအမှုထမ်းလူ၈၇၃၊ ငစည့်ကူးကျော် မြောင်းမြို့အမှုထမ်းလူ၄၅၆၊ တလုပ်မြို့ဗိုလ်မဟာမင်းခေါင်သင်္ခယာနှင့်အုပ်စုအမှုထမ်းလူ၅၀၀၊ အမြော်အစုသား ၅၀။ ဟံသာဝတီမြို့လက်နက်တိုက်ရှိအမြော်စိန်ပြောင်းသေနတ်၊ အမြောက်စေ့၊ စိန်စေ့၊ ခဲယမ်းမီးကျော်များနှင့်အောင်လံ၊ အောင်စည်၊ အောင်မောင်းတပ်ကိရိယာအစုံစည်းကြပ်ပေးအပ်ပြီးလျှင်။ သူပုန်ကုလားအင်္ဂလိပ်လူမျိုးတို့ကိုတိုက်ခိုက်ဘမ်းဆီးသတ်ဖြတ်သိမ်းယူဆက်သရမည်ဖြစ်၍၊ ရွှေဘဝါးတော်အောက်ကချီတက်စေသည်။ လမ်းခရီးတလျှော်မြို့ရွာများမှာအရှင်မပေးသည့်ဥစ္စာ၊ သစ်သီးတလုံးဟင်းရွက်တချပ်ကိုမျှမဆွတ်မခူးမလုမယူကြစေနှင့်၊ တပ်ပါဆင်မြင်းများကိုလည်းခမ်းခရီးကမစီးမနင်းစေနှင့်၊ ဝလင်အောင်ကျွေးမွေးစေ။

ဒိဋ္ဌသုတမုဒ္ဒိမင်္ဂလာမရှိသည့်စကားကိုမပြောမဆိုစေနှင့်။ အမှုထမ်းရဲမက်လွှက်ကိုင်တို့ကို၊ ဘဲ၊ ကြွေအံ၊ အရက်၊ ကဇော်၊ လော်စာစိန်ပင်ဘင်းဘိန်းယစ်မျိုးနှင့်စပ်သည်များကိုမသောက်မစားမကစားစေနှင့်၊ နိုင်နင်းအောင်ကွပ်ညှပ်ရမည်။ တပ်တော်ချရပ်တိုင်းလည်း ၊ တပ်မှူးစစ်ကဲနာခံတပ်ရေးအကွပ်အကြပ်တို့၊ ထားခါးချပ်ခါဗိုလ်တဲသို့ရောက်စေ။ ညကိုလည်းတချက်တီးတိုင်အောင်၊ လုပ်ရေးကြံရေးများကိုညှိနှိုင်းတိုင်ပင်ရမည်။ ဗိုလ်မှူးတပ်မှူးစစ်ကဲနာခံတပ်ရေးအကွပ်အကြပ်တို့မှာလည်း။ တဝက်အိပ်လျှင်တဝက်စောင့်နေစေ၊ တညည့်၃ယံမောင်းကြေးနင်းခတ်၍လှည့်ပတ်နှိုးဆော်စောင့်နေထမ်းရွက်ကြစေ၊ သင်းတို့စစ်ကူစစ်ဆော်ပေါ်ရောက်သည့်၊ လမ်း ၄ ပါးလမ်းစများကိုမပြတ်လှ ထောက်လှမ်းစုံစမ်းစေ၊ တပ်တော်ချရပ်တိုင်းလည်း၊ ရတနာသုံးပါးသာသနာတော်စောင့်သမာဒေဝနတ်၊ တောစောင့်နတ်တောင်စောင့်နတ်ရုက္ခစိုးဘုမ္မစိုးနတ်မြတ်တို့အားထမင်းမုံ့ယိုအချိုအဆိမ့်ဆေးကွမ်းလက်ဘက်အုန်းငှက်ပျောအမွှေးအထုံတို့ဖြင့်တင်လှူပူဇော်ပြီးလျှင်၊ သာသနာတော်အညစ်အကြေးရန်အလေးဖြစ်သောသူပုန်အင်္ဂလိပ်ကုလားလူမျိုးတို့ကို၊ တယောက်မကျန်အကုန်အစင်ရ၍၊ အရေးတော်ပုံပြီးပြေလွယ်မည့်အကြောင်း၊ ဆုတောင်းပဋ္ဌနာပြု၍တင်လှူရမည်။

သူပုန်ကုလားအင်္ဂလိပ်လူမျိုးတို့အကြံအစည်အရေးအကြောင်းရှိသည်များကို၊ ထောက်လှမ်းစုံစမ်းပြီးလျှင်အလုံးအရင်းဗိုလ်တပ်နှင့်တကွချီတက်တိုက်လှန်သင့်သည်။ မချီမတက်နှလုံးညှိနှင့်သာပြီးပြေသင့်သည်များကို၊ ချင့်ချိန်စီရင်ထမ်းရွက်ရမည်၊ နှလုံးရည်နှင့်မပြီးမပြေ ဗိုလ်ခြေအင်အားနှင့်တကွ၊ တိုက်လှန်သိမ်းယူရမည်အရေးအကြောင်း၊ ထင်မြင်လျှင်ပေးအပ်ခန့်ထားချီတက်စေသည့်လူပေါင်း၂၀၀၀ ကျော်မှာ၊ ဗိုလ်စစ်ကဲနာခံတပ်ရေးခန့်ထားသည့်အလုံးတစတည်းတိုက်ခိုက်လုပ်ကြသင့်သည်။ ခွဲဝေတိုက်ခိုက်လုပ်ကြသင့်သည်များကိုညှိနှိုင်းတိုင်ပင်တိုက်လှန့်လုပ်ကြရမည်။ စစ်ရေးစစ်မှုဆိုသည်အရာသည်စစ်ဦးစစ်စကောင်းမှ၊ စစ်လယ်စစ်နှောင်းကောင်းမည်၊ တွေးတောမြော်မြင်စီရင်ခန့်ထား၍၊ အမှုတော်ကိုဖြောင့်ဖြောင့်ရိုးရိုးကြိုးစားအားထုပ်၍၊ ထမ်းရွက်မည်သူ၊ တင်းတင်းကြပ်ကြပ်ကွပ်ညှပ်တိုက်ခန့်စေသင့်သူကို၊ ရွေးခြယ်ပြီးလျှင်၊ မဆိုင်းမရပ်ဆောဆောလျင်လျင်ရှပ်ရှပ်ချွံချွံလုပ်ကြသိမ်းယူသင့်သည်၊ အရပ်ရပ်အခြေအမြစ်နှင့်သိမ်းယူသင့်သည့်အရေးကိုထော်၍တိုက်လှန်လုပ်ကြထမ်းရွက်ရမည်အရေးအကြောင်းရှိသမျှကို၊ မပြတ်ကြားသိတော်မူရအောင်၊ မြင်းထော်လှေထော်နှင့်ရှိခိုးသံတော်ဦးတင်လာစေ။

ခန့်တော်မူသည့်ဗိုလ်မှူးစစ်ကဲနာခံတပ်ရေးတပ်မှူးသူရဲသူခက်ရဲမက်လက်(နက်)ကိုင်တို့၊ ကျေးဇူးသစ္စာတော်မြတ်ကို၊ စောင့်သိရိုသေစွာမထမ်းမရွက်၊ ဆုတ်ချွဲသွေဘည်ရှောင်လွှဲသော်။ စစ်မျက်နှာကွက်သော်၊ မည်သသူမဆိုသတ်တန်သူကိုသတ်၊ ဖြတ်တန်သူကိုဝင်၍ဖြတ်၊ အရေးတော်ရအောင်ကြိုးစားအားထုတ်၊ စွန့်စားထမ်းရွက်ရာထွင်ပွဲလမ်းရသသူတို့ကိုလည်း ရသည့်ပွဲလမ်း ၊ ထမ်းရည်ရွက်ရည်အလျှော်သူကောင်းပြုတော်မူမည်အစုအဝန်းအမည်အရည်နှင့်မှတ်သား၍လျှော်။ ငါရွှေဘုန်းတော်မြတ်ကြောင့်၊ ဗိုလ်မှူးတပ်မှူးသူရဲသူခက်ရဲမက်လွှက်ကိုင်တို့မပင်မပန်း ၊ အင်္ဂလိပ်ကုလားလူမျိုးတို့ကို ရွှေလက်တော်သို့ရောက်မည်အမှန်ဖြစ်သည်၊ တိုက်ပွဲတွင်ရသည့်ဆင်ကြီးမင်းကြီးအမြော်စိန်ပြောင်းသေနတ်မင်းဘဏ္ဍာနှင့်ဆိုင်သင့်သည်ကိုချန်လှပ်၍၊ ကျန်သမျှကျွဲနွား အဝတ်အစားရွှေငွေဥစ္စာပစ္စည်းများမှာရသူတို့လက်ရယူစေ။ အရေးတော်ပြေကုမ်လျှင်မည်သသူကိုအုပ်ချုပ်စောင့်နေရစ်စေ၊ အမိန့်တော်မြတ်နှင့်ခေါ်တော်မူမှ၊ သိမ်းရုံးရသည့်ဘဏ္ဍာအရာများကို၊ ဆောင်ယူ၍အုပ်စည်းမ

ပျက်စေရ၊ တပ်စည်အတိုင်း ရွှေဘဝါးတော်အောက်ပြန်လာရမည်။

အရည်အလျှော် ရွေးကော်ခန့်ထားသည်နှင့်အညီ၊ ဆင့်ဆိုစီရင်ထမ်းရွက်ရန်ရှိသမျှကို၊ ငါ့အမိန့်တော်အတိုင်းမလစ်မလပ်၊ မယုတ်မလွန်စေရ၊ နေ့ညအမြဲနှလုံးသွင်း၍ စီရင်ထမ်းရွက်ရမည်။ အမိန့်တော်ကိုမတည်ပေါ့လျော့ငဲ့ကွက်၍၊ အရေးတော်မပြေမကုန်လစ်လပ်ကြုံကြာရှိရလျှင်၊ ဗိုလ်မှူးစစ်ကဲနာခံတပ်ရေးအကွပ်အကြပ် ခေါင်းအကြီးမြင်း ခေါင်းမြင်းစီးတစုတို့၂ ခွန်း ခြေရမည်မမှတ်နှင့်ကြီးစွာသောအကွပ်တော်ကိုခံရမည်။

(၂) ပုသိန်ကြောင်းချီဗိုလ်မှူးခန့်ပြန်တမ်း

ဘုန်းတော်ချီးမြှင့်အမိန့်တော်ရှိသည်၊ သူပုန်ကုလားအင်္ဂလိပ်လူမျိုးတို့ကို၊ တိုက်ခိုက်သတ်ဖြတ်ဘမ်းဆီးဆက်သရမည်။ ပုသိန်မြို့ဝန်သတိုးမင်းကြီးမဟာမင်းခေါင်ကိုဗိုလ်မှူး ၊မင်းကျော်ဇေယျရန်အောင်။ မင်းလှမင်းထင်ကျော်တို့ကိုစစ်ကဲ။ မင်းထင်မင်းလှရန်အောင်။ မင်းကျော်ရာဇာတို့ကိုနာခံ။ မင်းလှကျော်ထင်၊ မင်းလှမင်းကျော်တို့ကိုဗိုလ်တပ်ရေးခန့်ထား၍၊ ရွှေဘဝါးတော်အောက်၊ လင်းဇင်းဗိုလ်မဟာမင်းငယ်ရာဇာနှင့်သူ့ရဲအမှုထမ်းလူ၁၂၀၀၊ ကျော်ပန်းတောင်းမြို့အမှုထမ်းလူ၁၅၀။ လင်းဇင်းအမှုထမ်းလူ၅၀၀။ ပုခန်းကြီးမြို့မြောက်လက်ဗိုလ်မဟာမင်းခေါင်ရာဇာနှင့်အုပ်စုအမှုထမ်းလူ၅၀၀။ ပုခန်းကြီးမြို့တောင်လက်ဗိုလ်မဟာမင်းထင်ကျော်ထင်နှင့်အုပ်စုအမှုထမ်းလူ၅၀၀။ စုစုအမှုထမ်းလူ၂၈၅၀နှင့်ပုသိန်မြို့အမှုထမ်း လူ၁၆၂၀။ နတ်ရှင်ရွေးအမှုထမ်းလူ၁၀၀၀။ စုစု၅၄၇၀၊ အောင်လံ အောင်စည် အောင်မောင်းပုသိန်မြို့လွှတ်တိုက်ရှိအမြောက်စိန် ပြောင်းသွတ် အမြောက်စေ့စိန်စေ့ဆေးခဲယမ်း မီးကျော်စစ်ကရိယာအစုံစည်းကြပ် ပေးအပ်၍သူပုန်ကုလားအင်္ဂလိပ်အမျိုးသားတို့ကိုတိုက်ခိုက်သတ်ဖြတ်ဘမ်းဆီးဆက်သရမည်။ ချီတက်စေသည်လမ်းခရီးတလျှောက်မြို့ရွာများမှာ၊ အရှင်မပေးသည်ဥစ္စာသစ်သီးတလုံး၊ ဟင်းရွက်တချပ်ကိုမျှမဆွတ်မခူး ၊ မလုမယူစေနှင့်၊ တပ်ပါအမှုထမ်းရဲမက်လွှက်ကိုင်တို့ကို၊ ဘဲ ကျွဲအံ အရက် ကဇော်လောင်စာစိန်ပင်ဘင်းဘိန်းရစ်မျိုးနှင့်စပ်သည်များကိုမသောက်မစားမကစားစေနှင့်။

ဒိဋ္ဌသုတမှုမင်္ဂလာရှိသည်အချင်းအရာများကိုသာပြောဆိုစေ။ မှုမင်္ဂလာမရှိသည့်စကားကိုမပြောမဆိုစေနှင့်၊ နိုင်နင်းအောင်ကွပ်ညှပ်ရမည်။ လုပ်ရေးကြံရေးများကိုလည်းညတချက်တီးတိုင် အောင်၊ဗိုလ်မှူးစစ်ကဲနာခံတပ်ရေးတို့နှင့်ညှိနှိုင်းတိုင်ပင်ရမည်။ တပ်ပါအမှုထမ်းတို့မှာလည်းတဝက်အိပ်လျှင်တဝက်စောင့်နေစေ။ တညည့်၃ယံ မောင်းကြေးနင်းခတ်၍လှည့်ပတ်နိုးဆော်စောင့်နေထမ်းရွက်ကြစေ။ သင်းတို့စစ်ကူစစ်ထောက် ပေါ်ရောက်သည်လမ်း ပေါ်လမ်းစများကိုလည်းမပြတ်ထောက်လှမ်းစုံစမ်းစေ၊ တပ်တော်စခမ်းချရပ်တိုင်းလည်း၊ရတနာသုံးပါးသာသနာတော်စောင့်နတ် တောစောင့် တောင်စောင့်နတ်၊ ရုက္ခစိုး ဘုမ္မစိုးနတ်မြတ်တို့အားထမင်းမုန့်ယိုအချိုအဆိမ့် ဆေးကွမ်းလွှက်အုန်း၄က် ပျော့အမွှေးအထုံတို့ဖြင့်တင်လျှပသပူဇော်ပြီးလျှင်၊သာသနာတော်အညစ်အကြေးရန်အလေးဖြစ်သောသူပုန်ကုလား အင်္ဂလိပ်လူမျိုးတို့ကို၊ အင်္ဂလိပ်အမျိုးသားတို့အကြံအစည်ကို ထောက်လှမ်းစုံစမ်း၍အလုံးအရင်းဗိုလ်တပ်နှင့်တကွချီတက်တိုက်လှန်သင့်သည်။ မချိမတက်နှလုံးရည်နှင့်သာပြီး ပြေသင့်သည်များကိုချင့်ချိန်၍စီရင်ထမ်းရွက်ရမည်။ နှလုံးရည်နှင့်မပြီးမပြေဗိုလ်ခြေအင်အားနှင့်တကွတိုက်လှန်သိမ်းယူရမည်အရေးအကြောင်း၊ ထင်မြင်လျှင်အုပ်စုအမှုထမ်းလူ၅၀၀၀ ကျော်ကို၊ ဗိုလ်မှူးစစ်ကဲနာခံတို့တလုံးတဝတည်း ၊ တိုက်ခိုက်လုပ်ကြံသင့်သည်၊ ခွဲဝေလုပ်ကြံတိုက်ခိုက်သင့်သည်များကိုညှိနှိုင်းတိုင်ပင်၍တိုက်လှန်လုပ်ကြံရမည်။ စစ်ရေးစစ်မှုဆိုသည်အရာသည်စစ်ဦးစီးကြောင်းမှစစ်လယ်စစ်နှောင်းကောင်းမည်။ တွေးတောမြော်မြင်စီရင်ခန့်ထား၍အမှုတော်ကိုဖြောင့်ဖြောင့်ရိုးရိုးကြီးစားအားထုတ်ထမ်းရွက်မည်သူ၊ တင်းတင်းကြပ်ကြပ်ကွပ်ညှပ်တိုက်လှန်စေသင့်သူကိုရွေးချယ်ပြီးလျှင်၊ မဆိုင်းမရပ်ရွပ်ရွပ်ချွံချွံလုပ်ကြံ သိမ်းယူသင့်သည်အရေးကိုထောက်၍၊ တိုက်လှန်လုပ်ကြံထမ်းရွက်ရမည်၊ အရေးအကြောင်းရှိသမျှကိုမပြတ်ကြားသိတော်မူရအောင်၊ မြင်းထောက်လူထောက်နှင့်ရှိခိုးသံတော်ဦးတင်လာစေ။

ခန့်တော်မူသည့်ဗိုလ်မှူးတပ်မှူးသူရဲသူခက်ရဲမက်လွှက်ကိုင်တို့ ကျေးဇူးသစ္စာတော်မြတ်ကိုစောင့်သိရိုသေစွာမထမ်းမရွက်ဆုတ်ခွါသွေဘည်ရှောင်လွှဲသော်၊ စစ်မျက်နှာကွက်သော်မည်သသူမဆို၊ သတ်တန်သူကိုသတ်ဖြတ်တန်သူကိုဝင်၍ဖြတ်၊ အရေးတော်ရအောင်ကြိုးစားအားထုတ်စွန့်စားထမ်းရွက်ရာတွင်၊ ပွဲလမ်းရသသူတို့ကိုလည်းရသည်ပွဲလမ်းထမ်းရည်ရွက်ရည်

အလျှော်သူကောင်းပြုတော်မူမည်၊ အစုအငန်းအမည်အရည်နှင့်မှတ်သား၍လျှော်၊ ငါ့ရွှေဘုန်းတော်မြတ်ကြောင့်ဗိုလ်မှူးတပ်မှူးသူရဲသူခက်ရဲမက်လွှက်ကိုင်တို့၊ မပင်မပန်း အင်္ဂလိပ်ကုလားလူမျိုးတို့၊ ရွှေလက်တော်သို့ရောက်မည်အမှန်ဖြစ်သည်၊ တိုက်ပွဲတွင်ရသည်ဆင်ကြီးမြင်းကြီး၊ အမြောက်စိန်ပြောင်းသွတ်၊ မင်းဘဏ္ဍာနှင့်ဆိုင်သင့်သည်ကိုလှပ်၍ကျန်သမျှကျွဲနွားအဝတ်အစား၊ ရွှေငွေဥစ္စာပစ္စည်းများကိုရသသူတို့လက်ရယူစေ။ အရေးတော်ပြေကုန်လျှင်မည်သသူကိုအုပ်ချုပ်စောင့်နေရစ်စေ၊ အမိန့်တော်မြတ်နှင့်ခန့်ထား၍ခေါ်တော်မူမှ၊ သိမ်းရုံးရသည်ဘဏ္ဍာအရာများကိုဆောင်ယူပြီးလျှင်၊ အုပ်စည်းမပျက်စေရ၊ တပ်စည်အတိုင်း၊ ရွှေဘဝါးတော်အောက်ပြန်လာရမည်၊ အရည်အလျှော်ရွေးကော်ခန့်ထားသည်နှင့်အညီ၊ ဆင့်ဆိုစီရင်ထမ်းရွက်ရန်ရှိသမျှကို၊ ငါ့အမိန့်တော်အတိုင်းမလစ်မလပ်မယုတ်မလွန်စေရ။ နေ့ညအမြဲနှလုံးသွင်း၍စီရင်ထမ်းရွက်ရမည်၊ အမိန့်တော်ကိုမတည်ပေါ့လျော့ငဲ့ကွက်၍၊ အရေးတော်မပြေမကုန်လစ်လပ်ကျန်ကြာရှိရလျှင်၊ ဗိုလ်မှူးစစ်ကဲနာခံတပ်ရေးအကွပ်အကြပ်ခေါင်းအကြီး၊ မြင်းစီးမြင်းခေါင်းတစုတို့၂ ခွန်း ခြေရမည်မမှတ်နှင့်၊ ကြီးစွာသောအကွပ်အကဲကိုခံရမည်။

(၃) ဓညဝတီကြောင်းချီဗိုလ်မှူးခန့်ပြန်တမ်း ။

ဘုန်းတော်ချီးမြှင့်အမိန့်တော်ရှိသည်ဓညဝတီကြောင်းချီလက်ဝဲဝင်းမှူး သတိုးမင်းကြီးမင်းလှမဟာမင်းခေါင်ကိုဗိုလ်မှူး ၊ ရဲဘက်မြင်းတပ်ဗိုလ်မဟာမင်းထင်မင်းကျော်ကိုလက်ဝဲစစ်ကဲ၊ ရွှေပြည်သွတ်ဗိုလ်မဟာအိန္ဒမင်းကျော်ကိုလက်ယာစစ်ကဲ။ ကင်းထားကုလားပျို့သွတ်ဗိုလ်မဟာမင်းလှမင်းထင်ရာဇာ၊ မဟာမင်းလှတိမ်ကြားမင်းခေါင်တို့ကိုနာခံခန့်ထား၍၊ ရဲဘက်မြင်းအမှုတော်ထမ်းလူ၈၈၆၊ ကင်းထားကုလားပျို့အမှုထမ်း ၂၄၈၊ နောက်ဝန်းကျင်အမှုထမ်းလူ၁၀၀။ ရွှေပြည်သေနတ်အမှုထမ်းလူ၂၀၀။ နောက်ဝင်းဘုန်းတော်ပြစ်အမှုထမ်းလူ၈၀။ ယင်းတော်မြို့အမှုထမ်းလူ၁၀၀။ ပင်းမြို့အမှုထမ်းလူ၁၅၀ ။ လှိုင်းတက်မြို့မှုထမ်းလူ၅၀။ မြေလတ်မြို့ရွာအမှုထမ်းသူ၃၁၀၅၊ ဘုန်းတော်ဖြစ်အစုအမှုထမ်းလူ၅၀။ ဝန်သိုမြို့အမှုထမ်းလူ၁၅၀ ။ အမြောက်အစုသား ၁၂၊ စုစုလူ၅၀၀(၀) ကျော်ကိုအုပ်ချုပ်၍ အောင်လံ၈၊ အောင်စည်၄၊ အောင်မောင်း ၄၊ သေနတ်ထားလှံ အမြောက်စိန်ပြောင်း၊ အမြောက်စေ့စိန်စေ့ခဲယမ်းမီးကျော်များနှင့်၊ တပ်ကိရိယာအစုံကြီးကြပ်ပေးအပ်ပြီးလျှင်၊ သူပုန်ကုလားအင်္ဂလိပ်အမျိုးသားတို့ကို၊ တိုက်ခိုက်ဘမ်းဆီးသတ်ဖြတ်ရမည်ဖြစ်၍၊ ရွှေဘဝါးတော်အောက်ကချီတက်စေသည်။ အလျှင်အမြန်ချီသွားပြီးလျှင်လမ်းခရီးတလျှောက်မြို့ရွာများမှာအရှင်မပေးသည်ကိုသစ်သီးတလုံး၊ ဟင်းရွက်တချက်ကိုမျှ၊မဆွတ်မခူးမလုမယူစေနှင့်၊ တပ်ပါဆင်မြင်းများကိုလည်း၊ လမ်းခရီးကမစီးမနင်းစေနှင့်၊ ဝလင်အောင်ကျွေးမွေးစေ။

ဒိဋ္ဌသုတမှုမင်္ဂလာရှိသည်အချင်းအရာများကိုသာပြောစေ။ မှုမင်္ဂလာမရှိသည်စကားမပြောမဆိုစေနှင့်၊အမှုထမ်း ရဲမက်လက်နက်ကိုင်တို့ကိုဘဲ ကျွဲအံအရက်ကဇော် လှော်စာစိမ်ဘင်ဘိန်း ရစ်မျိုးနှင့်စပ်သည်များကိုမသောက်မစားမကစားစေနှင့်၊ နိုင်နင်းအောင်ကွပ်ညှပ်ရမည်။ တပ်တော်ချရပ်တိုင်းလည်း တပ်မှူးစစ်ကဲနာခံတပ်ရေးအကွပ်အကြပ်ထားခါးချပ်ကာဗိုလ်တဲသို့ရောက်စေ။ ညည့်ကိုလည်းတချက်တီးတိုင်အောင်လုပ်ရေးကြံရေးများကိုညှိနှိုင်းတိုင်ပင်ရမည်၊ ဗိုလ်မှူးတပ်မှူးစစ်ကဲနာခံအကွပ်အကြပ်တို့မှာလည်း ။ တဝက်အိပ်လျှင်တဝက်စောင့်နေစေ။ တညည့်၃ယံ၊ မောင်းကြေးနင်းခတ်၍လှည့်ပတ်နှိုးဆော်စောင့်ထမ်းရွက်ကြစေ။ သင်းတို့စစ်ကူစစ်ထောက် ပေါ်ရောက်သာသည့်လမ်းပေါ်လမ်းဝများကို၊ မပြတ်ထောက်လှမ်းစုံစမ်းစေ၊ တပ်တော်စခန်းချရပ်တိုင်းလည်း၊ ရတနာ၃ပါးသာသနာတော်စောင့်သမာဒေဝနတ်၊ တောစောင့်နတ် တောင်စောင့်နတ်၊ ရုက္ခစိုး ဘုမ္မစိုး နတ်မြတ်တို့အားထမင်းမုန့်ယိုအချိုအဆိမ့်ဆေးကွမ်းလွှက်အုန်း၄က် ပြောအမွှေးအထုံတို့ဖြင့်တင်လျှပသပူဇော်ပြီး လျှင်၊ သာသနာတော်အညစ်အကြေးရန်အလေးဖြစ်သောသူပုန်အင်္ဂလိပ်ကုလားလူမျိုးတို့ကိုတယောက်အကုန်အကုန်အစင်ရ၍အရေးတော်ပြီးပြေလွယ်မည်အကြောင်း၊ ဆုတောင်းပဋ္ဌနာပြု၍တင်လျှုရမည်။

ဓညဝတီမြို့သို့ရောက်လျှင်၊ ထော်လှမ်းစုံစမ်း၍၊ အလုံးအရင်းဗိုလ်တပ်နှင့်တကွ ချီတက်တိုက်လှန်သင့်သည်၊ မချီတက်နှလုံးရည်နှင့်သာပြီး ပြေသင့်သည်များကို၊ ချင့်ချိန်၍ စီရင်ထမ်းရွက်ရမည်။ နှလုံးရည်နှင့်မပြီးမပြေ၊ ဗိုလ်ခြေအင်အားနှင့်တကွတိုက်လှံသိမ်း ယူရမည့်အရေးအကြောင်းထင်မြင်လျှင်၊ရွှေဘဝါးတော်အောက်ကပါသည့်ရဲမက်တော်အမှုထမ်း ၅၀၀၀ ကျော်တို့ကို၊ ဗိုလ်စစ်ကဲနာခံခန့်ထား၍တလုံးတဝတည်းတိုက်ခိုက်လုပ်ကြသင့်သည်။ ခွဲဝေတိုက်ခိုက်လုပ်ကြသင့်သည်များကိုညှိနှိုင်းတိုင်ပင်၍တိုက်လှံလုပ်ကြရမည်။ စစ်ရေးစစ်မှုဆိုသည်အရာသည်စစ်ဦးစစ်ဖ ကောင်းမှစစ်လယ်စစ်နှောင်း ကောင်းမည်။ တွေးတောမြော်မြင်စီရင်ခန့်ထား၍အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုးကြိုးစားအားထုတ်ထမ်းရွက်မည်သူတင်းတင်းကြပ်ကြပ်ကွပ်ညှပ်တိုက်လှံ စေသင့်သူကို၊ ရွေးချယ်ပြီးလျှင်မဆိုင်းမရပ် ဆောဆောလျင်လျင်ရှပ်ရှပ်ချွံချွံလုပ်ကြသိမ်းယူသင့်သည်။ ရပ်ရပ်နေနေအခြေအမြစ်နှင့်သိမ်းယူသင့်သည်အရေးကို ထော်၍တိုက်လှံလုပ်ကြထမ်းရွက်ရမည်။ အရေးအကြောင်းရှိသမျှကိုမပြတ်ကြားသိ တော်မူရအောင်မြင်း ထောက်လု ထော်နှင့်ရှိခိုးသံ တော်ဦးတင်လာစေ။

ခန့်တော်မူသည့်ဗိုလ်မှူးတပ်မှူးသူရဲသူခက်ရဲမက်လွှက်ကိုင်တို့၊ ကျေးဇူးသစ္စာတော်မြတ်ကို စောင့်သိရိုသေစွာမထမ်းမရွက်ဆုတ်ချွံသွေဘည် ရှောင်လွှဲသော်၊ စစ်မျက်နှာကွက်သော်မည်သသူမဆိုသတ်တန်သူကိုသတ်ဖြတ်တန်သူကိုငင်၍ဖြတ်။ အရေး တော်ရအောင်ကြိုးစားအားထုတ်စွန့်စားထမ်းရွက်ရာတွင်ပွဲလမ်းရသသူတို့ကိုလည်း ။ ရသည်ပွဲလမ်းထမ်းရည်ရွက်ရည်အလျော်၊ သူကောင်းပြုတော်မူမည်၊ အစုအငန်းအမည်အရည်မှတ်သား၍လျှော်၊ ငါ့ရွှေဘုန်းတော်မြတ်ကြောင့်၊ ဗိုလ်မှူးတပ်မှူးသူရဲသူခက်၊ ရဲမက်လွှက်ကိုင်တို့၊ မပင်မပန်းအင်္ဂလိပ်ကုလားလူမျိုးတို့ကို၊ ရွှေလက်တော်ရောက်မည်အမှန်ဖြစ်သည်၊ တိုက်ပွဲတွင်ရသည့်ဆင်ကြီးမြင်းကြီးအမြော်စိန်ပြောင်းသေနတ်၊ မင်းဘဏ္ဍာဆိုင်သည်များကိုချန်လှပ်၍၊ ကျန်သမျှကွဲနွားအဝတ်အစား၊ ရွှေငွေဥစ္စာပစ္စည်းများမှာ၊ ရသူတို့လက်ရယူစေ။ အရေးတော်ပြေကုမ်လျှင်မည်သသူကိုအုပ်ချုပ်စောင့်နေရစ်စေ။ အမိန့်တော်မြတ်နှင့်ခန့်ထား၍ခေါ်တော်မူမှသိမ်းရုံးရသည့်ဘဏ္ဍာအရာများကို ဆောင်ယူပြီးလျှင်၊အုပ်စည်းမပျက်စေရ၊ တပ်စဉ်အတိုင်းရွှေဘဝါးတော်အော်ပြန်လာရမည်၊ အရည်အလျော်ရွေးကော်ခန့်ထားသည်နှင့်အညီ၊ ဆင့်ဆိုစီရင်ထမ်းရွက်ရန်ရှိသမျှကို၊ ငါ့အမိန့်တော်အတိုင်းမလစ်မလပ်မယုတ်မလွန်စေရ။ နေ့ညအမြဲနှလုံးသွင်း၍စီရင်ထမ်းရွက်ရမည်။ အမိန့်တော်ကိုမတည်ပေါ့လျော့ငဲ့ကွက်၍အရေးတော်မပြေမကုန်လစ်လပ်ကြကြာရှိရလျှင်၊ ဗိုလ်မှူးစစ်ကဲနာခံတပ်ရေးအကွပ်အကြပ်ခေါင်းအကြီး၊ မြင်းခေါင်းမြင်းစီးတစုတို့၂ခွန်းခြေရမည်မမှတ်နှင့်ကြီးစွာသောအကွပ်တော်ကိုခံရမည်။

သက္ကရာဇ် ၁၂၁၃ ခုတပေါင်းလပြည့်ကျော် ၁၄ ရက်နေ့၊ ဟံသာဝတီကြောင်း၊ ပုသိမ်ကြောင်း၊ ဓညဝတီကြောင်း ပြန်တမ်းကြီး၃ကိုအလွှာ၁၁စီနှင့်ရေးပြီးလျှင်စာရေးတော်ကြီး မောင်သစ်သို့အမိန့်တော်ရေး မောင်လူက လေးအပ်သည်။ မောင်သစ်ကသက္ကလတ်အိပ်နှင့်ထည့်၍ဆိုင်ရာအပ်သည်။

(၄) မုတ္တမကြောင်းချီဗိုလ်မှူးခန့်ပြန်တမ်း။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော၊ ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်းသခင်ဆင်ဖြူများရှင်လက်နက်စကြာသခင်၊ အသျှင်ဘဝရှင်မင်းတရားကြီး၊ ဘုရားအမိန့်တော်ရှိသည်။ သူပုန်ကုလားအင်္ဂလိပ်လူမျိုးသားတို့ကိုတိုက်ခိုက်ဘမ်းဆီးသတ်ညှစ်သိမ်းယူဆက်သရမည်။ ရွှေဘဝါးတော်အောက်ကချီတက်စေသည့်မြို့ရွာအစုအမှုထမ်းလွှက်ကိုင်လူ ၇၀၀၀ ကျော်မှာ၊ တောင်တွင်းကြီးမြို့ဝန်မင်းရဲမင်းခေါင်ကျော်ကိုဗိုလ်မှူး၊ ရွှေပြည်ရန်အောင်မြင်းတပ်ဗိုလ်မဟာမင်းလှမင်းခေါင်သူရိန်ကိုလက်ဝဲစစ်ကဲ၊ ရွှေပြည်ရန်အောင်မြင်းတပ်ဗိုလ်မဟာမင်းထင်ကျော်ခေါင်ကိုလက်ယာစစ်ကဲ၊ ရမည်းသင်းဗိုလ်၊ မဟာမင်းလှနန္ဒပျာဇာတို့ကိုနာခံ၊ မင်းခေါင်ရာဇာမင်းခေါင်သူရိန်ကျော်တို့ကိုဗိုလ်တပ်ရေး၊ ခန့်ထား၍တောင်တွင်းကြီးမြို့အမှုထမ်းလူ၁၀၀၀၊ ပင်းတလဲမြို့အမှုထမ်းလူ၅၀၀၊ ရမည်းသင်းမြို့အမှုထမ်းလူ၅၀၀။ များနှင့်မုတ္တမမြို့ရှိရင်းအမှုထမ်းလူ၁၃၀၀။ တောင်ငူမြို့အမှုထမ်းလူ၁၀၀၀။ ရွှေကျင်မြို့အမှုထမ်းလူ၅၀၀။ စစ်တောင်းမြို့အမှုထမ်းလူ၅၀၀၊ ကျော်မော်မြို့အမှုထမ်း

၅၀၀။ ပေါင်း ၃၇၀၀။ စုစုလူ၇၀၀၀များကိုချုပ်အုပ်၍ အောင်လံ၇။ အောင်စည်၄။ အောင်မောင်း ၄။ သွတ်ထားလှံအမြော်စိန်ပြောင်း၊ အမြော် စေ့စိန် စေ့ခဲယမ်းမီး ကျောက်များနှင့်ဆေးသမားသာ၊ ဆက္ကာသာ၊ စစ်ကိရိယာအစုံစည်းကြပ်ပေးအပ်ပြီးလျှင် လမ်းခရီးတလျှော်မြို့ရွာများမှာအရှင်မပေးသည့်ဥစ္စာသစ်သီးတလုံးဟင်းရွက်တချပ်ကိုမျှမဆွတ်မခူးမလုမယူစေနှင့်၊တပ်ပါဆင်မြင်းများကိုလည်းလမ်းခရီးကမစီးမနင်းစေနှင့်ဝလင်အောင်ကျွေးမွေးစေ။

ဒိဋ္ဌသုတမှူမင်္ဂလာရှိသည့်အချင်းအရာများကိုသာပြောဆိုစေ၊ မှူမင်္ဂလာမရှိသည်စကားကိုမပြောမဆိုစေနှင့်၊အမှုထမ်းရဲမက်လွှက်ကိုင်တို့ကိုဘဲ ကြွေအံအရက်ကဖော်ဈေးစာ စိန်ပင်ဘင်ဘိန်း ယစ်မျိုးနှင့်စပ်သည်များကိုမသောက်မစားမကစားစေနှင့်၊ နိုင်နင်းအောင်ကွပ်ညှပ်ရမည်။ တပ်တော်ချရပ်တိုင်းလည်း၊ တပ်မှူးစစ်ကဲနာခံတပ်ရေးအကွပ်အကြပ်တို့ထားခါချုပ်ခါဗိုလ်တဲသို့ရော်စေ၊ ညကိုလည်းတချက်တီးတိုင်အောင်လုပ်ရေးကြီးရေးများကိုညှိနှိုင်းတိုင်ပင်ရမည်။ ဗိုလ်မှူးတပ်မှူးစစ်ကဲနာခံတပ်ရေးအကွပ်အကြပ်တို့မှာလည်း ၊ တစက်အိပ်လျှင်တဝက်စောင့်နေစေ။ တညည်၃ယံမောင်းကြေးနင်းခတ်၍လှည့်ပတ်နှိုးဆော်စောင့်နေထမ်းရွက်ကြစေ၊ သင်းတို့စစ်ကူစစ်ထော်ပေါ်ရောက်သာသည် လမ်းပေါက်လမ်းစများကို၊ မပြတ်ထော်လှမ်းစုံစမ်းစေ။ တပ်တော်စခန်းချရပ်တိုင်းလည်းရတနာသုံးပါးသာသနာတော်စောင့်သမားဒေဝနတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုးနတ်မြတ်တို့အားထမင်းမုံ့ယိုအချိုအဆိမ့်၊ ဆေးကွမ်းလွှက်အုန်းငှက်ပျောအမွှေးအထုံတို့ဖြင့်တင်လျှုပသပူဇော်ပြီးလျှင်။ သာသနာတော်အညစ်အကြေးရန်အလေးဖြစ်သော၊ သူပုန်အင်္ဂလိပ်ကုလားလူမျိုးတို့ကို၊ တဃော်မကျန်အကုန်အစင်ရ၍၊ အရေးတော်ပြီးပြေလွယ်မည့်အကြောင်း၊ ဆုတောင်းပဌနာပြု၍တင်လှူရမည်။ မုတ္တမမြို့သို့ရောက်လျှင်ထော်လှမ်းစုံစမ်း၍၊ အလုံးအရင်းဗိုလ်တပ်နှင့်တကွ၊ ချီတက်တိုက်လှန်သင့်သည်၊ မချီမတက်နှလုံးရည်နှင့်သာပြီးပြေသင့်သည်များကို၊ ချင့်ချိန်၍စီရင်ထမ်းရွက်ရမည်၊ နှလုံးရည်နှင့်မပြီးမပြေဗိုလ်ခြေအင်အားနှင့်တကွတိုက်လှန်သိမ်းယူသင့်သည်အရေးအကြောင်းထင်မြင်လျှင်၊ ရွှေဘဝါးတော်အောက်ကပါသည်ရဲမက်တော်၅၀၀၀ကျော်၊ မုတ္တမမြို့တွင်ရှိနှင့်သည်အမှုထမ်းလူ၃၀၀(၀)ကျော်စုစုလူ၇၃၀၀ကို၊ ဗိုလ်စစ်ကဲနာခံတပ်ရေးခန့်ထား၍၊ တလုံးတဝတည်းတိုက်ခိုက်လုပ်ကြသင့်သည်များကိုညှိနှိုင်းတိုင်ပင်၍တိုက်လှန်လုပ်ကြရပါမည်။ စစ်ရေးစစ်မှုဆိုသည်အရာသည်စစ်ဦးစစ်ဖ ကောင်းမှ၊ စစ်လယ်စစ်နှောင်း ကောင်းမည်၊ တွေးတောမြော်မြင်စီရင်ခန့်ထား၍၊ အမှုတော်ကိုဖြောင့်ဖြောင့်ရိုးရိုး ကြိုးစားအားထုတ် ထမ်းရွက်မည့်သူ။ တင်းတင်းကြပ်ကြပ်ကွပ်ညှပ်တိုက်လှန် စေသင့်သူကို ရွေးချယ်ပြီးလျှင် မဆိုင်းမရပ် ဆောဆောလျင်လျင် ရှပ်ရှပ်ချွံချွံသိမ်းယူသင့်သည်၊ အရပ်ရပ်နေနေ အခြေအမြစ်နှင့် သိမ်းယူသင့်သည် အရေးကို ထော်၍တိုက်လှန်လုပ်ကြထမ်းရွက်ရမည် အကြောင်းရှိသမျှကို မပြတ်ကြားသိတော်မူရအောင် မြင်း ထော်လု ထော်နှင့် ရှိခိုး သံတော်ဦးတင်လာစေ။

ခန့်တော်မူသည့်ဗိုလ်မှူးစစ်ကဲ နာခံတပ်ရေးတပ်မှူး သူရဲသူခက်ရဲမက်လွှက်ကိုင်တို့ ကျေးဇူးသစ္စာတော်မြတ်ကို စောင့်သိရိုသေစွာမထမ်းမရွက် ဆုတ်ချွံသွေဘည် ရှောင်လွှဲသော် စစ်မျက်နှာကွက်သော် မည်သသူမဆို သတ်တန်သူကိုသတ် ဖြတ်တန်သူကို ငင်၍ဖြတ် အရေးတော်ရအောင် ကြိုးစားအားထုတ် စွန့်စားထမ်းရွက်ရာတွင်၊ ပွဲလမ်းရသသူတို့ကိုလည်း၊ ရသည့်ပွဲလမ်းထမ်းရည်ရွက်ရည်အလျော်၊ သူကောင်းပြုတော်မူမည်၊ အစုအငန်းအရည်နှင့်မှတ်သား၍လျော်၊ ငါ့ရွှေဘုန်းတော်မြတ်ကြောင့်ဗိုလ်မှူးတပ်မှူးသူရဲသူခက်၊ ရဲမက်လက်နက်ကိုင်တို့၊ မပင်မပန်းအင်္ဂလိပ်ကုလားလူမျိုးတို့ကို၊ ရွှေလက်တော်သို့ရော်မည်အမှန်ဖြစ်သည်။ တိုက်ပွဲတွင်ရသည့်ဆင်ကြီးမြင်းကြီးအမြောက်စိန်ပြောင်းသေနတ်မင်းဘဏ္ဍာနှင့်ဆိုင်သင့်သည်ကို၊ ချန်လှပ်၍ ကျန်သမျှကွဲနွားအဝတ်အစား ရွှေငွေဥစ္စာပစ္စည်းများမှာ၊ ရသသူတို့လက်ရယူစေ။ အရေးတော်ပြေကုမ်လျှင်၊ မည်သသူကိုအုပ်ချုပ်စောင့်နေရစ်စေ။ အမိန့်တော်မြတ်နှင့်ခေါ်တော်မူမှသိမ်းရုံးရသည်ဘဏ္ဍာအရာများကို၊ ဆောင်ယူပြီးလျှင်၊ အုပ်စည်းမပျက်စေရ၊ တပ်စဉ်အတိုင်း၊ ရွှေဘဝါးတော်အော်ပြန်လာရမည်၊ အရည်အလျော်ရွေးကော်ခန့်ထားသည်နှင့်အညီ၊ ဆင့်ဆိုစီရင်ထမ်းရွက်ရန်ရှိသမျှကို၊ ငါ့အမိန့်တော်အတိုင်းမလစ်မလပ်မယုတ်မလွန်စေရ၊ နေ့ညအမြဲနှလုံးသွင်း၍၊

စီရင်ထမ်းရွက်ရမည်။ အမိန့်တော်ကိုမတည့် ပေါ့လျော့ပျက်ကွက်၍၊ အရေးတော်မပြေမကုန်၊ လစ်လပ်ကြကြာရှိရလျှင်၊ ဗိုလ်မှူး စစ်ကဲနာခံတပ်ရေး၊ အကွပ်အကြပ် ခေါင်းအကြီး၊ မြင်းခေါင်းမြင်းစီးတစုတို့၊ ၂ ခွန်း ခြေရမည်မမှတ်နှင့်၊ ကြီးစွာသောသကွပ်တော်ကိုခံရမည်။

သက္ကရာဇ် ၁၂၁၃ ခုတန်ခူးလဆန်း ၁ ရက်နေ့၊ လွှတ်တော်ညီလာခံမဝင်မီ၊ ကျော်မော်မင်းကြီး၊ စစ်တောင်းမင်းကြီး၊ ကျော်ပန်းတောင်းမင်းကြီး။ ၃ ပါး ရှေ့အမိန့်တော် ရေးမောင်စဘတ်၍၊ နာခံတော်မဟာမင်းထင်ကျော်စွာကိုအပ်၍၊ သွင်းပြန်တမ်းလွှာ၊ ၄င်းလဆန်း ၂ ရက်နေ့နံနက် ၄ ချက်တီး ကျော် ၂ မောင်းတွင်အခါတော်အတိုင်းနာခံတော် ပြောကြီးမှူးပြန်၍လက်ဝဲစစ်ကဲကို သက္ကလပ်လက်အိပ်တွင်အပ်သည်၊ စစ်ကဲလည်းအမိန့်တော်ကို ရွှေချကလပ်ပေါ်တွင် တင်၍ တင်ခဲ့ပြီးလျှင်၊ ဗိုလ်မှူး ရှေ့ကသွားရသည်၊ အမိန့်တော်ပြန်သည်ကာလ၊ ကျော်မော်မင်းကြီး၊ စစ်တောင်းမင်းကြီး၊ ကျော်ပန်းတောင်းမင်းကြီး ၊ ၃၀မင်းကြီး၊ ၄ ပါးရုံးကွန်းစင်တွင်းကနေတော်မူကြသည်၊ ဗိုလ်မှူးစစ်ကဲနာခံတို့အနောက်နှစ်ရောင်က။

(၅) မုတ္တမကြောင်းချီ အခါတော်စာ။

ဇေယတု။ အောင်တပ်တော်ထွက်ရသည်ကောင်းမြတ်သောမင်္ဂလာအခါတော်။ သက္ကရာဇ် ၁၂၁၃ ခုတန်ခူးလဆန်း ၂ ရက် ၁ နေ့နံနက် ၄ ချက်တီး ကျော် ၂ နာရီ ၁ ပါဒ်၊ ၁၁ ဗိဇနာ ၄ ပြန်ခရာပြည့်။ မိန်လက်၊ မိန်ခန်း ၃ ဂိုကြင်း ၅ တားနဝင်း ။ နက္ခတ် ၂၆ လုံး ၁ ပါဒ်တက်လတ္တီး လျှက်ထိုနာရီ၏ဘဝါး သော်ကား ။ ၃၁ ဘဝါးပြည့်အချိန်တွင် ဂြိုဟ်ဇာပွင့်ရာ။ အရှေ့အရပ်သို့မျက်နှာရည်၍ ရတနာသုံးပါးသကြားဖြူစွာ။ စတုလောကပါလာ။ သာသနာတော်စောင့်သမာဒေဝနတ်မြတ်တို့အားတိုင်ကြားပသပူဇော်ပြီးလျှင် ၂ လာ။ ၄ ဟူး နံအမည်နေ့သားတို့ကို ရှေ့သွား ရှေ့တည်ပြုစေ၍၊ အောင်တပ်တော်ထွက်စေရသည်၊ ဆောင်ရာသောပန်းကားသပြေညွှန့်နေဇာညွှန့်၊ အုန်းညွှန့်တို့ကို ဆောင်စေရသည်၊ အောင်တပ်တော်ချရသည်အရပ်မှာ ၅ တားနံအစ။ ၄ ဟူး နံအဆုံးရှိသောမြစ်လောင်းအရပ်တွင် အောင်တပ်တော်ချရပါမည်။

၁၂၁၃ ခုတန်ခူးလဆန်း ၁ ရက်နေ့ မုတ္တမကြောင်း ချီအခါတော်စာကို ရေးသားပြီးလျှင်စာရေးကြီးဦးကွန်းစာရေးငရိုးသို့အပ်သည်။

(၆) ဟံသာဝတီကြောင်းချီအမိန့်တော်။

ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော၊ ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်လက်နက်စကြာသခင်၊ အသျှင်ဘဝရှင်မင်းတရားကြီး၊ အမိန့်တော်ရှိသည်။ သင်းတို့သူပုန်ကုလားအင်္ဂလိပ်လူမျိုးတို့ကို၊ တိုက်ခိုက်သတ်ညှစ်ဖမ်းစီးသိမ်းယူဆက်သရမည်၊ ဟံသာဝတီကြောင်းချီတပ်စုမှာ၊ ၃၀မြို့စားဝန်ကြီးသတိုးမင်းကြီးမင်းလှမဟာမင်းခေါင်ရာဇာကိုဗိုလ်မှူး ၊ ပြည်ရွှေတောင်မြို့ဝန်သတိုးမင်းကြီးမင်းလှမင်းခေါင်ကျော် ၊၊ ရွှေလက်ယာဗိုလ်မဟာမင်းလှမင်းကျော်ရာဇာတို့ကိုစစ်ကဲ၊ မဟာမင်းခေါင်ကျော်ထင် မဟာမင်းကျော်တို့ကိုနာခံ၊ စာရေးကြီးမဟာမင်းထင်ကျော်၊ မဟာမင်းလှကျော်ထင်တို့ကိုဗိုလ်တပ်ရေးခန့်ထား၍၊ ရွှေဘဝါးတော်အောက်၊ စည်းကြပ်ပေးအပ်သည့်လက်ကိုင်လူ ၄၈၇၀။ တပ်ဆောင်အမြောက် ၂၀၊ စိန်ပြောင်း ၁၀၀၊ သေနတ် ၂၉၂၀၊ လှံကိုင် ၁၉၄၉၊ အမြောက်စေ့ ၂၀၀၀၊ စိန်ပြောင်းစေ့ ၁၀၀၀၀၊ ခဲလုံး ရေ ၂၀၀၀၀၊ ယမ်းပြီးချိန် ၃၀၀၀၊ မီးကျော်ပွား ရေ ၁၀၀၀၀၊ ကန့်ချိန် ၅၀၊ လက်ချားချိန် ၁၀၊ သံမဏိသံချိန် ၅၀၊ ဇဝက်သာချိန် ၅၊ အောင်လံ ၁၀၊ အောင်စည် ၁၀၊ အောင်မောင်း ၁၀၊ မီးပါအိုး ၁ လု – ၃၊ ပန်းဘဲကြမ်းဘို ၁ လု ၅၊ ပညာရှိပုဏ္ဏား ၂၊ ဂြိုဟ်ပူဇော်ပုဏ္ဏား ၂၊ ဆေးသမား ၂၊ ဆတ္တ ၁၁ ၊ လက်သမား ၅၊ တပ်ကိရိယာအစုံအလင်၊ စည်းကြပ်ပေးအပ်ခန့်ထားချီသွားစေကြောင်းသည်၊ လွှက်နိုင်ငံတော်ဖြစ်သောဟံသာဝတီ၊ သံလျင်၊ ဒလမြို့များသို့ ထိပါးနှောင့်ရှက်ဝင်နေသည့်သူပုန်ကုလားအင်္ဂလိပ်အမျိုးသားတို့ကို၊ တဃော်မကျန်ဘမ်းဆီး သတ်ညှစ်သိမ်းယူဆက်သရမည်အကြောင်းဖြစ်၍၊ ရွှေဘဝါးတော်အောက်အလျှင်အမြန်ချီသွား စေသည်၊ တပ်ပါဗိုလ်စု၊ တပ်စုသူရဲသူခက်ရဲမက်လက်နက်ကိုင်တို့၊ လမ်းခရီးတလျှော်

မြို့ရွာများမှာဆင်းရဲသားတို့ပစ္စည်းဥစ္စာမြင်းကျွဲနွားဝက်ကြက်မှစ၍၊ အရှင်မပေးသည်ကို၊ သစ်သီးတလုံးဟင်းရွက်တချပ်ကိုမျှမဆွတ်မဆူးမလုမယူစေနှင့်၊ သားပျိုသမီးပျိုတို့ကိုလည်းမသိမ်းမယူ၊ ဘဲကြွေအံအရက်ထန်းရည်က ဇော်လော်စာဘိန်းဘင်းစိန်ပင်ရစ်မျိုးနှင့်စပ်သည်များကိုမသော်မစားမကစားစေနှင့်။

ဒိဋ္ဌသုတမုတ္တမင်္ဂလာမရှိသည်အခြင်းအရာများကိုမပြောမဆိုစေရ၊ ကြပ်ကြပ်တည်းတည်းဆင့်ဆိုစီရင်ချီသွားရမည်။ တပ်တော်ချရပ်တိုင်းလည်းရတနာသုံးပါးသာသနာစောင့်သမာဒေဝနတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုးဘုမ္မစိုးနတ်မြတ်တို့အားထမင်းမုံ့ယိုအချိုအဆိမ့်၊ ဆေးကွမ်းလှက်အုန်း ၄က်ပျော၊ အမွှေး အထုံတို့ဖြင့်တင်လှုပသပူဇော်ရမည်။ ထားလှံ သေနတ်အမြောက်စိန်ပြောင်း၊ စွဲကိုင်သူတို့မှာမပြတ်ပြင်ဆင်ပွတ်သတ်စေ။ အရေးအကြောင်းမရှိသည်ကိုမပြစ်မဘော်စေနှင့်၊ တပ်မှူးစစ်ကဲနာခံအကွပ်အကြပ်တို့မပြတ်ကြည့်ရှု၍ ကောင်းမွန်အောင်ပြုလုပ်စေ။ သွေတ်မီးမောင်းမကောင်းယိုယွင်းပျက်စီးလျှင်၊ စွဲကိုင်သူတို့ကို၊ အပြစ်နှင့်လျော်အောင်စီရင်။ တပ်တော်ချရပ်လျှင်လည်း ၊ စစ်ကဲနာခံတပ်မှူးအကွပ်အကြပ်တို့ကားခါးချပ်ခါဗိုလ်ထံသို့စည်းဝေး၍၊ ည ၄ ချက်တီးကသည် ၂ ချက်တီးတိုက်အောင်၊ လုပ်ရေးကြံရေးများကို၊ ညှိနှိုင်းတိုင်ပင်ရမည်။ တပ်မှူးစစ်ကဲနာခံတပ်ရေးအကွပ်အကြပ်တို့မှာလည်း၊ တဝက်အိပ်လျှက်တဝက်စောင့်နေစေ။ တညဉ့် ၃ ယမ်မောင်းကြေးနင်းခတ်၍လှည့်ပတ်နှိုးဆော်စောင့်နေထမ်းရွက်ကြစေ၊ အရေးအကြောင်းကိုထောက်၍သင့်ရာအရပ်ကနေပြီးလျှင်၊ မော်ပိမြို့တွင်ရှိနှင့်သည့်စစ်ကဲပြည်ရွှေတောင်မြို့ဝန်၊ ရွှေလက်ယာဗိုလ်တို့တပ်ကိုထောက်လှမ်း၍၊ မော်ပိမြို့ရှိဗိုလ်စုတပ်စုရဲမက်လှက်ကိုင်နှင့်၊ အရေးတော်ပြီးပြေတန်သည်။ ဗိုလ်ခြေအလုံးအရင်းနှင့်တကွချီတက်တိုက်လှံသင့်သည်၊ မချီမတက်နှလုံးရည်နှင့်သာပြီးပြေသင့်သည်များကို၊ ချင့်ချိန်၍စီရင်ထမ်းရွက်ရမည်။ နှလုံးရည်နှင့်မပြီးမပြေ၊ ဗိုလ်ခြေအင်အားနှင့်တကွတိုက်လှံသိမ်းယူဆက်သရမည်။ အကြောင်းထင်မြင်လျှင်၊ ရွှေဘဝါးတော်အောက်ပေးအပ်တော်မူသည့်ရဲမက်လှက်ကိုင်စစ်ကဲပြည်ရွှေတောင်မြို့ဝန်၊ ရွှေလက်ယာဗိုလ်တို့နှင့်ရှိသည့်လက်နက်ကိုင်လူတို့ကို၊ ပေါင်းစဉ်း၍တလုံးတတည်းတိုက်လှန်လုပ်ကြသင့်သည်။ ခွဲဝေလုပ်ကြသင့်သည်များကိုညှိနှိုင်းတိုင်ပင်၍၊ အရေးတော်ပြီးပြေလွယ်အောင်၊ တိုက်လှန်လုပ်ကြထမ်းရွက်ရမည်။ စစ်ရေးစစ်မှုဆိုသည်အရာသည်၊ စစ်စကောင်းမှစစ်လယ်ကောင်းမည်၊ တွေးတောမြော်မြင်ခန့်ထား၍၊ အမှုတော်ကိုဖြောင့်ဖြောင့်ရိုးရိုးကြီးစားအားထုတ်ထမ်းရွက်မည်သူ၊ တင်းတင်းကြပ်ကြပ်ကွပ်ညှပ်တိုက်လှန်စေသင့်သူကို၊ ရွေးချယ်၍မဆိုင်းမရပ်ရွပ်ရွပ်ချွံချွံလုပ်ကြသိမ်းယူသင့်သည်၊ ရပ်ရပ် (နေနေ) အခြေအမြစ်နှင့်သိမ်းယူသင့်သည့်အရေးကိုထောက်၍၊ တိုက်လှန်လုပ်ကြထမ်းရွက်ရမည်။

အရေးအကြောင်းရှိသမျှကို၊ မပြတ်ကြားသိတော်မူရအောင်၊ ကြည်းကြောင်းရေကြောင်းမြင်းထောက်လှေထောက်ကို၊ ဆင့်ကဲ၍ရှိခိုးသံတော်ဦးတင်ချက်များနှင့်၊ သိသာလော်သည်ကိုသင့်ရာဆက်ပို့စေ။ တပ်တော်ကလူနှင့်၊ မပြတ်ကြားသိတော်မူရအောင်၊ လျှောက်ထားလာစေ၊ သင်းတို့ကစစ်ကူစစ်ထောက်ပေါ်ရောက်လာသည်လမ်းပေါ်လမ်းဝများမှာလည်း ၊ မပြတ်ထောက်လှမ်းစုံစမ်းစေ၊ ခန့်တော်မူသည့်ဗိုလ်မှူးတပ်မှူးစစ်ကဲနာခံတပ်ရေး၊ သူရဲသူခက်ရဲမက်လှက်ကိုင်တို့၊ ကျေးဇူးသစ္စာတော်မြတ်ကို၊ စောင့်သိရိုသေစွာ၊ မထမ်းမရွက်ဆုတ်ခွါသွေဘည်ရှောင်လွှဲသော်၊ စစ်မျက်နှာကွက်သော်မည်သူမဆိုသတ်တန်သူကိုသတ်။ ဖြတ်တန်သူကိုငင်၍ဖြတ်၊ အရေးတော်ရအောင်ကြိုးစားအားထုတ်၊ စွန့်စားထမ်းရွက်ရာတွင်ပွဲလမ်းရသူတို့လည်း၊ ရသည့်ပွဲလမ်းထမ်းရည်ရွက်ရည်အလျော်၊ သူကောင်းပြုတော်မူမည်၊ အစုအငန်းအမည်အရည်နှင့်မှတ်သား၍ လျှော်။ ငါရွှေဘုန်းတော်မြတ်ကြောင့်ဗိုလ်မှူးတပ်မှူးသူရဲသူခက်ရဲမက်လှက်ကိုင်တို့၊ မပင်မပန်းအင်္ဂလိပ်ကုလားအမျိုးသားတို့၊ ရွှေလက်တော်သို့ရောက်၍၊ အရေးတော်ပြေကုန်မည်အမှန်ဖြစ်သည်၊ တိုက်ပွဲတွင်ရသည့်၊ ဆင်ကြီးမြင်းကြီးအမြောက်စိန်ပြောင်းသွေတ်၊ မင်းဘဏ္ဍာနှင့်စပ်သည်ကိုချန်၍၊ ကျန်သမျှကျွဲနွားအဝတ်အစားရွှေငွေပစ္စည်းများမှာ၊ ရသူတို့လက်ရယူစေ။ အရေးတော်ပြေကုန်လျှင်မည်သသူကိုအုပ်ချုပ်စောင့်နေရစ်စေအမိန့်တော်မြတ်နှင့်ခေါ်တော်မူမှသိမ်းရုံးရသည့်ဘဏ္ဍာအရာများကိုဆောင်ယူပြီးလျှင်၊ အုပ်စည်းမပျက်တပ်စည်အတိုင်း၊ ရွှေဘဝါးတော်အောက်ပြန်လာရမည်။ အရည်အလျော်ရွေးကောက်ခန့်ထားသည်နှင့်အညီဆင့်ဆိုစီရင်ထမ်းရွက်ရန်ကျန်သမျှကို၊ ငါအမိန့်တော်အတိုင်းမလစ်မလပ်မယုတ်မလွန်စေရ၊ နေ့ညအမြဲနှလုံးသွင်း၍စီရင်ထမ်း ရွက်

ရမည်။ အမိန့်တော်ကိုမတည်၊ ပေါ့လျော့ကွက်၍၊ အရေးတော်မပြီးမကုန်၊ လစ်လပ်ကျန့်ကြာရှိလျှင်၊ ဗိုလ်မှူးတပ်မှူးစစ်ကဲနာခံတပ်ရေး၊ အကွပ်အကြပ် ခေါင်းအကြီးမင်း ခေါင်းမြင်းစီးတို့၂ခွန်း ခြေရမည်မမှတ်နှင့်ကြီးစွာ သောအကွပ် တော်ကိုခံရမည်။

(ရ) မုတ္တမ ကျောင်းချီဗိုလ်မှူး၊ တောင်တွင်းကြီးမြို့ဝန်၊မင်းရဲမင်းခေါင်ကျော်ကိုဝန်ကြီး၊ သတိုးမင်းလှမဟာသီဟသူ၊ သတိုးမင်းခေါင်၊ သတိုးမင်းကြီးမဟာသက်တော်ရှည်တို့နှင့်ဘက်၍၊ ဝန်ကြီးခန့်၊ သက္ကရာဇ် ၁၂၁၄ ခုဝါခေါင်လပြည့်ကျော် ၅ ရက်နေ့၊ နာခံ တော်မဟာမင်းတင်မင်းလှရာဇာပြန်အမိန့်တော်

ဘုန်းတော်ချီမြဲ၊ အမိန့်တော်ရှိသည်၊ မုတ္တမ ကျောင်းချီဗိုလ်မှူး၊ တောင်တွင်းကြီး မြို့ဝန်မင်းရဲမင်း ခေါင် ကျော်ကိုဝန်ကြီးခန့်တော်မူသည်။ သို့ခန့်တော်မူ ကြောင်းလည်း၊ မုတ္တမ ကျောင်းချီဗိုလ်မှူး တောင်တွင်းကြီးမြို့ဝန်မင်းရဲမင်း ခေါင် ကျော်သည်၊ မဂ်လာအိမ် တော်စံ တော်မူစည်ကပင်၊ ကျေးဇူးသစ္စာ တော် ၂ပါးကို စောင့်သိရိုသေစွာအမှုတော်ကိုထမ်းရွက်သည်။ ရွှေလက်ထက် တော်တွင်လည်း၊ မသွေမဘည်အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုးကြိုးစားအားထုတ်ထမ်းရွက်သည်ဖြစ်၍၊ အမည်နေရာအဆောင်အရွက်အထိုက်အလိုက်သနားပြုစုတော်မူသည်၊ အတွင်းမှုမှစ၍ခပ်သိမ်းသောစီရင်ဘွယ်စီရင်ခင်းအလုံးစုံကို၊ ကျွမ်းသိနားလည်သသူအထူးသဖြင့်ယုံမှတ်သနားတော်မူသည့်ကျွန်တော်မျိုးဖြစ်သောကြောင့်၊ မင်းညီမင်းသားမှူး တော်မတ်တော်၊ ကျွန်တော်မျိုးအပေါင်းတို့တွင်၊အကြောင်းအရည်ကို ရွေးချယ်စိစစ်၍၊ အဂ္ဂမဟာသေနာပတိအချုပ်ကြီးအကိုင်ကြီး၊ မ(င်း)စိုးအရာနှင့် ဝန်ကြီးခန့်တော်မူသည်။

ဝန်ကြီးဆိုသည့်အရာသည်၊ ငါအသျှင်ဧကရာဇ်မင်းမြတ်တို့တွင်၊ ရာဇဌာန်ရှေ့ပြည်တော်ကြီးမှစ၍၊ အခြံအရံများသော၊ တိုင်းနိုင်ငံအနီးအဝေး၊ ပြည်ရေးရွာမှုခပ်သိမ်းသော၊ စီရင်ဘွယ်စီရင်ခွင့်လုံးစုံကို မျှော်ထောက်၍၊ သာသနာတော်ထွန်းပပွင့်လင်းကြောင်း၊ အကျိုးစီးပွားတော်များ၏သားတော်အစဉ် မြေးတော်အဆက်တိုင်၊ နိုင်ငံတော်စည်ပင်သာယာကြောင်းများကို၊ အမြဲနှစ်လုံးသွင်း၍၊ ဓမ္မဝတ်ရာဇဝတ်လောကဝတ်အကြောင်း၃ပါးကို၊ ကျွမ်းသိနားလည်သည်နှင့်အညီ၊ ရှေးအဂ္ဂမဟာသေနာပတိတို့ခွင့်ကို ထောက်၍၊ ဝန်စဉ်နှင့်ညီညွတ်စွာခန့်ထားစီရင်။

သက္ကရာဇ် ၁၂၁၄ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့၊ ကျောက်မော်မင်းကြီးကိုဝန်မင်းကြီး၂ပါးကို လျောက်ပြီးလျှင်၊ နေညီလာခံစုံတွင်မင်းတုန်းမင်းကိုအမိန့်တော်ခံပြီးစာရေးကြီးဦးကွန်းစာရေးငရိုးကိုအပ်သည်။

(ဂ) ကျောက်ပန်းတောင်းမြို့စား၊ ဝန်ကြီးသတိုးသုဓမ္မမဟာမင်း ခေါင်ကိုဟံသာဝတီကြောင်းချီဗိုလ်မှူးခန့်အမိန့်တော်ပြန်တမ်း

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော၊ ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်းသခင်ဆင်ဖြူများရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီးဘုရား၊ အမိန့်တော်ရှိသည်။ ဟံသာဝတီကြောင်းချီတက်ထမ်းရွက်စေသည့်၊ ဗိုလ်စုတပ်စုမြို့ဝန်မြို့အုပ်မြို့သူကြီး၊တပ်ပါရဲမက်တို့မှာ ကျောက်ပန်းတောင်းမြို့စားဝန်ကြီးသတိုးသုဓမ္မမဟာမင်း ခေါင်ကိုဗိုလ်မှူးလက်ဝဲဝင်းမှူး ဝန်ထောက်မြို့စားသတိုးမင်းကြီး၊ မဟာမင်းလှမင်း ခေါင် ကျော်တို့ကိုစစ်ကဲ၊ မြေထဲမြို့အုပ်ဗိုလ်မဟာဇေယကျော်ခေါင်၊ မဟာမင်းကျော်တို့ကိုနာခံ၊ စာရေးကြီးမဟာမင်းလှမင်းကျော်မင်းထင်၊ မင်းကြီးမဟာမင်းကျော်ရာဇာတို့ကိုဗိုလ်တပ်ရေးခန့်၍၊ ရွှေဘဝါးတော်အောက်က၊ ပေးအပ်သည့်လက်နက်ကို၂၄၀၀၊ သုံကောင်းဖြစ်တမ်း ၅၅၀၊ ၂စု ၂၉၅၀၊ တပ်ဆောင်အမြောက်၃၅၊ စိန်ပြောင်း၁၀၀၊ အမြောက်စေ့၃၅၀၀၊ စိန်ပြောင်းစေ့၁၀၀၀၀၊ မီးကျောက်ပြား ရေ-၁၀၀၀၀၊ ခဲလုံး ရေ၅၀၀၀၀၊ ယမ်းပြီးချိန်၅၀၀၀၊ ကန့်ချိန်၅၀၊ လက်ချားချိန်-၅၊ ဇဝက်သာချိန် ၅၊ သံမဏိသံချိန်၂၀၊ အောင်လံ၁၀၊ အောင်စည်၁၀၊ အောင်မောင်း၁၀၊ မီးပါအိုး ၁ လူ၃၊ ပန်းဘဲကြမ်းအိုး၂ လူ၁၀၊ လက်သမား ၁၀၊ ဆတ္တာ၁၊ ဆေးသမား၁၊ အခါပေးပုဏ္ဏား ၂၊ ဂြိုဟ်ပူဇော်ပုဏ္ဏား ၂၊ တပ်ကိရိယာအစုံအလင်စီရင်စည်းကြပ် ပေးအပ်ခန့်ထား၊ ချီသွားစေကြောင်းသည်၊ လက်နက်နိုင်ငံ တော်ဖြစ်သော၊ ဟံသာဝတီ၊ မုတ္တမ၊ သံလျှင်၊ ဒလ-ပုသိန်၊ မြို့ရွာများသို့ထိပါးနှောင့်ရှက်နေသည့်သူပုန်ဂုလားအင်္ဂလိပ်လူမျိုးသားတို့ကို၊ တယောက်မကျန်ဘမ်း

သီးသတ်သုတ်သိမ်းယူဆက်သရမည်ဖြစ်၍၊ အောက်တပြင်မြို့ကျေးရွာများမှာ၊ မြို့ရွာအင်အားအလျောက်၊ ထမ်းခြေရွက်ခြေအကြီးအအုပ်၊ ခန့်ထားထမ်းရွက်ရန်ရှိသည်များကို ၊ အရေးကိုချင့်ချိန်ပြီးလျှင်၊ ဗိုလ်မှူး ကျောက်ပန်းတောင်းမြို့စားဝန်ကြီးသတိုးသုဓမ္မမဟာမင်း ခေါင်ကခန့်ထားစည်းကြပ်ထမ်းရွက်စေသည်။ မြဝတီကြောင်း၊ ပုသိန်ကြောင်း။ မုတ္တမကြောင်း ၊ ချီတက်ထမ်းရွက်စေသည့်တပ်စုကိုလည်း ၊ ဟံသာဝတီကြောင်းချီဗိုလ်မှူး ကျောက်ပန်းတောင်းမြို့စားဝန်ကြီးသတိုးသုဓမ္မမဟာမင်း ခေါင်ကလှမ်းကမ်းဆင့်ဆိုထမ်းရွက်စေသည်ဖြစ်သည်၊ ရွှေဘဝါး တော်အောက်က၊ အလျှင်အမြန်ချီတက်သွားစေသည်၊ တပ်ပါဗိုလ်စုတပ်စု၊ သူရဲသူခက်ရဲမက်လက်နက်ကိုင်တို့၊ လမ်းခရီးတလျှောက်မြို့ရွာများမှာ၊ဆင်းရဲသားတို့ပစ္စည်းဥစ္စာမြင်းကျွဲ၊ နွား၊ ဝက်၊ ကြက်မှစ၍၊ အရှင်မပေးသည်ကိုသစ်သီးတလုံးဟင်းရွက်တချပ်ကိုမျှ၊ မဆွတ်မခူးမလုမယူစေနှင့်၊ သားပျို-သမီးပျိုတို့ကိုလည်း၊ မသိမ်းမယူ၊ ဘဲ၊ ကြွေအံ၊ အရက်၊ ထန်းရေခါး၊ ကဇော်လှော်စာစိန်ပင်ဘင်းဘိန်းယစ်မျိုးနှင့် စသည်များကိုမသောက်မစားမကစားစေနှင့်။

ဒိဋ္ဌသုတမုတမဂ်လာမရှိသည်၊ အချင်းအရာများကို၊ မပြောမဆိုစေရ၊ ကြပ်ကြပ်တည်းတည်းဆင့်ဆိုစီရင်၊ ချီသွားရမည်၊ တပ်တော်ချရပ်တိုင်းလည်း ၊ ရတနာသုံးပါးသာသနာတော်စောင့်သမာဒေဝနတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ရုက္ခစိုး ၊ ဘုမ္မစိုး နတ်မြတ်တို့အား ၊ ထမင်းမုံ့ယိုအချိုအဆိမ့်၊ ဆေးကွမ်းလဘက်အုန်းငှက်ပျောအမွှေးအထုံတို့ဖြင့်၊ တင်လှူပသပူဇော်ရမည်။ ထားလှံသေနတ်အမြောက်စိန်ပြောင်းစွဲကိုင်သူတို့မှာ မပြတ်ပြင်ဆင်ပွတ်သတ်စေ၊ အရေးအကြောင်းမရှိသည်ကို၊ မပစ်ဘောက်စေနှင့်၊ တပ်မှူးစစ်ကဲနာခံအကွပ်အကြပ်တို့က၊ မပြတ်ကြည့်ရှု၍ ကောင်းမွန်အောင်ပြင်လုပ်စေ။ သေနတ်မီးမောင်း၊ မကောင်းပျက်စီးယိုယွင်းရှိလျှင်၊ စွဲကိုင်သူတို့ကိုအပြစ်နှင့်လျော်အောင်စီရင်၊ တပ်တော်ချရပ်လျှင်လည်း၊ စစ်ကဲနာခံ၊ တပ်မှူးအကွပ်အကြပ်တို့၊ အားစါးချပ်ခါဗိုလ်တဲသို့စည်းဝေး၍၊ ည၄ချက်တီးကသည့်၂ချက်တီးတိုင်အောင်၊ လုပ်ရေးကြံရေးများကို၊ ညှိနှိုင်းတိုင်ပင်ရမည်။ တပ်မှူးစစ်ကဲနာခံတပ်ရေးအကွပ်အကြပ်တို့မှာလည်း ၊ တဝက်အိပ်လျှင်တဝက်စောင့်နေစေ။ တညဉ့်၃ယံမောင်းကြေးနင်းခတ်၍၊ လှည့်ပတ်စောင့်နေထမ်းရွက်ကြစေ။ အရေးအကြောင်းကိုထောက်၍၊ သင့်ရာအရပ်က၊ရပ်နေပြီးလျှင်- ရှေ့ချီတပ်စုရဲမက်လက်နက်ကိုင်နှင့်၊ အရေးတော်ပြီးပြေတန်သည်။ ဗိုလ်ခြေအလုံးအရင်းနှင့်တကွ ချီတက်တိုက်လှဲသင့်သည်၊ မချီမတက်နှလုံးရည်နှင့်သာပြီးပြေသင့်သည်များကို၊ ချင့်ချိန်၍စီရင်ထမ်းရွက်ရမည်။ နှစ်လုံးရည်နှင့်မပြီးမပြေ၊ ဗိုလ်ခြေအင်အားနှင့်တကွတိုက်လှဲသိမ်းယူဆက်သရမည်၊ အကြောင်းထင်မြင်လျှင်၊ ရွှေဘဝါးတော်အောက်က ပေးအပ်တော်မူသည့်ရဲမက်လက်နက်ကိုင်၊ ရှေ့ချီတပ်စုဗိုလ်တို့နှင့်ရှိသည့်ရဲမက်လက်နက်ကိုင်တို့ကို၊ ပေါင်းစည်း၍တလုံးတဝတည်း ၊ လိုက်လံလုပ်ကြံသင့်သည်၊ ခွဲဝေတိုက်ခိုက်လုပ်ကြံသင့်သည်များကိုညှိနှိုင်းတိုင်ပင်၍အရေးတော်ပြီးပြေလွယ်အောင်၊ တိုက်လံလုပ်ကြံထမ်းရွက်ရမည်။

စစ်ရေးစစ်မှုဆိုသည်အရာသည်၊ အစကောင်းမှဆယ်စကောင်းမည်။ တွေးတောမြော်မြင်စီရင်ခန့်ထား၍၊ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး၊ ကြိုးစားအားထုတ်ထမ်းရွက်မည့်သူ၊ တင်းတင်းကြပ်ကြပ်ကွပ်ညှပ်တိုက်လံစေသင့်သူကို၊ ရွေးချယ်၍၊ မဆိုင်းမရပ်ရွပ်ရွပ်ချွံချွံလုပ်ကြံသိမ်းယူသင့်သည်၊ ရပ်ရပ်နေနေအခြေအမြစ်နှင့်သိမ်းယူသင့်သည်။ အရေးကိုထောက်၍တိုက်လံလုပ်ကြံထမ်းရွက်ရမည်။ အရေးအကြောင်းရှိသမျှကို၊ မပြတ်ကြားသိတော်မူရအောင်၊ ကြည်းကြောင်းရေကြောင်း၊ မြင်းတော်လှေတော်ကို၊ ဆင့်ကဲထား၍ ရှိခိုးသံတော်ဦးတင်ချက်များနှင့်သိသာလောက်သည်ကိုသင့်ရာဆက်ပို့စေ။ တပ်တော်ကလူနှင့်မပြတ်ကြားသိတော်မူရအောင်၊ လျှောက်ထားလာစေ။ သင်းတို့ကစစ်ကူစစ်ထောက်ပေါက်ရောက်သာသည်လမ်းပေါက်လမ်း ဝများလည်း ၊ မပြတ်ထောက်လှမ်းစုံစမ်းစေ၊ ခန့်တော်မူသည့်ဗိုလ်မှူးတပ်မှူးစစ်ကဲနာခံ၊ တပ်ရေး၊ သူရဲသူခက်ရဲမက်လက်နက်ကိုင်တို့၊ ကျေးဇူးသစ္စာတော်မြတ်ကို စောင့်သိရိုသေစွာ၊ မထမ်းမရွက်ဆုတ်ချွံသွေဖီရှောင်လွှဲသော်၊ စစ်မျက်နှာကွက်သော်-မည်သသူမဆိုသတ်တန်သူကိုသတ်၊ ဖြတ်တန်သူကိုငင်၍ဖြတ်၊ အရေးတော်ရအောင်၊ ကြိုးစားအားထုတ်စွန့်စားထမ်းရွက်ရာတွင်၊ ပွဲလမ်းရသူတို့ကိုလည်း ရသည်၊ ပွဲလမ်းထမ်းရည်ရွက်ရည်အလျောက်သူ ကောင်းပြုတော်မူမည်။ အစုအငန်းအမည်အရည်နှင့်၊ မှတ်သား၍ လျှောက်၊ ငါရွှေဘုန်းတော်မြတ်ကြောင့်ဗိုလ်မှူး

တပ်မှူးသူရဲသူခက်၊ ရဲမက်လက်နက်ကိုင်တို့ကို၊ မပင်မပန်းအင်္ဂလိပ်အမျိုးသားတို့၊ ရွှေလက်တော်သို့ရောက်၍၊ အရေးတော်ပြေကုန်မည်အမှန်ဖြစ်သည်၊ တိုက်ပွဲတွင်ရသည်ဆင်ကြီး ၊ မြင်းကြီး အမြောက်စိန်ပြောင်း၊ သေနတ်၊ မင်းဘဏ္ဍာနှင့်စပ်သည်ကိုချန်လှပ်၍၊ ကျန်သမျှကျွဲ၊ နွား၊ အဝတ်အစား ရွှေငွေပစ္စည်းများမှာ၊ ရသူတို့လက်ရစေ၊ အရေးတော်ပြေကုန်လျှင်၊ မည်သသူကိုအုပ်ချုပ်စောင့်နေရစ်စေ၊ အမိန့်တော်မြတ်နှင့်ခေါ်တော်မူမှ၊ သိမ်းရုံးရသည့်ဘဏ္ဍာအရာများကိုဆောင်ယူပြီးလျှင်၊ အုပ်စည်းမပျက်တပ်စည်းအတိုင်း ၊ ရွှေဘဝါးတော်အောက်ပြန်လာရမည်။ အထူးသဖြင့်ရှုံ မှတ်သထာ တော်မူသည့်၊ ကျွန်တော်မျိုးဖြစ်၍၊ အရည်အလျောက်ရွေး ကောက်ခန့်ထားသည်နှင့်အညီ၊ ဆင့်ဆိုစီရင်ထမ်းရွက်ရန်ရှိသမျှကို၊ ငါအမိန့်တော်အတိုင်းမလစ်မလပ်မယုတ်မလွန်စေရ၊ နေ့ညအမြဲနှလုံးသွင်း၍စီရင်ထမ်းရွက်ရမည်၊ အမိန့်တော်ကိုမတည်ပေါ့လျော့ငဲ့ကွက်၍၊အရေးတော်မပြေမကုန်လစ်လပ်ကြန့်ကြာရှိရလျှင်၊ ဗိုလ်မှူးတပ်မှူးစစ်ကဲနာခံ၊ ငုံလိတပ်ရေးအကွပ်အကြပ် ခေါင်အကြီးမြင်း ခေါင်းမြင်းစီးတို့၊ နှစ်ခွန်းခြေရမည်မမှတ်နှင့်ကြီးစွာ သောကွပ်တော်ကိုခံရမည်။

သက္ကရာဇ် ၁၂၁၄ တော်သလင်းလဆန်း ၂ရက်နေ့ညီလာခံဝင်လွှတ်တက်တွင်မင်းတုံးမင်း ၊ ကျောက်မော်မင်းကြီး၊ ကျောက်ပန်းတောင်းမင်းကြီး၊ ကျီဝန်မင်းကြီး ၃ ပါး၊ အစုံအညီတွင်ဝန်ထောက်တော်ကောလိယမြို့စားဆင့်၍နာခံတော်စမြောင်မှူး အပ်၍သွင်းသည်။ ၃- ရက်နေ့ပြန်တမ်းခံဝန်ကြီးမင်းရုံးကွန်းတွင်း ၊ အနောက်ကမြို့ဝန် ၂၊ အရှေ့ကွန်းတွင်းကမြို့ဝန် ၂၊ အနောက်နှာရောင်ကဗိုလ်မှူး အရာရှိစုံညီပြန်တမ်းကိုနာခံတော်ပြောကြီးမှူး ဘတ်သည်။

(၉) ဟံသာဝတီကြောင်းချီဗိုလ်မှူးအသစ်ခန့်

ငကြီးကိုဝန်ကြီးအရာနှင့်သူကောင်းပြုတော်မူ၍၊ ဟံသာဝတီကြောင်းအရေးတော်တွင်၊ အချုပ်အအုပ်ခန့်ထား၊ ထမ်းရွက်စေသည်ကို၊ ရာဇဝတ်တော်ကြောင်းကိုမထောက်မကြောက်၊ တပ်ပါရဲမက်တော်မြို့ရွာများကိုမအုပ်မကွက်နိုင်၊ အရေးတော်ပျက်၍၊ ဆုတ်ခွါသူဖြစ်သည်။ သင့်ကိုအရာအထူးစား ကျေးမြို့ရွာ၊ အအုပ်အထိန်းရှိသည်များကို၊ နှုတ်၍တပ်ဦးတော်မှာငယ်သားထမ်းနှင့်ထမ်းရွက်စေ။

ဟံသာဝတီကြောင်းချီတက်ထမ်းရွက်စေသည့်ဗိုလ်စုတပ်စုမြို့ဝန်မြို့အုပ်မြို့သူကြီးတပ်ပါရဲမက်တို့မှာ၊ ကျောက်ပန်းတောင်းမြို့စား၊ သတိုးသုဓမ္မမဟာမင်းခေါင်ကိုဗိုလ်မှူးဗိုလ်ချုပ်ခန့်၍၊ ကုလားသုပုန်တို့ကိုတိုက်ချက်သတ်ညှစ်သိမ်းယူဆက်သစေ။ အောက်တပြင်မြစ်စဥ်မြို့ကျေးရွာမှာ၊ မြို့ရွာအင်အားကိုထောက်၍၊ ထမ်းခြေရွက်ခြေအကြီးအအုပ်ခန့်ထားထမ်းရွက်ရန်ရှိသည်များကို၊ အရေးကိုချင့်ချိန်ပြီးလျှင်၊ ဗိုလ်မှူး ကျောက်ပန်းတောင်းမြို့စား ဝန်ကြီး သတိုးသုဓမ္မမဟာမင်းခေါင်ကခန့်ထားစည်းကြပ်ထမ်းရွက်စေ။

ဓညဝတီကြောင်း၊ ပုသိန်ကြောင်း ၊ မုတ္တမကြောင်းချီတက်ထမ်းရွက်စေသည့်တပ်စုကိုလည်းဟံသာဝတီကြောင်းချီဗိုလ်မှူး ကျောက်ပန်းတောင်းမြို့စားသတိုးသုဓမ္မမဟာမင်းခေါင်ကလှမ်းကမ်းဆင့်ဆိုစေ။ ဓညဝတီကြောင်းချီဗိုလ်မှူးလက်ဝဲဝင်းတော်မှူး သတိုးမင်းကြီးမင်းလှမဟာမင်းခေါင်မှာ၊ မိုးကာလမြစ်ရေချောင်းမြောင်း၊ ပြည့်လျှမ်းသည့်အခါဖြစ်သည်၊ အုပ်ချုပ်ရင်း ၊ စကု၊ စလင်း၊ လယ်ကိုင်း၊ မင်းတုန်းတောင်စည်ခုနှစ်ခရိုင်မြို့ကျေးရွာများက၊ အမှုထမ်းလူတို့ကိုချန်ထား၍ကျန်အစုအမှုထမ်းမြစ်စဥ်မြို့ရွာအမှုထမ်းလူတို့နှင့်အုပ်ချုပ်ပြီးလျှင်ဟံသာဝတီကြောင်း ဗိုလ်မှူး ကျောက်ပန်းတောင်းမြို့စားဝန်ကြီးသတိုးသုဓမ္မမဟာမင်းခေါင်တပ်မှာဆင့်ဆိုရာနာခံထမ်းရွက်စေ။

သက္ကရာဇ် ၁၂၁၄ ခု၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်နေ့နာခံတော်စမြောင်မှူးမဟာမင်းလှသခ်သူ ပြန်အမိန့်တော်–

ကုန်းဘောင်ခေတ်လယ်
သက္ကရာဇ် ၁၁၄၅-မှ-၁၁၉၉ ခုအတွင်း
ထုတ်ပြန်သည့် အမိန့်တော်များ။

(၁)

မိုးမိတ်မင်း ၊မင်းခင်းမင်းသမီး၊ မိတ္ထိလာမင်းသမီးတို့မှာမင်းကျော်သီဟကိုဝန်အရာနှင့်ဇ်ရင်မြဲစီရင်စေ။ ။

၁၁၆၇ တန်ခူးလဆန်း ၁၂ ဇေယနော်ယထာပြန်။

(၂)

မဟာခန်မှာလည်းနိုင်ငံတော်ကျိုင်းတုံမြို့နယ်အတွင်းနေပြီးလျှင်ထောင်ထားဆိုးသွမ်းသူဖြစ်သည်၊ မဟာခန်ကိုရအောင်တိုက်ဖျက်သိမ်းယူရမည်အကြောင်းနှင့်မိုးနဲဗိုလ်မှူးသို့မှာထား၍လာသူကန်သစ်သူကြီးကိုအလျှင်ပြန်စေ။

မဟာခန်ကိုအဆင့်အဆီးလူ ၂၀၀၀ ခန့်ထားချီသွားစေရမည်မှာဒိုင်းဝန်ကိုလွှတ်သို့တက်၍စကိုင်းမင်း၊ ပြည်မင်း၊ တောင်ငူမင်း၊ ပုဂံမင်း၊ ပုခန်းမင်း၊ မိုးမိတ်မင်းတို့ဆင့်ဆိုရာနာခံခန့်တောင်းစေ၊ လူ ၂၀၀၀တွင်တော်သင့်သူကိုတပ်မှူးတပ်အုပ်ခန့်ထား၍၊ အလျှင်အမြန်ရောက်လွယ်အောင်လင်ကြောင်းချီသွားစေ။

မိုးနဲဗိုလ်မှူးစစ်ကဲတို့ကို ၁၀၀၀ တန်သည်၊၅၀၀ တန်သည်ခန့်ထားပြီးလျှင်ရွှေဘဝါးတော်အောက်ကတပ်စုနှင့်ပေါင်း၍ချီသွားတိုက်လံစေ။

မဟာခန်အရေးပြီးလျှင်ရွှေဘဝါးတော်အောက်ကချီတက်သည့်တပ်စုကိုပြန်လာစေ။

၁၁၆၇ ခုတန်ခူးလဆုတ် ၃ ရက် ဇေယနေရထာပြန်

(၃)

လွှတ်တော်မှာပုဂံမင်းတယောက်ကိုသာတက်၍စီရင်စေ၊ ပြည်မင်း၊ တောင်ငူမင်း၊ ပုခန်းမင်း၊ မိုးမိတ်မင်းတို့မှာမတက်စေနှင့်တော့၊ လွှတ်တော်တွင်စီရင်ခင်းစီရင်ဘွယ်အဝေးအလံအပေးအမှာမှစ၍စီရင်ရန်ရှိသမျှကိုတညီတညွှတ်တည်းပုဂံမင်းအမိန့်တော်ကိုခံ၍စီရင်စေ။

၁၁၆၇ ကဆုန်လဆန်း ၄ ရက် ဇေယနော်ရထာပြန်

(၄)

ရှေးအစည့်ပဋ္ဌမပေးမြဲရှိသည့်အတိုင်းပဋ္ဌမပေးစေရမည်၊ ပဉ္စင်းပဋ္ဌမရှင်ပဋ္ဌမတို့ကိုမိုးထိမှန်စီတို့ပေးသည့်နည်းပေးစေ။ ငမြာနွယ်တုံနွယ်ကမပေးစေနှင့်၊ ပဋ္ဌမပေးရာတရားသူကြီးရာဇသီရိနှင့်ပရိတ်တော်ရွတ်တို့ကိုခန့်ထား၍ကြပ်မနှိုးဆော်စေ။

၁၁၆၉ ခုကဆုန်လဆန်း ၉ ရက်နေ့
ဇေယျနော်ရထာပြန်

(၅)

မြိတ်ဝန်အရာရှိတစုတို့ရှိခိုးသံတော်ဦးတင်ချက်လျှောစီးပရင်ငထော်မှတ်အစစ်ခံချက်များကိုထောက်၍ဂီတာစော်ဘွား အကြောင်းအရာပရင်ငထော်မှတ်နှင့်စကားပြောဆိုရင်းရှိသည့်အတိုင်းဂီတာစော်ဘွားနှင့်ပြောဆိုသင့်စကားကိုဆက်လက်ပြောဆိုစေ။

ငင်းသုဒ္ဒဒိန် ၇၅၅ တော်သလင်း လဆန်း ၁၅ ရက်နေ့
ဇေယနော်ရထာပြန်

(၆)

ဗဒ္ဒိမြို့နယ်တွင်ရှိစုကြီး သွေတ်သားတို့မှာယခု ရွှေလက်ထက်တော်ဘွဲ့ရင်းလုစုမှန် လျှင်စုကြီး သွေတ်မှာထမ်းစေ၊ ဘွဲ့ရင်းလုစုစာရင်းကိုလည်းအစုကသွင်းစေ၊ ဘွဲ့ရင်းလုများ မှာငါဘုရင့်မင်းတရားကြီး နေခင်တော်ဆင်ဖြူရှင်လက်ထက်ဝင်ထမ်းသူဖြစ်လျှင်အစုကမ သိမ်းစေနှင့်ဗဒ္ဒိမြို့သူကြီးတို့သို့အပ်၍ဗဒ္ဒိမင်းသို့ဝင်ရောက်အမှုထမ်းစေ၊ စာရင်းကိုလည်း ဗဒ္ဒိမြို့သူကြီး ကဆက်စေ။

၁၁၆၉ ခုတန်ဆောင်မုန်း လဆုတ် ၁၀ ရက်နေ့
နာခံ ပြောကြီးမှူး တွင်ပြန်

(၇)

မဂ်လာငှသင်း၊ အဝဇသင်း၊ အောက်မား တော်များနှင့်သိ ပေါ်မြို့ကျေးမိုင်း ခိုတောက အောက်ငင်ခဲ့သည်ဆင် တော်အတိုင်း ၅၂ ကျော်ခန့်၆ခန့်အစွယ်ပြင် ပေါ် ၁ ၂ခန့် ဆင်တော်ကိုစကိုင်းမင်း တွက်ကျုး တော်မှာကြော့ဘမ်းမြဲ ကြော့ဘမ်းစေ၊ ဆင်ဝန် အောက် မားဝန်တို့ကိုလည်းလိုက်စေ။

၁၁၆၉ ခု နတ်တော်လဆန်း ၆ ရက်နေ့
နာခံဘယကျော်ထင်တွင်ပြန်

(၈)

အမိန့်တော်နှင့်တံဆိပ်မခတ်မိသွင်းသည်လက်နက်တိုက်ရှိသွင်းသည့်သွေတ်စုမှာ ခိုင်လုံသည်မခိုင်လုံသည်ကိုစမ်း၍ခိုင်လုံသည့် သွေတ်ကိုတံဆိပ်ခတ်မှတ်သွင်းစေ၊ မခိုင်လုံသည့် သွေတ်စုကိုသွင်းရင်းသူတို့သို့ပြန်၍အပ်၊ ခိုင်လုံသည့်သွေတ်တိုက်ကထုတ်ရင်း သွေတ်ကိုသွင်းစေ။

သက္ကရာဇ် ၁၁၆၈ ခု ကဆုန်လဆန်း ၁၀ ရက်နေ့
နား ခံဘယကျော်ထင်တွင်ပြန်

(၉)

ရွှေဘဝါး တော် အောက်တွင်လုပ်သည့်သွေတ်လက်သစ်များကိုတံဆိပ်ခတ်မှတ်သည် မှာအတွင်း တော်လုပ်ပန်းဘဲပညာကျော်ထင်၊ ဗလကျော်ထင်တို့ကိုဥ ဒေါင်းရုပ်တံဆိပ်ခတ် မှတ်စေ။

သက္ကရာဇ် ၁၁၆၈ ခု ကဆုံလဆန်း ၁၄ ရက်နေ့
နာခံရာဇနော်ရထာတွင်ပြန်

(၁၀)

သေနတ်ဆက် လှေစီးတို့က သေနတ်အများဆက်ရန်ရှိသည်မှာသ ဘော်လုပ် သေနတ် ကို ပြေကုန် အောင်မရနိုင်ပါ ရွှေဘဝါး တော် အောက်တွင်လုပ် ဆောင်ဆက်သွင်းရပါလျှင် ပြေကုန် အောင်ဆက်သွင်းနိုင်ပါမည်၊ ပန်းဘဲတို့ကလည်း ကောင်းမွန်ခိုင်လုံ အောင်လုပ်ဆောင် ပါမည်၊ သေနတ်၅လက်သွင်းပြ၍ရှိခိုးသံ တော်ဦးတင်သည့်အတိုင်း ဒဝယ်ဗိုလ်ကိုပစ်၍စမ်း စေ လျှင်ခိုင်လုံသည်ဖြစ်သည်၊ စမ်းစေသည် သေနတ်နည်း ချော မော ကောင်းမွန်ခိုင်လုံ အောင် လုပ် ဆောင်ပြီးပစ်၍စမ်းစေ၊ မကျိုးမ ပေါက်ခိုင်လုံသည့် သေနတ်ကိုအတွင်း တော်မှာ ဒေါင်း ရုပ်တံဆိပ်ခပ်၍ လှေစီးတို့ဆက်စုသင့် သေနတ်ကိုဆက်သွင်းစေ။

သက္ကရာဇ် ၁၁၆၈ ခု နယုန်လဆန်း ၅ ရက်နေ့
နာခံရာဇနော်ရထာတွင်ပြန်

(၁၁)

တွင်းသင်းတိုက်တပယ်မြို့နယ်တွင်၊ သံတော်ရှင်အင်း၊ တိမ်ညိုဖြစ်မကန်အင်း ၊ ပြောင်စင်အင်း ၊ ထုံးကြီးအင်းများ သည်၊ အင်းစားမရှိလပ်သည်ကိုပန်းတိမ် ခေါင်း၊ ပညာ နန္ဒကျော်နှင့်ငယ်သားလူ ၁၅ တို့ကိုအင်းစားသနား တော်ခံ စေမည်သွင်းချက်အတိုင်းသင့် ပြီ။

၁၁၆၉ ခု နတ်တော်လဆန်း ၁၁ ရက်နေ့
နားခံဘယကျော်ထင်တွင်ပြန်

(၁၂)

မြို့သာ ကျေးနတ်စိမ်းဘုန်းကြီးတို့မှာတသီးတဌာနဖြစ်သည် ပင့်ခေါ်စေ

၁၁၉၆ (၆၉) ခုနတ်တော်လဆုတ် ၁၃ ရက်နေ့
ဇေယနော်ရထာပြန်

(၁၃)

ပန်းချီရေး ရွှေတောင်စိဏ္ဍကျော်၊ ငွေတောင်စိဏ္ဍသူ၊ ငမြတ်လှ၊ ငချွေး၊ ငဝန်းတို့ကိုတာ ၂၀၀ အတွင်းမှာနေစေ။

၁၇၀၀ (၁၁၇၀) သတင်းကျွတ်လဆန်း ၃ ရက်နေ့
နားခံ ပြောကြီးမှူးတွင်ပြန်

(၁၄)

မိန်းမတိုး ရွှေတောင်မနော်၊ ရွှေတောင်ပေါ်စတို့ကိုသနား တော်မူသည်၊ ကသည်းတို့ကိုနှုတ်၍ ရွှေတောင်မနော်၊ ရွှေတောင်ပေါ်စတို့ကိုအပ်

ဆဒ္ဒန်ဆင်မင်းသခင်မင်းတရားကြီးနန်းစံ ၂၆ နှစ်
တေရသမိမာသိသုဒ္ဓဒိန် ၂၉၈ တန်ဆောင်မုန်းလဆုတ် ၁၃ ရက်နေ့
ဇေယနော်ရထာပြန်

(၁၅)

ထီးဖြူတော်ပါမား တော် နေရာ တော်အစုသားတို့ကိုတပ်မ တော်မှာလိုက် စေ ရမည် နှုတ်၍စုထားစေ။

နန်းစံ ၂၆ တေရသမိမာသိသုဒ္ဓဒိန် ၃၀၇
နတ်တော်လဆန်း ၇ ရက်နေ့
ဘယကျော်ထင်ပြန်

(၁၆)

ပုသိမ်မင်းလူအား ဒိပ်၃၊ လက်ပံဘုရား စောင့် ၂၊ ကျီစောင့် ၆၊ အချုပ်ကုလား ၁၀၊ ကဝါ ၂၊ ငွေတော်ဝယ် ၃၊ လုပေါင်းကသည်းကုလား ၄၈ ယောက်တို့သည်စုပုင်အပ်ရာ ပြင်ဘွဲ့ရာမပါ၊ ကြွင်းကျန်ရှိကြောင်းနှင့်စာရင်းကျယ်ဆက်၍ပုသိမ်မင်းဝန်တို့ကရှိခိုး သံ တော်ဦးတင်ချက်အတိုင်းပုသိမ်မင်းကိုသနား တော်မူသည်။

နန်းစံ ၂၆ တေရသမိမာသိသုဒ္ဓဒိန် ၃၁၂ နတ်တော်လဆန်း ၁၂ ရက်
နေ့ ဇေယနော်ရထာပြန်။

(၁၇)

ကောက်သစ်ထမင်းစားပွဲ တော်တွင်၊မကျန်းမမာဆို၍မဝင်မ ရောက် နေသူ တို့ကိုအစုရင်းမှာထမ်းစေ၊ အမိန့်တော်ပါသည်ကိုသိမ်း၍ဝင်ထွက်ထမ်းရွက်မြဲဝင်ထွက်ထမ်း ရွက်ကြစေ။

၁၁၇၁ ခုတပေါင်းလဆန်း ၁ ရက်နေ့
ဇေယနော်ရထာပြန်

(၁၈)

ဝင်းတော်ငှမျက်နှာ၊ ဒါင်းကာ၊ အစို့ငှဝဒိုင်း၊ တပ်ဒိုင်း၊ ယွန်းစုကောင် ဟန်၊ တပ်ကောင်ဟန်၊ ဝန်ငြိကောင်ဟန်၊ သုရဲ၊ ရွှေပန်း ရွှေထားအစုသားတို့မှာတပ်ရှိ လုပြင်ဝဝအိမ်တ ယောက်ကျအိပ်ဘန်သားတို့နှင့်လဲ၍ စောင့်နေစေ၊ အိပ်ဘန်လုပြင်ကျန်လု တွင်၃စုတစုကျလုကိုဝင်းမှူး ၊ ဝင်းစာ၊ ဒိုင်စာရေးဆိုင်ရာဝန်စာရေးတို့ကသိမ်းရုံး စည်းကြပ်စေ။ ။စုကြီး သွေတ်၊ မြင်းစုကြီး ၊တောင်ဘက်မြင်း၊ မြောက်ဘက်မြင်း ၊ အနောက်တော်ပါမြင်း ၊ ကျွန်တော် [illegible]ောင်းမြင်း၊ နှင့်တော်နှိပ်မြင်း၊ တပယင်းမြို့ပါ မြင်း၊ တလုပ်မြို့ပါမြင်းများမှာလည်းတပ်ရှိလုပြင်ကျန်လုစု၃စုတစုကျကိုသိမ်းရုံးစည်း ကြပ် စေ။ ။အစုအငန်းသား တို့ကိုလည်း မင်းမိဖုယား မင်းသားမင်းသမီးတို့ကအကပ်မ ခိုအနှုတ်အယူမရှိစေနှင့်အစုထိုင်ရာသိမ်းဂုံးထမ်းရွက်စေ။ ။ဒိုင်စာရေးရာဇ ဝေလုအိမ်မှာသူခိုးထားပြတို့တက်၍ ဂိုက်နှက်ရယူသည်ကိုဒိုင်စာရေးငတွဲတ ယောက်သာရောက် ၍သူခိုး ၃ ယောက်ကိုလှံနှင့်ထိုးမိသည်၊ [illegible]ာအနာဘကြင်ရှိကြောင်းကိုရွှေနား တော်

ကြားတော်မူသည်၊ အရပ်သွေးကြီးငထွား၊ အရပ်သားတို့မကူမညီမဖမ်းမဆီးသောကြောင့် သူခိုးထွက်လွတ်ရသည်ဖြစ်သည်၊ သွေးကြီးငထွေးနှင့်အရပ်သားတစုကို ရာဇဒါဏ်နာကျင်အောင် စီရင်။

၁၁၇၁ ခု (တပေါင်း) လဆန်း ၆ ရက်နေ့၊ နာခံပသီတွင်ပြန်။

(၁၉)

သားတော်သမီးတော် မြေးတော်တို့ကိုသနားတော်မူသည့် ကသည်းတို့နှင့်အစုအငန်းကသည်းတို့သင့်နေသည်များမှာ မိလိုက်ဘပါဖြစ်စေ။

၁၁၇၁ တပေါင်းလဆုတ် ၇ ရက်နေ့
နာခံပသီတွင်ပြန်

(၂၀)

မြောက်ဘက်မြင်းဆိပ်ခွန်ရွာရှိမင်းဘူးကြီး၊ မင်းဘူးငယ်၊ ပတွင်းကန်၊ အဝင်အပါလယ်မြေများကိုလယ်တော် မြေတော်ဖြစ်သည်၊ အထက်သိမ်းရုံးလုပ်ဆောင်သည်၊ ရွှေလက်ထက်တော်လယ်ရှင် မြေရှင်ဆို၍လုပ်ဆောင်ကြသည်မှာလယ်ရှင် မြေရှင်မှန်မှလုပ်ဆောင်စေရမည်၊ လယ်ရှင်ဆိုသူတို့ကို ရွှေဘဝါးတော်အောက်ခေါ်စေ၊ ရောက်လျှင်မည့်သို့ဆက်ခံပိုင်ဆိုင်ကြောင်းလယ်ရှင် မြေရှင်မှန်ကြောင်းကိုအဆက်အနွယ်နှင့်သိတော်မူသာအောင်ဆင်၍သွင်း။

၁၁၇၁ တန်ခူးလဆုတ် ၈ ရက်နေ့
ဇေယနော်ရထာပြန်

(၂၁)

ငကောက်၊ ငရွှေပေတို့အစစ်ခံကြသည်အင်ကြင်းတော်မြင်းစီးစကားမှာဆိပ်ခွန်မြင်းစီးငကောက်က၊ အင်ကြင်းတောမြင်းမြေသည်ဆိပ်ခွန် ၁၀ စီးအဝင်ဖြစ်သည်ကို မဆိုင်သူတင်တဲမြင်းခေါင်းငရွှေပေ၊ စီးကြီးရှိကြောင်းနှင့်အစစ်ခံချက်ရှိ၍လက်ရွေးငယ်အစီး ၇၀ အဝင်၊ ဆိပ်ခွန် ၁၀ စီးစစ်တမ်းစာရင်းကို ရှေ့တော်တွင်ထုတ်ကြည့်စေလျှင်အင်ကြင်းတောမြင်းမြေသည်ဆိပ်ခွန် ၁၀ စီးအပါမထွက်ဆိပ်ခွန် ၁၀ စီးကအပိုမြင်းတစီးထွက်သည်၊ လက်ရွေးငယ်အစီး ၇၀ မှာလည်း ၇၀ မပြည့်၊ အင်ကြင်းတောမြေပါ ၆၁ စီးသာ၊ မြင်းဝန်မြင်းစာရေးတို့ကအမည်အမှတ်ထုတ်ဖော်နိုင်သည်၊ လက်ရွေးငယ်အစီး ၇၀ မပြည့်လျှောက်သည်မှာ၊ အစီး ၇၀ မြေကိုမြင်းစီးပြုသူတို့ထိန်ချန်သိမ်းယူစီရင်ကြသောကြောင့်မပြည့်လျှော့သည်ယူရန်ရှိသည်။ ဆိပ်ခွန် ၁၀ စီးကအလွတ်အင်ကြင်းတောမြင်းမြေမှာလည်း၊ ဆိပ်ခွန်မြင်းပေါင်း(ခေါင်း)တင်တဲမြင်းပေါင်း(ခေါင်း) တို့ကမစီးမကြီးစေသင့်ဖြစ်သည်၊ ယှုလုဆိုးသူ ၂ ဦးကိုပင်မစီးမကြီးစေနှင့်လက်ရွေးငယ် ၇၀ တိုက်မြင်းမြေမှန်သမျှကိုမြင်းတစီးလျှင်ပယ် ၁၀၀ စီမှန်ကန်အောင်ကိုင်းတာစေ၊ တိုင်း ၇ မြေတွင်လက်ရွေးငယ် ၇၀ ပြည့်အောင်အင်ကြင်းတော ၁၀ စီး သမုတ်၍မြင်းစီးခန့်ထားစီးကြီးထမ်းရွက်စေ။

၁၁၇၁ တန်ခူး လဆုတ် ၁၁ ရက်နေ့
နားခံစ မြောင်မှူးတွင်ပြန်

(၂၂)

မင်းခ ယောက်ျားအစုအငန်း အမှုထမ်းပုတို့ကို ရှင်ရဟန်းမပြုအပ်၊ ရှင်ရဟန်းပြုလျှင်ဥပစယ်ဆရာကမ္မဝါဆရာကာယကသယ်ာတို့အပစ်ကြီးဖွာထိုက်ကြောင်းကိုတရားကျမ်းဂန်ထုံးစံထွက်ရှိသည်ဖြစ်သည်၊ မင်းညီမင်းသားမှူးတော်မတ်တော်ဆင်သည်မြင်းသည်။ ဒိုင်းဝင်ကိုယ်ရံအစုအငန်းအမှုထမ်းနှင့်စပ်သမျှလူတို့ကို ရှင်ရဟန်း မပြုစေနှင့်။

၁၁၇၁ တန်ခူး လဆုတ် ၁၁ ရက်နေ့
နားခံစ မြောင်မှူးတွင်ပြန်

(၂၃)

နေ့ညဉ့်မပြတ်အလုပ်အဆောင်နှင့်ရှိနေသူ ရွှေတိုက်လက်သမား ၁၅၀၊ ဆင်ကာ ၂၅၊ ပွတ်သမား ၂၀၊ လှေလုပ်ကုလား ၁၀၊ [illegible]သမား ၁၃၃၊ ပန်းဘဲ ၁၀ မီးပါ ၂၀၊ ပန်းထင်းကြေးသွန်း ၃၅၊ ဆင်မင်းမျက်ရိတ် ၇၊ ဝ ၇ သေတဂီရိမြက်ရိတ် ၅၊ မြင်းတိုင် ၂ ရပ် ၅၂၊ လှေသင်းလက်သမား ၁၀၊ ကျောက်ညိုဆက် ၁၅၊ ဂွမ်းထိုးကုလား ၃၀၊ ရေရှုံးခပ် ၉၅၊ ဝင်သိ ၁၇၊ ဆတ္တ ၁၃၊ လူပေါင်း ၈၃၇ တို့ကို ပေးမြဲ ပေးစေ၊ ရိက္ခာစားလူတို့တနှစ်စာ ပေးရန်

လောက်အောင်တွက်၍ထားပြီးလျှင်ကုန်သမျှစပါးကိုပြည်သူပြည်သားမီးလောင်သည်တို့ကိုမှာ တော်မူသည်၊ စေ့ငအောင်လှူဒါန်းပေးဝေစေ။

၁၁၇၁ ခု တန်ခူး ၁၂ ရက်
နားခံ ဇေယနော်ရထာ

(၂၄)

ဒဝယ်ကြောင်း ကျားငယ် ၁၀၀၀ ချီသွားစေရာ ရိက္ခာတကိုယ်ဖို့ကျ၊ ဇုပရာဇာနှင့်လူ ၂၀၀၊ တကိုဝိ (မှု) ကျပ် ငွေသင့် ၉ ဗိ (မှု)။ က သောင်း မြောင်တိုက်က ငွေကို ထုတ်ပေးမည်သွင်းချက်အတိုင်းသင့်ပြီ။

၁၁၇၁ ခုကဆုန်လဆန်း ၈ ရက်နေ့
ဇေယနော်ရထာပြန်

(၂၅)

ကျော်စည်တိုက် ရေနံ့သာမြို့နယ်တွင်းမြို့တင် မြောက် ကျောက်တံခါး တောရှိသစ်စုကိုအခုတ်အယူ ကျောက်တံခါးသဖြူချောင်းလမ်းအပေါ်အပြင်၊ ကျော်စည်တိုက်ဝန်ပုံ့ချီ ရွှေတောင်ကျော်၊ ပန်းဘဲဝန် ကျော်သူနန္ဒမိတ်တို့ကိုတပ်မှူး၊ လင်းဇင်းဗိုလ်ကငထွန်းညို၊ ကျော်စည်တိုက်စာရေးသိဒ္ဓိစေ သော်တို့ကိုစစ်ကဲ သပြေလှသူကြီးငချော၊ လက်နက်တိုက် စောင့်ငကြာ မွေးတို့ကိုတပ်စာရေး၊ တပ်ပြန်ကသည်း ၅၇၅၊ ပန်းဘဲဘိုကြပ် ၂၅၊ ပေါ်ဆိန် ၂၀၀၊ ထားမ ၁၀၀၊ တူရွင်း စောက် ၁၀၀၊ သံတူတူမ ၅၀၊ ကံ ကျေးလုတို့မှာတကိုယ်လျှင်ဖို့ကျရိက္ခာ ငွေ ၁၈၊ က သောင်း မြောင်တိုက်ရှိ ငွေက ပေး၍သွားစေမည်သွင်းချက်အတိုင်းသင့်ပြီး။

၁၁၇၂ ကဆုန်လဆုတ် ၄ ရက်နေ့
နာခံ ပြောကြီး မှူး ပြန်

(၂၆)

ကျော်စည်တိုက်ကို စောင့်ဂိုဏ်း သောမင်းညီနောင်နတ်၊ ရေးဟောင်း ရေးသစ်ဆည် တော်ရှင်မနတ်၊ ဘိုးရွှေလောင်းနတ်၊ ဒေါ်ရွှေဝက်လှနတ်၊ သပြေလှကျွန်း ထိပ်ရှင်မနတ်၊ ကိုင်းကြီး ရွှေဘမင်း၊ ကျောက်အိုးရှင်မနတ်၊ စုံးမြို့ခတက်ချည်း ကျောက်နီရှင်မနတ်မှစ၍ တောင်စောင့်တောင်စောင့်နတ်အပေါင်းတို့ကိုအပရိဟာနိယတရား ၇ ပါးနှင့်အညီပသတိုင်ကြားစေ၍အမှုတော်ကိုကူညီထမ်းရွက်ရမည်အကြောင်းနှင့်အမိန့်တော်ပြန်မည့်ဆက်သွင်းချက်အတိုင်းသင့်ပြီ။

၁၁၇၂ ခုကဆုန်လဆုတ် ၄ ရက်နေ့
နားခံ ပြောကြီးမှူးတွင်ပြန်

(၂၇)

မြေစွန်းဝန်က ရွှေကြက်ယက် မြေစွန်းဥယည်တော်ပုံ တော်ပါနယ်တွင် မြေတိုင်ငအီ၊ ငထွန်းလှ၊ ငစွေ၊ မိမင်းအောင်၊ မိဘော် ငအီ ငလွှမ်း ငမြတ်ညို မိညိုတို့တိုင်ဆော်နက် မြေတွင်ချပေး တော်မူသည်၊ အစုအငန်းတို့ကလုပ် မြေ နေရမြေ ချပေးသည်ဆို၍ မြေစုအင်းစုအခွန် တော်များကိုမ ပေးမရမရှိပါသည်၊ ရွှေကြက်ယ မြေစွန်း ဥယည် တော်ပုံ တော်ပါနယ်တွင်းမှစ၍အရပ်ရပ် မြေစွန်း ကျေးရွာနယ်အတွင်းချပေးသည် အစုအငန်းသားတို့နှင့်လုပ်ဆောင်မှုလူတို့မှာ မြေစုအင်း စုအခွန် တော်ကိုသိမ်းရုံး တောင်းခံဆက်သွင်းရပါမည်အကြောင်းနှင့်ရှိခိုးသံ တော်ဦးတင်ချက်အတိုင်းအစုအငန်းသားတို့မှာလုပ် မြေ နေ မြေ ပေးလျှင်လုပ်ရုံ နေရုံသာဖြစ်သည်၊ မြေစု မြေစွန်လွတ် စေရမည်မဟုတ်၊ မြေစွန်ဥယည် တော် မြေစွန်း ကျေးရွာနယ်အတွင်းစုသားငန်းသားတို့နှင့်လုပ်ဆောင်သမျှလူတို့မှာ မြေစုအင်းစုအခွန် တော်တို့ မြေစွန်းဝန်ကသိမ်းရုံး တောင်းခံဆက်သွင်းစေ။

၁၁၇၂ တပို့တွဲလဆန်း ၂ ရက်နေ့
ဘယကျော်ထင်ပြန်

(၂၈)

မြေစွန်းဝန်ရှိခိုးသံ တော်ဦးတင်ချက်အတိုင်း တောင်ဘက် ၉ ခရိုင်ဆည် ရေသောက်လယ်ပယ်များမှာလမိုင်းလယ် တော်ပြင် ကုန်လယ်ပယ်မှန်သမျှကို ရေဘိုး ရေခွန်မလွတ် စေသင့်၊ မင်းညီမင်းသားမိင်းမိဘုရားမှူး တော်မတ် တော်အစုအမှုထမ်းတို့ကို ပေးချသနား တော်

မှုသည်ဆိုရှိ၍မလွတ်စေနှင့်၊ မြို့ရွာသူကြီးဆည်ကြီးမြောင်းဆော် မြေတိုင် ဒိုင်း ခေါင်း အဝန်း မြင်း ခေါင်းမြင်းစီးလယ်ပယ်စီး လုပ်သား လုပ်လုတို့မှာ မြေရွှန်းဝန်က ရေခွန် တော်ရေး စစ် တောင်းခံရှင်းသွင်း စေ။

၁၁၇၂ နတ်တော်လဆန်း ၁၁ ရက်နေ့
ဇေယနော်ရထာပြန်

(၂၉)

ရက်ကန်းအစုသားတို့မှာလွှတ်တော်ရုံး တော်အတွင်း တော်များကအဆင့်အဆိုအခန့်အ ထားမရှိစေနှင့်၊ ဝန် ဝန်စာရေးတို့ကနှိုး ဆော်၍ ရက်ကန်း တော်ကိုသာတဝတည်း ရက်လုပ်စေ။ ။

၁၁၇၂ ခုသတင်း ကျွတ်လဆုတ် ၉ ရက်နေ့
နားခံ ကျော်ရာဇသူတွင်ပြန်။

× ×

သက္ကရာဇ် ၁၁၄၃ ခုတ ပေါင်းလပြည့်ကျော် ၅ ရက်နေ့
ထုတ်ပြန်သည့်အမိန့် တော်လက်ကွဲဘုရား

* *

(၁)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော၊ အရှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်၊ ရွှေပြည်တော်မှစ၍နိုင်ငံတော်အတွင်းဆင်းရဲသားကျွန်တော်မျိုးအ ပေါင်းတို့တ ယောက်ကိုတ ယောက် ကျေးမြို့တင်ရှက်ကြ၍ တောင်းထုတ်ကြသည်များမှာ၊ မြီရှင် အားရှိ၍မြီစားအားနွဲ့ဆင်းရဲပင်ပန်းခြင်းနှင့်မ ပေးမဆပ်နိုင်ရှိသည်လည်းရှိရာသည်၊ သူမြီကိုမ ရရ အောင်ကြံ ဆောင် ချေးယူပြီးလျှင်မ ပေးမဆပ်ရ အောင်ပုံးလွှဲ ရှောင် နေ၍ လှုဆိုးလက္ခဏာကျင့်ကြံသူလည်းရှိရာသည်၊ မြီးစားတို့ကတဖြည်းဖြည်းကျိုးအားထုတ်ကြံ ဆောင် ပေးဆပ်လျက်နှစ်လများသည်ကိုမြီရှင်တို့ကတွက်ချက်ပြီးလျှင်၊ သက္ကရာဇ်စာထားစာ ဟောင်း ကိုအသစ်ပြန်၍ထား ခြင်း၊ အ လေးချိန်ခွန်ပြန်ခြင်းများကိုပြုကျင့်သော ကြောင်ရှင်းမွားထ ပိုးအပြန်ပြန်အ ပေးအကမ်းကိုခံစား၍တရားကိုမ စောင့် လောဘရမ္မက်သို့လိုက်သည်ဖြင့် ကျင့်ကြံသူလည်းရှိရာသည်။

သူမြီကို ချေးယူပြီးသည်မှန်လျက်၊ မြီးစားတို့ဝဖြည်းဖြည်းကျိုးစားအားထုတ်ကြံ ဆောင် ပေးလျက်နှစ်လများသည်ကိုမြီရှင်တို့ကတွက်ချက်ပြီးလျှင်သက္ကရာဇ်စာထားစာ ဟောင်း ကိုအသစ်ပြန်၍ထားခြင်း၊ အ လေးချိန်ခွန်ပြန်ခြင်းများကိုပြုကျင့်သော ကြောင့်ရင်းပွားထ ပိုးအပြန်ပြန်အ ပေးအကမ်းကိုခံစား၍တရားကိုမ စောင့်၊ လောဘရမ္မက်သို့လိုက်သည်ဖြင့် ကျင့်ကြံသူလည်းရှိရာသည်၊ သူမြီကို ချေးယူသည်မှန်လျက်မြီစားတို့ဆင်းရဲသည်ကို ထောက်၍မပေး မဆပ် စေနှင့်ဆိုရလျှင်လည်းပစ္စုပ္ပန်သံသရာဘဝ ၂ ပါးမ တော်မသင့်ဖြစ်သည်၊ မြီစားအား ရှိ၍ကြံ ဆောင် ပေးဆပ်နိုင်မည်သူများဖြစ်လျှင်စိုးမင်းတို့ကိုကပ်၍မ နေ စေနှင့် ချေးယူရင်း သက္ကရာဇ် ထောက်၍နှစ်လ စေ့ သော်၄င်း၊ နှစ်လလွန် သော်၄င်းရှိလျှင်တ ခုလပ်ဆပ်တန်သည်၊ ထပိုးဆပ်တန်သည်ကိုတွက်၍ ပေးဆပ် စေ။

မြီရှင်အားရှိမြီးစားမဆပ်မ ပေးနိုင်ရှိသည်မှန်လျှင်လည်းမြီရှင်တို့ကတကြိမ်တခါ တည်းနှင့်အ ပြေအလည် ပေး ကောင်းသည်မဆိုမ တောင်း စေနှင့်အရင်းတန်သည်၊ တခုလတ် တန်သည်၊ မြီစားလက္ခဏာကို ထောက်၍တလမပိုင်တလပိုင်၊ မုတ်ဆိုးမဝံးခဲ့သို့၊ တဖြည်းဖြည်း ပေးဆပ် စေ၊ မြီစားတို့ကတဖြည်းဖြည်းမုတ်(ဆိုး)မဝန်ခဲ့သို့ ပေးဆပ်လျက်၊ နှစ်လများသည် ကိုမြီးရှင်တို့ကတွက်ချက်၍ချိန်ခွင်စာ ပေပြန် ရောက်ခြင်း၊ လောဘရမ္မက်သို့လိုက်၍မပြုမ ကျင့် စေနှင့်ပင်ရင်းထက်အခက်မစည်မပွား စေ ကြောင်းကိုစာ ဟောင်းထုံးစံနှင့်ညီအောင်း ဝန်တို့ကသင်ရာသင်ကဲပြန်ဆိုစီရင်ရမည်။ ။

(၂)

ဝန်အိမ်တော်မှစ၍နိုင်ငံတော်အတွင်းဆင်းရဲသားကျွန်တော်မျိုးအပေါင်းတို့ တွင်တ ယောက်ကိုတ ယောက်ခိုးမှုလုံးမှု– နှုတ်လွန်လက်လွန်အိမ်မှုရာမှုမှစ၍တရားစကားအ ရှက်အတင်အရပ်ရပ်အမှုအခင်းများပြားစွာရှိရာသည်၊ တရားမှုသာမှန်သည်ကိုရာဇဝတ် မှုပြု၍စစ်ဝတ် ကျေး ငွေအကုန်အကျအများအပြားစားယူ၍မစီရင် စေနှင့်၊ တရားနှင့်မှန် လျှင်၊ ဓမ္မသတ်ထုံးစံနှင့် လျော်စွာစစ် ကြောစီရင် စေ၊

တရားမှုကိုရာဇဝတ်မှုပြု၍စီရင်သည်ကိုကြားသိရလျှင်စီရင်သည့်သူ နောင်မဝံ့ အောင်ဆုမ္ဘစီရင်။ တရားထုံးစံဆိုသည်အရာသည်တတ်သိ မျှော်မြင်ကျွမ်းကျင်လိမ္မာခဲ့သည်၊ သ တိဂတိနှင့်ပြည့်စုံ သော်လည်းပစ္စုပ္ပန်သံသရာဘဝ ၂ ပါးကို ထောက်၍ ဖြောင့် ဖြောင့်ရိုးရိုးသူ တော် ကောင်းသ ဘောသို့သက်ခဲ့သည်၊ မ စောင့်မရတ်ရှိ၄က်ကြံစည်၍ကိုယ်ကျိုးကိုယ်စီးပွားများ အောင်၊ လောဘရမ္မက်သို့လိုက်သဖြင့်ကျင့်ကြံ လေပြုသည်သူညာများသည်၊ တရားထုံးစံမမှန်စ ကားမတရားသဖြင့်ကျင့်ကြံကြလျှင်တိုင်းပြည်မ မသာမယာ စေတတ်သည်၊ အမှုဖြစ်သည်။

ငစည့်ကူးစားလက်ထက်အရပ်ရပ်မင်းညီမင်းသားမှူးမတ်ပြည်သူတို့အိမ်ယာများ မှာခုံသမတ်ပြုသည့်သူတို့ကိုတရားစကားတတ်သိ မျှော်မြင်သည်မ မျှော်မြင်သည်မ ရွေးမခြယ်မ စီမစစ်၊ ရှေးထုံးစံနှင့်အညီမခန့်မထား၊ မြင်မြင်ရာရာခန့်ထားစီရင်ကြ၍ဆင်းရဲသား ကျွန် တော်မျိုးအ ပေါင်းတို့ ကြေးကုန် ငွေကျမပင်မပန်းတန် ပင်ပန်းနွမ်းနယ်ငိုကြွေးသည်၊ မင်း ညီမင်းသားမှူး တော်မတ် တော်ဝန်စုဝန်ငန်းအိမ်ယာများမှာမတတ်မလိမ္မာသည်ကိုခုံသမတ် ပြု၍မစစ်မ ကြောမစီရင် စေနှင့်၊ တတ်သိ မျှော်မြင်ကျွမ်းကျင်သူကိုသာခုံသမတ်ပြုလုပ်၍စီ ရင် စေ၊

ဆင်းရဲသားကျွန် တော်မျိုးတို့တွင်တ ယောက်ကိုတ ယောက်နှုတ်လွန်လက်လွန်စကား စမည်မပွားများတတ်၊ တရားတ ပေါင်မဖြစ် လောက်သည်ကိုဆင် ခြေတင်၍တရားတ ပေါင် မ တွေ့မဆို စေနှင့်၊ နှုတ် ပြောနှုတ်ဆိုနှင့်သာ၊ စိုးထုးမင်းရာအကုန်အကျမရှိ စေရ၊ ကြီးစကား ကိုငယ် အောင်၊ ငယ်စကားကို ပျောက် အောင်ဆုံးမစီရင်၊ အရိုး လေးပါးမှစ၍ နှုတ်လွန်လက် လွန်ခိုးမှုလုံးမှုအိမ်မှုရာမှုတရားတ ပေါင်မ တွေ့မဆိုသည်အမှုစကားရပ်ဖြစ်၍အမှုသည်နှစ် ဦးဆိုင်ပြိုင်လျှင်တရားဆိုင်တရား ရေးတို့မှာတရားတတ် ငွေ ၂ ရေစားဒိ သာခံယူကြ စေ၊

တရားဆိုင်ဆိုတိုင်း ရေးစားမှတ်စားမ တောင်းမယူ စေနှင့်၊ လက်ထုပ် ပေးကမ်း ၍သာ၊ ဆိုင်ဆိုကြ စေ၊ သက် သေပြချက်တွက်၍ ရေးသား ရလျှင်အချက် ရေးစားဒိသာခံယူကြ စေ၊ ပုလင်ဝတ်မှာစာတ စောင်ချ ခေါ် ရလျှင်အမှုသည်အများပါသည်အနည်းပါသည်ဖြစ် စေ၊ ခရီး ဂတိုင်လျှင်အမိန့် တော်ဝင် ငွေ ၂ ကိုတွက်၍ ပေးယူကြ စေ၊ မြို့တွင်းမြို့ပြင်ချ ခေါ် ရသည့်၊ အမှု ဖြစ်လျှင်မြို့တွင်းဒိမြို့ပြင် ၂ သာစားယူ စေ၊ ရာဇဝတ်မှုချ ခေါ် ရလျှင်တတိုင်ဒိသာစားယူ စေ၊ ရှေ့နေတို့မှာ ခြေကြွဒိလက်တထုပ်သာစားယူ စေ၊ အမှုပြီးသည်ကာလမှကွမ်းဘိုး ထက်ဝက်စား ပေးယူကြ စေ၊ အပ်မှာလည်းချဝတ်ထက်ဝက်သာစား ယူကြ စေ။

အမှုသည်တို့အဆို ၂ ပြင်ကွဲပြားသည်ကိုလူသက် သေသိမှိသူတို့ကသံ ရှည်၍မသိမမှိမပြမ နိုင် သော်၄င်း၊ ရှေးစာ ဟောင်းစာတမ်း ကျောက်စာကမ္ဗည်းမပြမတင်နိုင်ရှိ သော် င်း ၊ ပြတင်သည်စာ ပေနှင့်မယုံမကြည်သ ဘောမကျနိုင်ရှိလျှင်ကြမ္ဘာ လေးရပ်တွင်တရပ်ရပ် ရင်ထုံးရှိသည်၊ ချုပ်နှုပ်သည့်မိဌာန်စာနှင့်တရပ်ရပ်စီရင်လျှင်မြို့ကြီးရွာကြီးပယ်ကြီးနယ်ကြီး စ် သော်၄င်း၊ နှုတ်လွတ်လက်လွန်အိမ်မှုရာမှုစကားရပ်များမှာတရားအင်ကို ထောက်၍ ဝတန်သည် ၅ ဝတန်သည် ၃ ဝတန်သည်ကိုသာတည် ပေးစားယူကြ စေ၊ မိဌာန် ရေစားမှာ ည်းအတည် ငွေ ၁ လျှင် ၁ ဒိကိုတွက်၍စားယူ စေ၊ ရှေ့နေတို့မှာလည်းအတည် ငွေအနက်ကာဝ င်ခိုင် ပေး စေ၊ နာရီထိန်းကြီးကိုင်တိုင်စိုက်ဝါးနှိုတ်ထိတ်ခ ငွေဒိ ၂၊ ကြီးကိုဒိ၊ ဝါးနှိုတ် ၂ ၁။ ည်သာစားယူ စေ၊ စီရင်စားကွမ်းဘိုးမှာ ၁ ၁ ဝ ခိုင် ၁ ခိုင်စားယူ စေ၊

အပြီး ရေးစား အောင်လက်ပိုလ်များမှာဒိတန်သည်ကိုသာစကားကြီးငယ်ကိုချင့် သိမ်းယူ စေ၊ အပြီးလုလင်ဝတ်မှာဒိတန်သည် ၂ တန်သည်ကိုသာစားယူ စေ၊ စစ်ဝတ် ကျေး ငွမ တောင်းမယူ စေနှင့်ရာဇဝတ်မှုဖြစ် သော်လည်းအမှုအင်စကားအင်ကို ထောက်၍ကွဲး း တတ်မှတ် စေ၊ ပြင်လွင်စတရားညှိခဲ့ကြသည့်ခုံသမတ်များမှာလည်းတဦးလျှင်ဖျင်တစုံဖြစ်

စေ၊ ဖျင်ဘိုး ငွေဒိ ၅ ဖြစ်စေသည်သာ စားယူကြစေ။ ။ သက္ကရာဇ် ၁၁၄၃ ခု တပေါင်းလပြည့်ကျော် ၅ ရက် နေ့ နာခံတော်ပြီကြီး (ပုံချီ) သီရိပြန်အမိန့်တော်။

(၃)

သက္ကရာဇ် ၁၁၅၁ ခု တော်သလင်းလပြည့်ကျော် ၄ ရက် နေ့ထုတ်ပြန်တော်မူသည့် အမိန့်တော်လကွဲဘုရား ။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားအမိန့်တော်ရှိသည်၊ ရွှေနန်းတော်ပတ်လည် ရွှေရုံးနောက်ရုံးမှစ၍ပြင်အိမ်ဝန် အိမ်များတွင်ဆင်းရဲသားကျွန်တော်ဂိုးမျိုးအိမ်မှုယာမှု၊ တရားစကားအရှုက်အတင်များကို လျှော်ပြစ် လျှော်ဒဏ်ကျရောက်လျှင်၊ ကြေးငွေကြိမ်ကျပ်အနည်း၊ ရာဇဒဏ်မထားလျှင်၊ တယောက်ကိုတယောက်မလိုလျှင်မလိုလျှောက်၊ ကျူးလွန်သော်လည်း လျှော်ပြစ် လျှော်ဒဏ် ငွေဒဏ် အနည်းမျှသာဖြစ်သည့်စွဲယူ၍ခိုက်ပွားရန်စည်အမှုအရာပွားများမည် လျှော်ပြစ် လျှော်ဒဏ် ရောက်သည့်အမှုများကိုရာဇဝတ်ဒဏ်ထား၍ လေ့လာစီရင်ကြမှ၊ အမှုမပွားမများငြိမ်ဝပ်မည်ဖြစ်သည်။

ရာဇဝတ်ဒဏ်ထားရာမှာလည်း မြေမှု ရေမှုအမွေအနှစ်၊ ကျေးကျွန်ဥစ္စာလယ်ယာ ချောင်းအင်း၊ အမှုစကားရပ်များကိုဥစ္စာလိုက်တရားမမှုသတ်တရားအစုအဆ စီရင်ထုံးစီရင်နည်းရှိလေပြီး သည်၊ ဘေးလောင်း တော်ဘိုးလောင်း တော်အဆက်ဆက်ပြည်လှေးပြည်မှူးလည်း ရာဇဝတ်တော်လေးပါးကို ထောက်၍ကွပ်ညှပ်စီရင်မြဲထုံးစံရှိပြီ။ သူသားအိမ်ယာ သားပျိုသမီးပျိုတို့ကိုပြစ်မှားသည့်အမှု၊ တယောက်ကိုတယောက်ရိုက်ပုတ်ထောင်းသတ်သည့် အမှုများကိုငါအရှင်ဧကရာဇ်မင်းမြတ်အမိန့်တော်ရှိသည့်တဒေသတရပ်တကွက်သာမဟုတ်၊ ရာဇဝတ်ဆိုသည်ကိုစီရင်ပိုင်ရာအရပ်အကွက်တွင်သာစီရင်ပိုင်သည်၊

အဝေးအလံမြို့ကိုင်ရွာကိုင်သူကြီးကလံတို့ရှေ့သည်ခဲ့သို့အိမ်မှုယာမှုနှုတ်လွန်လက်လွန် အမှုများကိုပင်ရာဇဝတ်ဆိုင်ရာပိုင်အပ်ရလျှင်လည်း၊ မြို့စားရွာစားတို့စီရင်တော့မည်မဟုတ်ပြီ၊ ရွှေဘဝါးတော်အောက်တွင်အမှုကိုလည်းအယုတ်အလတ်အမြတ်ပိုင်းခြား၍၊ ငါအရှင်ဧကရာဇ်မင်းမြတ်ရာဇဝတ်ထားတော်မူ၍၊ ဒေသအရပ်အလိုက်အဝေးအလန်မြို့ကိုင်ရွာကိုင်သူကြီးကလံတို့ရှေ့ဖြစ်ကြသည့်အမှုကိုလည်းအဝေးအလံလိုက်ပြဋ္ဌာန်း ပိုင်းခြား၍ဖြစ်စေရမည်၊ ရာဇဝတ်ကြောင်း မတွေးမရှက်ရှင်းလင်းသီးသန့်၍စီရင် ရေးစီရင်မှုမှာမပွားမများ သေချာငြိမ်ဝပ်မည်။

ရွှေဘဝါးတော်အောက်တွင်သီးသန့်မည့်အရပ်များမှာသူခိုးထားပြ၊ မုဒိန်းဒန္ဓ၊ လူမွှေလူနှောက်၊ လူလှုပ်လူပေါ်၊ တို့မှာလည်း၊ ပြည်လှေးပြည်မှူးရာဇဝတ်နှင့်ဆိုင်သည့်အမှုကိုလည်းနည်းများသည့်ဟူ၍ ရာဇဝတ်ဒဏ်မှာသာနည်းများအလိုက်ဆင်ခြင်၍စီရင်ရန်ကိုခိုးတက်ဥစ္စာအနည်းသာဖြစ်သည်၊ လျှော်စေကျစေ၊ ဓမ္မသတ်စာမောင်းသို့လိုက်၍စီရင်ကြသည့် အရာများ သည်၊ ရာဇဝတ်ကြောင်းပွားများသည်ကိုမထောက်၊ သည်အမှုကိုငါတို့စစ်ကြောစီရင်လျှင်စစ်ဝတ်ပန္နွာ ကြေးငွေရမည်၊ ကြေးငွေပန္နွာသို့လိုက်၍ ရာဇဝတ်စီရင်ရေးစီရင်မှုမှာပွားများအောင်စီရင်ကြသည်။

သူခိုးထားပြမုဒိန်းဒန္ဓ၊ လူမွှေလူနှောက်၊ လူလှုပ်လူပေါ်ပေါ်ရှိလျှင်မြို့ကိုင်ရွာကိုင်သူကြီးကလံတို့ရှေ့တရားစကားခဲ့သို့ဆင်ခြေဆင်လက်တင်၍မစစ်မကြောစေနှင့်။ ။ ရှေ့နေ ရှေ့ရပ်တို့ကိုလည်းလိုက်လံ၍မဆောင်မရွက်မလဲမဆိုစေနှင့်၊ ရာဇဝတ်စစ်သာစစ်ကြော၍မှန်လျှင်ခိုးဘုတ်ဥစ္စာနည်းများသည်မဆို၊ သူခိုးထားပြမုဒိန်းဒန္ဓလူလှုပ်လူပေါ်ပြုသူ တို့ကိုကျိုပင်သကာနှင့်ပို့အပ်စေ။ ။

မြို့ကိုင်ရွာကိုင်သူကြီးကလံတို့ကစစ်ချက်ကြောချက်နှင့်ရာဇဝတ်ဆိုင်ရာပို့အပ်လေပြီးသည်သူတို့ကိုလည်း ရာဇဝတ်ဆိုင်ရာမြို့ဝန်တို့ရှေ့ရောက်လျှင်ထပ်၍မစစ်ကြောစေနှင့်၊ အပြစ်လေးပေါ့ကိုထောက်၍ကွပ်မှတ်ဖြည့်ဘန်သည်၊ ဘည့်တန်သည်၊ သတ်တန်သည်၊ ဖြတ်တန်သည်၊ ရာဇဝတ်အလျှောက်ကွပ်ညှပ်စီရင်စေ၊ အလျှော့အပေါ့ကိုမစီရင်ကြစေနှင့်၊ တမြို့နှင့်တမြို့ တရွာနှင့်တရွာ၊ မြေမှုရေမှုအခြင်းပွားများကြလျှင် ရှေ့အမိန့်တော်တမ်းမှာလည်း ရွှေတိုက်စာရင်းတော်ရှိရာသာဖြစ်စေရှိသည်။ ရွှေတိုက်ရှိတိုင်းသာဖြစ်စေရမည်ကိုတမြို့နှင့် တမြို့၊ တရွာနှင့်တရွာစစ်ရေးစစ်မှုခဲ့သို့၊ ထုတ်ထားလုံ့နှင့်၊ ခိုက်ပွားရန်ဖြစ်ပွားကြသည့်

အမှုများသည်ရာဇဝတ်စီရင်ရေးပွားများသည်အမှုဖြစ်သည်။ ကြူးလွန်သည့်သူကြီးကလံ ခေါင်းအကြီးတို့ကိုရင်ကိုခွဲ၍ပြစ်။ ။ သင်တို့နှင့်အပေါင်းအဘက်ခိုက်ရန်ဖြစ်ကြရာပါသူတို့ကိုကြိမ်ရာဇဒဏ်ခတ်၍လွှတ်။ ။

အိမ်မှုယာမှု လျှော်ပြစ် လျှော်ဒဏ်တရားစကားများမှာလည်း နေရာငါးသွယ် နေမှုးတော်မတ်တော်၊ ၄၀ တော် ၅၀ တော်၊ အဆောင်မြို့လုလင်ပျိုတော်၊ စုရေးစုကိုင်၊ အရာထူးနှင့်ခန့်ထားတော်မူသည့်သူတို့အမှုဖြစ်လျှင်အဝေးအလံမှာပင်ဖြစ်သော်လည်းမြို့ကိုင် ရွာကိုင်သူကြီးကလံတို့ရှေ့စီရင်ရမည်မဟုတ်၊ ငါအရှင်ဧကရာဇ်မင်းမြတ်သူကောင်းပြုတော်မူ၍၊ အရာဌာနနှင့်သီးခြားလေပြီးသည်ဖြစ်သည်၊ ရွှေဘဝါးတော်အောက်တွင်သာ နေရာ အမျိုးအမည်အရာဌာနသို့လိုက်၍ရာဇဝတ်ဆိုင်ရာဖြစ်စေရမည်။ ။

ရွှေဘဝါးတော်အောက်တွင်လည်း နေရာ၅သွယ် နေအမှုးအမတ်၊ နေရာမနေ ၃သွယ်နေ၊ နေရာနှင့်ရည်တူ၊ ၄၀ တော် ၅၀ တော်၊ ကတော်မှုးမတ်အရာဌာနသို့မရောက်သေး၊ ဗိုလ်မှုးတပ်မှုးပြု၍ထမ်းရွက်သူ၊ အရာဌာနသို့ရောက်သည်စုရေးစုကိုင်အမှုးအကြီးအသီးသီးအမျိုးအမည် နေရာဌာနသို့လိုက်၍၊ သီးသန့်ခြားနားပိုင်းခြားပြဋ္ဌာန်းရမည်။

,တော်နေရာနေ၊ ဒုးနေရာနေသို့ရောက်လေပြီး သည့်မှုးကြီးမတ်ကြီးတို့သားမယားကို၊ သူကောင်းသူလပ်သူယုတ်မဆိုပြစ်မှားလျှင်၊ အသက်ဆုံးပိုင်စေ။ ။ ၃သွယ်နေမှုးမတ်တို့နှင့်အတွင်း ၄၀ တော် ၅၀ တော်မှုးမတ်သားမယားကိုပြစ်မှားလျှင်၊ မိန်းမနှင့် ယောကျ်ားကိုဥကွောင်း၄တောင်ကျား၍မျက်နှာကိုအိုးပြီး(မည်း)သုတ်ပြီးလျှင်ကျီးမျက်မှောင် ချည်၍အများကြောက်ရွံ့ထင်ရှားအောင်ပြည်ကိုမောင်းလှည့်၊ မသာသွားရာတံခါးဖြင့်နေပူတွင်ခြေနှင့်လက်ကိုကားကျက်၍ထား၊ နာကျင်လှအောင်ရိုက်၊ သက်ရှိသက်မဲ့ပစ္စည်းဥစ္စာကို သိမ်းယူစေ၊ သင်းကိုယ်နှင့်တကွသားမယားကိုလည်းကျွန်ပြုစေ။ ။

နေရာသို့မရောက်သေးသည့်အမှုထမ်းဗိုလ်မှုးတပ်မှုးစုရေးစုကိုင်အမှုးအကြီးတို့ သားမယားကိုပြစ်မှားလျှင်၊ မျက်နှာကိုအိုးမည်းသုတ်၍မိန်းမနှင့်ယောကျ်ားကိုအဝတ်နံ့ငယ် နှင်ကြိုးမျက်နှာမှောင်ထည့်ပြီးလျှင်ပြည်ကိုမောင်းလှည့်၊ မသာသွားရာတံခါးပြည်မှာခြေနှင့် လက်ကိုကားကျက်၍အချက် ၅၀ နာလှအောင်ရိုက်ပြီးလျှင်ဆင်စာမြင်းစာရိတ်စေ၊ လျှော်ပြစ် လျှော်ဒဏ်မစီရင်စေနှင့်။ ။

သူနုတ်ကိုသူနုတ်ချင်းသားမယားကိုပြစ်မှားလျှင်အဝေးအလံမြို့ကိုင်ရွာကိုင်ကျေးစား ရွာစားတို့လည်းစစ်ကြောစီရင်ရမည့်အမှုဖြစ်သည် ကျေးလျှော်ကိုသာလွှတ်စေ၊ ကျွန်လျှော် ပြစ်ထား၍အစုမိကျွန်တယောက်ပေးလျှော်စေ၊ ကျွန်ကိုလျှော်ပြစ်ထားလေပြီးသည်ကိုကျွန်ဘိုး ကိုမည်သို့မပိုင်းမခြားပါ၊ ကျွန်တယောက်ထိဘိုးတပ်သည်ကိုသာဖြစ်စေ။ ။ သားပျိုသမီး ပျို အိမ်ထောင်ကြီးလှည့်ပတ်ဖျက်ဆီးသည်အမှုမှာ ယောကျ်ားမြတ်သူဖြစ်၍၊ မိမ္မမျိုးယုတ်လျှင်သင့်နေ စေ၊ မသင့်မနေလိုလျှင်ကျွန်ကိုလျှော်ပြစ်ထား၍ပေးလျှော်စေ။ ။

သူကိုအသေသတ်သည့်အမှုမှာအလျှော်အပြစ်မစီရင်သာ၊ ရာဇဝတ်ဖြစ်သည်၊ သေသူသေစားသေစေ။ ။ တယောက်ကိုတယောက်လက်ရောက်ရိုက်ပုတ်ထောင်းသတ်သည့်အမှု မှာ ရွှေဘဝါးတော်အောက်တွင်အမှုဖြစ်လျှင်အချက် ၅၀ နာအောင်ရိုက်၍ဆင်ချေးမြင်းချေး ကျုံးစေ၊ ခံရသည့်သူမှာလည်းဒဏ်ချက်ဒဏ်ရာကိုထောက်၍ကျွန်တယောက်တန်သည် ၂ ယောက် တန်သည်လျှော်စေ။ ။

သူတယောက်ကို ၂ ယောက် ၃ ယောက် ၄ ယောက် ၅ ယောက် ဝန်းရံအုံညီ၍သတ်ပုတ် လျှင်လက်ရောက်သူကိုအချက် ၅၀ ရိုက်၍ဆင်စာမြင်းစာရိတ်ထည့်၊ ဝန်းရံသူတို့ကိုလည်းကျွန်အလျှော်အပြစ်တတ်၍ပေးလျှော်စေ။ ။ အဝေးအလံမြို့ကိုင်ရွာကိုင်ရွာစားတို့ရှေ့အမှုဖြစ် လျှင်ရာဇဝတ်မစီရင်စေနှင့်ကျွန်သာလျှော်ပြစ်တွင်သာတဆကို ၂ ဆ၊ ရာဇဝတ်လွတ်စေ လျှော်စေ။ ကြေးလျှော်ငွေလျှော်မစီရင်ကြစေနှင့်။ ကျွန်သာလျှော်ပြစ်လျှော်ဒဏ်တက်၍ ပေးလျှော်စေ။ ။ အဝေးအလံမြို့ဝန်စစ်ကဲခန့်ထားတော်မူသည့်မြို့ရွာမှာ ရွှေဘဝါး တော်မြတ်အောက်နည်း ရာဇဝတ်ကိုစစ်ကြောစီရင်ကြရမည်။ ရွှေဘဝါးတော်မြတ်အောက် စီရင်သည့်နည်းကိုသာလိုက်၍စီရင်စေ။ ။ အမိန့်တော်ကိုမတော်မတည်ရာဇဝတ်ထား လေပြီးသည့်အမှုရပ်များကို၊ ကြေးငွေလပ်ပန္နွာကိုလိုက်၍ ကြေးလျှော်ငွေလျှော်စီရင်လျှင် ၂ ခွန်းခြေရမည်မမှတ်နှင့်။ ကြီးစွာသောအကွပ်တော်ကိုခံရမည်၊ ရွှေရုံးနောက်ရုံးမှစ၍အဝေးအလံမြို့ဝန်စစ်ကဲမြို့ကိုင်ရွာကိုင်သူကြီး ကလံတို့ကိုစေနှံ့အောင်ပြန်ဆိုရမည်။

သက္ကရာဇ် ၁၁၅၁ ခု တော်သလင်းလပြည့်ကျော် ၄ ရက်နေ့၊ နာခံတော် ဇေယနော်ရထာ ပြန်အမိန့်တော်။

တိုင်းထိမ်းပြည်ထိမ်း မှူးကြီးမတ်ကြီးတို့ လက်စွဲထား၍ စီရင်ရန် ထုတ်ပြန်တော်မူသည့် အမိန့်တော်။ ။

၄၃ ခုနှစ် ထုတ်ပြန်တော်မူသည့် အမိန့်တော်၊ ၅၁ ခုနှစ် ထုတ်ပြန်တော်မူသည့် အမိန့်တော် နှစ်ရပ်တွင် စကားပါခြင်း ရည်တူသော်၊ ၅၁ ခုနှစ် နောက်ထုတ်သည့် အမိန့်တော် အရသာ စီရင်သင့်သည်၊ အမိန့်တော် ၂ ရပ် ကကျန်သည့် စကားစုကိုသာ ဓမ္မသတ်ထွက် အတိုင်း စီရင်သင့်သည်။

၄၃ ခုနှစ် ၅၁ ခုနှစ် အမိန့်တော် ၂ ရပ် ပြီး ၏

× ×

သက္ကရာဇ် ၁၁၄၃ ခုနှစ် ဘိုးတော်ဘုရား အမရပူရမြို့တွင် ထီးနန်းစိုက် ဆောက်စိုးစံတော်မူလျှင် ထုတ်ပြန်သည့် အမိန့်တော် ပြန်တိုင်း ၁၁၉၉ ခုနှစ် ထပ်မံထုတ် တော်မူသည်။

သက္ကရာဇ် ၁၁၉၉ ခု တော်သလင်းလဆန်း ၃ ရက်နေ့ ဟံသာဝတီမြို့ရုံးတော်တွင် တင် အမိန့်တော်။

(၄)

သက္ကရာဇ် ၁၁၄၃ ခု တပေါင်းလပြည့်နေ့- နာခံ နေမျိုးနန္ဒမိတ်ပြန်အမိန့်တော် တိုက်တော်နှင့်စပ်သည် အရပ်ရပ် အမိန့်တော် အမှာတော်လက်ခံ။

သက္ကရာဇ် ၁၁(*)၂ ခု သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့၊ နာဂပတ္တိဆိပ်စား အော်လံ တေမြို့မာ နွယ်မာနှစ်တို့ကို ပိတ်တရစ်သိမ္ဗန် လောဂိရှုကို အကြီးပြု၍ ရန်ကုန်မြို့ဆိပ်တော်သို့ ဆိုက်ရောက်လာသည့်။ သင်္ဘောတွင်ပါသည့် ကုံထုပ်သစ်တာများကို စာရေးနှင့် ရွှေနားတော်ကြား ရှိခိုးသံတော်ဦးတင်သည်တွင်၊ ရှေး အစည်ထုံးစံရှိသည့်အတိုင်း၊ ကောက်ယူ၍ တံဆိပ်ခတ်ရမည်။ ဘုရားဗျာဒိတ်တော်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း၊ သင်္ဘောမှာ ပါသမျှ ကုံထုတ်သစ်တာများကို မင်္ဂလာရွှေနန်းတော်သို့တင်၍၊ ရှေ့တော်တွင် အကောက်တော် ကောက်သည်၊ ပုဆိုး ၁၀ ရလျှင် တထည် ကောက်ယူသည်၊ ပုဆိုး ၁၀၀ လျှင် အကောက်တော် ၁၀ ထည်ယူသည်၊ တိုက်စားတထည်နှင့် တပိုင်းရသည်များကို စုပေါင်း၍၊ စုပေါင်း၍ ၃ စုစုသည်၊ အကောက်ဝန်တစု၊ ရာပြတ်တစု၊ တိုက်စိုးတိုက်စာရေးတစု ဝေယူစားသည်၊ တံဆိပ်မှာ အထည် ၃၆၀ ရလျှင် တထည်ယူသည်၊ သင်္ဘောစာရေးတို့မှာ အထည် ၅၀၀ ပြည့်လျှင် တထည်ယူသည်၊ မာလိမ်ကြီးကို ပုဆိုး ၁၅၀ မာလိမ်ငယ်ကို ၇၅ ပေါင်း ၂၂၅ အကောက်တော် လွှတ်သည်။ ။ အကောက်ဝန်ကဘွင့်ဦး ၅ ထည်၊ ကုံသည်မှာ တထည်နှုတ်ယူသည်များကို ၅ စုစု၍၊ ၂ စု အကောက်ဝန် ၃ စုမှာ ရာပြတ်တိုက်စိုး တိုက်စာရေးတို့စားသည်။

သင်္ဘောဆိုက်ရောက်လျှင် သတင်းကြားလက်ဆောင်တော် ဆေးရေးအနားပုဆိုးအမာ တရာဘက်အုပ် ၁ စီ။ နာခံတို့မှာ ဆေးရေးပလာပုဆိုး ၁ စီ၊ ဂါပိတ်အုပ် ၁ စီ၊ သင်္ဘောအထက်စောင့် အောက်စောင့် လှေခေါင်း လှေစာရေး ငွေ ၁ ဝိ၊ သင်္ဘောစီးတို့က ပေးရသည်။ သင်္ဘောထွက်လျှင် ဦးလွန်ပဲ့လွန် အဝအတောင် ကျောက်နှုတ်ထွက် ၃ ပင်တိုင်ဖြစ်လျှင် ငွေ ၃ ဝိ အွက်အရ၊ အရာတော် ၁ ဂိ၊ ရုံးတင် ၁ ဝိ၊ ရာပြတ်တိုက်စိုး သင်္ဘောစာရေး စကားပြန်တို့မှာ ၁ ၅ ပေးရသည်။ ၂ ပင်တိုင်ဖြစ်လျှင် ငွေ ၂ ဝိ၊ အရာတော် ၅ ရုံးတင် ဗ ၂ ရာပြတ်တိုက်စိုး တိုက်စာရေး စကားပြန်တို့မှာ ၁ ဒိ၊ သင်္ဘောလက်ဆောင် မြို့ဝန်မှာ မာတရာဘက်အုပ် ၁၊ ရေဝန်မာတရာဘက်အုပ် ၁၊ အကောက်ဝန် မာတရာဘက်အုပ် ၁၊ စစ်ကဲတို့မှာ ဂါမိတ်အုပ် ၁ စီ၊ နာခံတို့မှာ ဂါပိတ်အုပ် ၁ စီ၊ စာရေးကြီးတို့မှာ ဂါပိတ်အုပ် ၁ စီယူသည်။ သင်္ဘောပို့ လှေခေါင်း လှေစာရေး အထက်စောင့် အောက်စောင့်တို့မှာ ငွေ ၁ ဝိ၊ မနုတ်ကင်း စောင့်တို့မှာ သင်္ဘောအထွက်အဝင် ငွေ ဗိ ယူသည်၊ တိုးပွား၍ တိုးပွားရှိ မဖြစ်စေနှင့်၊ ရန်ကုန်မြို့ ရွှေနန်းတော်တွင် ဘုရားဗျာဒိတ်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်။ ။

---

* မူတွင် ဂဏန်းတလုံးကျနေသည်။

(၅)

ပြည်သူလူရဟန်းတို့နှင့် မင်းညီမင်းသားတို့က စာဆက်သွင်းသည့်အတိုင်း ထုတ်ပြန်သည့်အမိန့်တော်။ ။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်ဖြူများရှင် လှံစကြာသခင် ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်၊ အင်းဝမြို့တွင် နောင်တော်ဘုရား မကျမ်းမမာရှိသည်ကို မင်းညီမင်းသား မှူးမတ်ပြည်သူတို့ ဖြောင့်မတ်စွာ မကျင့်မကြံ ပြည်သူပြည်သားတို့ ချင်းစားရာမရ ဆင်းရဲကြီးစွာရှိကြသည်၊ ငါအရှင်ကေရာဇ်မင်းမြတ်သည် သတ္တဝါအပေါင်းတို့အား၊ သနားတော်မူခြင်းဖြင့် အလောင်းအလျာ စကြာမန္ဓာတ်မင်းတို့ ကျင့်မှားသမျှ မိစ္ဆာကျွန်တို့ကို သုတ်သင်ရှင်းလင်းတော်မူမည်။

သားတော် ၂ ဦးကို အရေးလွှဲအပ်၍ ဗိုလ်မှူးဗိုလ်ချုပ် ခန့်ထား ရှင်းလင်းစေရာ ရွှေဘုန်းတော်မြတ်ကြောင့် အရေးတော်ပြီးပြေသည်၊ ရဲမက်တော်တို့ မဦးမချွတ် တိုက်ဖျက်သိမ်းယူကြသဖြင့် သေကြေပျက်စီးမည် ဘေးဥပါဒ်ကိုမြင်တော်မူ၍ စစ်ကိုင်းမြို့အရပ်ခံတော်မူပြီးလျှင် သတ္တဝါအပေါင်းတို့အား မထိမပါး စေရ ချမ်းသာသဖြင့် သာသနာတော်ရေး တိုင်းရေးပြည်ရေး အလုံးစုံကို သိမ်းဆည်းစောင့်ရှောက်တော်မူသည်။

အင်းဝမြို့သည် ထီးသုံး(ဦး) နန်းသုံးဖြစ်၍ ရွှေနှစ်လုံးတော်သန့်ရှင်းတော်မမူ နှစ်သက်တော်မူရာ ကုန်းဘောင်ရွှေပြည်တော်ကြီးတွင် ထီးနန်းစိုက် ဆောက်စိုးစံတော်မူမည်၊ မင်္ဂလာမြစ်ဆိပ် ကျောက်မြောင်းမြို့တော်က ရခံတော်မူသည်၊ မင်းညီမင်းသား မှူးမတ်ပြည်သူတို့က အမရပူရမြို့တော်သည်၊ ရွှေချက်ဆို (သို) တော်မူရာ ဘုန်းတော်ကြီး၍ သက်တော်ရှည်တော်မူသည် အကြောင်းကို ထောက်တော်မူ၍ ဘိုးတော်ဘုရား အရိုက်အရာဆောင်ရပ် ဘုမ္မိနက်သံမှန်သော အမရပူရမြို့တော်တွင် တညီတညွတ်တည်း ရှိခိုးသံတော်ဦးတင်သည်များကို ရွေးချယ်တော်မူ၍၊ ကျမ်းဂန်ပါဠိအထွက်အရှိစကား ၊ သိုက်ဓါတ်နိမိတ်၊ အရောက်အလာများနှင့်တကွ၊ ညီလာသဘင်တွင် ရာနှိုက်ဆရာတော် သံဃာတော်တို့ကလည်း၊ ဘိုးတော်ဘုရား စံတော်မူသည့် အမရပူရမြို့ အလောင်းအလျာတို့ စံထိုက်ရာ ပဋိရူပအရပ်ဖြစ်၍၊ မင်းဆက်တကာ ရခဲစွာသော ဆဒ္ဒန်ဆင်မင်း ရခြင်း။ ရတ္တပူရတိုင်း၊ နာဂသျှန္တတိုင်း၊ အာသံတိုင်းများမှစ၍ ဘိသိုက်ခံကုန်သော ထီးဆောင်းမင်းအပေါင်းတို့ ပျပ်ဝပ်ကျိုးနွံ ကျွန်တော်ခံရောက်ခြင်း၊ နန်းစံ ၃၈ နှစ်တိုင်တိုင်၊ ထိုသတ္တဝါအပေါင်းတို့အား တရားစည်ကြီးတီးတော်မူ၍၊ သက်တော်မြင့်ရှည်တည်တော်မူခြင်းတည်းဟူသော အကျိုးအပေါင်းနှင့် ပြည့်စုံပါသည် ၊ အမရပူရမြို့တွင်စံတော်မူသဖြင့် သာသနာတော်ရေး လောကရေးနှင့်တကွ၊ အလုံးစုံသင့်မြတ်ပါကြောင်းကို၊ ဇာတ်နိပါတ်ဝတ္ထုသက်သေ ကျမ်းဂန်ပါဠိအထွက်အရှိများနှင့် မေတ္တာစာ ဆက်သွင်းသည်၊

ပညာရှိတို့ကလည်း သမိုင်းစာဟောင်း သိုက်ဓာတ်နိမိတ်စနည်းတပေါင် ရှိသည်များကို ဆရာတော်တို့ မကွဲမပြား တညီတညွတ် ရှိခိုးသံတော်ဦးတင်သည်၊ ဘိုးတော်ဘုရား တည်တော်မူရင်းလည်း၊ အရိုက်အရာဆက်ခံ စိုးအုပ်ကုန်သော သားတော် မြေးမြစ်ကေရာဇ်တို့၊ သာသနာတော်ရေး တိုင်းရေးပြည်ရေး စောင့်ရှောက်စေရမည်ဟု ရည်မှတ်တော်မူခြင်း ဖြစ်သည်၊ ရွှေချက်ဆိုတော်မူရာ မင်္ဂလာမြို့လည်း၊ ရွှေလွှတ်တော် ပြည်သူတို့အကျိုးစီးပွားများ၍၊ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အဆွန့်အဖွန့် ရှည်တည်စေခြင်းငှာ၊ ဘိုးတော်ဘုရား အရိုက်အရာ အမရပူရမြို့တွင် ထီးနန်းကနက်စိုက် ဆောက်စိုးစံတော်မူမည်၊ နန်းမှစ၍ မင်္ဂလာအသစ်လုပ်ဆောင်ရန် ရှိသည်များကိုလည်း မြို့ရွာဆင်းရဲသားတို့ကို ကြေးငွေမကုန်မကျ စေနှင့် ငွေတော်ထုတ်၍ လုပ်ဆောင်စေ။ ။

သက္ကရာဇ် ၁၁၉၉ ခု တဆောင်မုန်းလဆန်း ၁၄ ရက်နေ့၊ နာခံတော် နေမျိုးနန္ဒမိတ်ပြန်အမိန့်တော်။ ။

ကုန်းဘောင်ခေတ်နှောင်း၊
သက္ကရာဇ် ၁၂၁၄ ခုမှ ၁၂၄၁ ခု အတွင်း၊
ထုတ်ပြန်သည့် အမိန့်တော်များ။

(၁)

နိုင်ငံတော်အတွင်း အရပ်ရပ်အစုအမှုထမ်းလူတို့နှင့် တော်ပွါး မြို့စား မြို့ရွာသူကြီး၊ မြင်းစီး၊ မြင်းခေါင်းတို့မှစ၍ ကြွေးမြီတင်ခဲ့သူတို့မှာ ကြွေးဟောင်းမြီဟောင်းရှိသည်များကို၊ အလျှော်အထား အတောင်းအခံ မရှိစေရှင့်၊ တန့်ရပ်ဆိုင်းငံ့စေ။

၁၂၁၄ ခု တန်ခူးလဆန်း ၁၁ ရက်နေ့၊ နာခံတော် မင်းလှမင်းကျော်ပြန် အမိန့်တော်။

(၂)

နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာများမှာ ရှိနေသည့် ဆင်းရဲသားတို့ ဘိုးဘပိုင် ဖြစ်စေ ချ ငွေဝယ်လယ်ယာ ဥယျာဉ်ခြံမြေကိုင်းကျွန်းများကို မင်းညှဉ်းသား၊ နင်းဖိ ပုကျား ဖျက်တော်မတော်အစု အမှုထမ်းတို့က အမိန့်တော်ရှင့်၊ ငှါသနားတော်မူသည်ဆို၍ အားကြီးအားငယ်များ ဖိစီးနှိပ်စက် သိမ်းယူသည်များကို အသိမ်းအယူ အနှောင့်အယှက် မဖြစ်စေရှင့်၊ ဘိုးဘပိုင် ချ ငွေဝယ်လယ်ယာဖြင့် ဖြစ်သူတို့က ရှေ့လက်တော်မှာ လျှောက်ထားရှင်းလင်းပြီးလျှင် သနားတော်ဖြတ်၍ ချတင် လုပ်စားစေ။

သက္ကရာဇ် ၁၂၁၄ ခု တန်ခူးလပြည့်ကျော် ၁ ရက်နေ့၊
နာခံတော် မင်းထင်ရာဇသီဟသူ ပြန် အမိန့်တော်။

(၃)

နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာများမှာ ၄၅ ခု၊ ၆၄ ခု စစ်တမ်းအရှင်းဆက်သွင်းရှိသည်၊ အားကြီးအားငယ်များ ဖိစီးနှိပ်စက်ပြီးလျှင် အမိန့်တော်နှင့် လုယူနှိပ်စက်သည်ဆို၍ နယ်မြေပယ်မြေများကို အလျှောက်အတား မရှိစေရှင့် လက်ရှိ ထိမ်းသိမ်းဆင့်ဆိုစီရင်မှာ (မြဲ) တိုင်း ထိမ်းသိမ်းဆင့်ဆိုစီရင်ကြစေ။

သက္ကရာဇ် ၁၂၁၄ ခု တန်ခူးလပြည့်ကျော် ၁၄ ရက်နေ့။
နာခံတော် မင်းလှမင်းထင်ပြန် အမိန့်တော်။

(၄)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရွှေဖြူအာဂ ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများဖြင့် လက်နက်ခံကြာသခင် အရှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ငါအရှင်ဧကရာဇ်မင်းဖြစ်သည် ရှေးရှေးသောဘဝတို့၌ ဖြည့်ဆည်းပွားတော်မူခဲ့သော ပါရမီဒမ္မ ဘဏ္ဍာရ နာကော်အညီတော်ကြောင့် လောက သံခုက်နတ်မြတ်သောမင်းအဖြစ်သို့ ရောက်တော်မူလျှင် သဗ္ဗညု သမ္ဗောဓိ ဆုကိုရည်မှန်းချက် ရှေးဘုရားအလောင်း မင်းကောင်းမင်းမြတ် မဟာသတ္တဝါတို့ ကျင့်ထုံးအလုံးစုံသော ရာဇဓမ္မ အပရိဟာနိယ တရားများကို ကျင့်ဆောင်တော်မူသည့်အတိုင်း သာသနာတော် စည်ပင်ထွန်းလင်း၍ သာသနာတော်အစဉ် မြဲတော်အဆက် ဖြစ်တော်မူသည်နှင့် အစွန်ရှည်စွာ ပြည်သူပြည်သား အပေါင်းတို့ ချမ်းသာခြင်းကို အလိုရှိတော်မူသည်။ ဧကရာဇ်မင်းဖြစ်သူကောင်း မြဲ၍ကျ အရှင်အရေး တိုင်းပြည်မြို့ရွာ သာသနာတော်အရေးများကို ကြည့်ရှုစီရင်ရသော မှူးမတ်တို့ ဖြည့်သည် မဟုတ်မမှန် ချွတ်ယွင်းသောစကားကို ပြောဆိုခြင်း။ အမျက်ပြင်းစွာထွက်ခြင်း။ ပွင့်ပျော်ဖြူးတူးခြင်း တည်းဟူသော ဖြစ်အပ်သောတရား ၃ ပါး။ ဖျက်အပ် ဥဿုံ မိစ္ဆာ ဟူသော တံခိုး ၃ ပါး။ ဆန္ဒာဂတိ၊ ဘယာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ ဟူသော အဂတိ ၄ ပါး။ သည်းခံခြင်း၊ နိုးကြားခြင်း၊ ထကြွလုံ့လရှိခြင်း။ ခွဲခြမ်းဝေဖန်ခြင်း။ လောကဝိနိစ္ဆယ၊ ဓမ္မဝိနိစ္ဆယ၊ ရာဇဝိနိစ္ဆယ။ အကြောင်း ၃ ပါးကို ကြည့်ရှုခြင်း တည်းဟူသော နာယကဂုဏ် ၆ ပါး။ အကြားအမြင်များခြင်း၊ သီလရှိခြင်း၊ ရဲရင့်ခြင်း၊ လုံ့လရှိခြင်း၊ ကောင်းမြတ်ပြီးစီးလွယ်သော အမှုကို ပြုခြင်း။ ဉာဏ်ပညာ ခွန်အားရှိခြင်း။ ရွှင်ရွှင် ဥဿာကို ဖော်ဆောင်ခြင်း။ ချိုသာယာသော စကားကို ဆိုခြင်း၊ တည်းဟူသော မှူးကောင်းမတ်ကောင်းတို့၏ ဂုဏ် ၈ ပါး စသော ဖြစ်အပ် ပယ်အပ်၊ ပြည့်စုံစေအပ်သော တရားတို့ကို နှလုံးထား၍ တိုင်းရေးပြည်မှု ကြည့်ရှုစီရင်သင့်သည်ကို၊ နောင်တော်မင်းတရား မှူးမတ်တို့သည် မကြည့်မရှု မဟုတ်မမှန် ကြွေးငွေ ပန္နာ အများအားယူကြသောကြောင့် ဆင်းရဲသား ကျွန်တော်မျိုးတို့ အလွန်ပင်ပမ်းကြရလေသည်။ ငါရှေ့လက်တော် မှူးမတ်တို့သည် ရှေးဘေးဟောင်းတော် ဘိုးတော်ဘေးတော် မင်းကောင်းမင်းမြတ်လက် မှူးကောင်းမတ်ကောင်းတို့ ထုံးခဲ့ထားသည်များကို နှလုံးထား၍ သာသနာတော် အကျိုးအပွား၊ ငါအရှင်ဧကရာဇ်မင်းမြတ် အကျိုးအပွား။ ပြည်သူပြည်သားတို့ အကျိုးအပွား ဖြစ်ထွန်းအောင် ရွက်ဆောင်ရမည်။ တရားစကားနှင့် ဆိုဆုံးမသည်ကို အတွင်းတော် လွှတ်တော် ရှေ့ရုံး နောက်ရုံး က ခစစ်ခကျော မစီရင်စေရ။ တရားရုံးက တဒါတသည်း ခစစ်ကျော စီရင် (စေ)။ အတွင်းတော် ရှေ့ရုံး နောက်ရုံး အရာရှိများမှာလည်း အရည်အလျှောက် အသီးအသီး သူကောင်း ပြုကျင့်ရှိသည်။ အရေးလုလင်တို့ကိုလည်း ငွေတော်ထုတ်ပေး သနားတော်မူမည်၊ ရုံးမှု ကျမှု နယ်မှု မြေမှု စကားများမှာ လွှတ်တော်က စဉ်ကျသွင်းစေ။ ရာဇဝတ်မှု ခုပ်တိုင်သည်ကို ရှေ့ရုံးက စစ်ကြောစီရင်စေ။ ရာဇဝတ်မှု တရားစကား လျှောက်ထားသည် အမှုများနှင့် အပုဒ်ဥက်မှုဒေါ်ရေး လုပ်ဝတ်မှစ၍ ကြွေးငွေ အတောင်းအခံ အကုန်အကျ မဖြစ်စေရှင့်၊ နေ့ရက်မရှည်စေကြာစေရ ပြီးပြတ်လွယ်အောင်သာ ဆုံးဖြတ်စီရင်ကြစေ။

ရွှေမြည်တော်မှစ၍ နိုင်ငံတော်အတွင်း အရပ်ရပ်အစေးမြို့ရွာ ဆိုင်ရာ ခုထိန်း ခုအုပ်တို့မှာ တရားမှု ရာဇဝတ်မှုများနှင့် ပြောဆိုလာလျှင် တရားတက်ရေး ၅။ အစစ်ခံရေး ၃။၁၊ အယူခံ နာကျပ်ဖိုး တဖက်သင့် ၅။၊ ကောက်ချက်ဖြတ်ပိုင်းအရေး ၁၊ လွှတ်ပုံ ၂။၁၊ ကျမ်းစွဲကိုင် ဆိုကြရသည် တရားစကားမှာ မီးဒွားချုပ်ရေး တဖက်သင့် ၅။၊ လုင် ၂။၁၊ ကျမ်းထုတ် ၅။၁၊ ကျမ်းပင့်ကျမ်းတိုက် ၅။၁၊ ဒိုးထွန်း ဆန်ဝါး ရေလား ခံထောက်၊ ကမ္ဘာဓရုပ်တို့တွင် တရပ်ရပ်စီရင်မြန်ရလျှင်လည်း ဒိုးထွန်းမှုမှာ မီးဒွားချုပ်ရေး တဖက်သင့် ၅။၊ လုင် ၂။၁၊ ဖရောင်းတိုင် ၅။၁၊ နာရီဆောင့် ၂။၁။ ဆံဝါးမှုမှာ မီးဒွားချုပ်ရေး တဖက်သင့် ၅။၊ လုင် ၂။၁၊ ဆံဘိုး ၂။၁၊ ဖြီးဆောင့် ၂။၁၊ ရေလားမှုမှာ မီးဒွားချုပ်ရေး တဖက်သင့် ၅။၊ လုင် ၂။၁၊ ဆိတ်ထိန်း ၂။၁၊ တိုင်စိုက် ၅။၊ ကြိုးကိုင် ၅။၊ ဝါးနှိုက် ၅။၊ မြီဆောင့် ၅။။ ခံထောက်မှုမှာ မီးဒွားချုပ်ရေး တဖက်သင့် ၅။၊ လုင် ၂။၁၊ ခံဘိုး ၅။၊ သက္ကယ်ခေါင်း ခံဆောင့် ၁၊ လင်္ကတ်ဆေ

ရာဇဝတ်မှုမှာ ချော်ရိုလျှင် တကိုင်လျှင် ၂၂၁၊ တရားမီးဖြတ်သည့်ကာလ ရေး ၅၂ လုင် ၂၂၁၊ ရွှေနေတို့မှာ အခေါက်တံခါးလဲဒိုလျှင် ၂၂၁၊ ခရီးဝေး လိုက်ရလျှင် တကိုင်မြို့ ထောင်တန်း အကျဉ်း အချုပ်ထားရသည့်အမှုမှာ အချုပ် ၅၂ ကွန်းဘိုး မှုမှာ လျော်မြစ် လျော်ဒါန် ၁၊ ဖြင့်လျှင် ၁၀၊ ၁၁ ည ၂ သာစားယူကြစေ။ မှတ်ချက်ရေး မှတ်ပုံတင်အ တည် ၃ ၂ ခု အဆိုတို့ အဆို ၁ စာရင်းတင်ကြေး အတောင်းအား အရှင်း ခသည်ချိတွင် ရှိ အပိုအမို မစားမယူကြစေနှင့်။ ငါ သခင် မြန်မာန်း ပိုင်းခြားတော်မူသည့် အ မိန့်တော် အာဏာတော်မတည် ပိုမိုစားယူကြလျှင် စားယူသူတို့ကို ဝန်တို့က အပြစ် အလျောက် စီရင်။ ထီး ရန်နှိမ်းရန်ရှိ ဆော်ကွေးမြို့အား၊ မြို့ဝန် မစ်ကဲ၊ မြို့ထွာ အစီရင်ခံသူကြီး ဒေါင်းအကြီး၊ စုထိန်း စုအုပ်တို့ကို ဗေ့နှုန်းအောင်ဆင့်။

၁၁၇၅ ခု ကဆုန်လပြည့်ကျော် ၃ ရက်နေ့။

နာခံတော် မင်းလှ မင်းတင်ကျော် (ဖုန်) အမိန့်တော်။

(၅)

ရွှေမြို့တော်ကြီးအတွင်း အိမ်ယာဆောက်လုပ်နေထိုင်သည် အစုအမှုထမ်း လူ ၃၀၀၀၀ ကျော်တို့ကို၊ လယ်ပယ်ပေါင်း ၆၀၀၀၀ ကျော်ပေး ချထားတော်မူ ရာ မင်းမိဘုရား မင်းညီမင်းသား မြေးတော်မြစ်တော် ဆင်းရဲသားကျွန်တော်မျိုး တို့ ဘိုးဘပိုင် ငွေဝယ်လယ်ယာပါရှိသည်ကိုနှုတ်၍ လတ်ဖြစ်တို့က ယူ၍ချတင် လုပ်စား၍ လုပ်စားစေ။ အမှုထမ်းလူတို့မှာ ရွှေနန်းကြီးလည်ပိုင်း ကိုတော်ခပါး ချင့် အရပ်ရပ်မြို့ဆက် ငွေတော်ဝယ်ခပါးများက နှုတ်ပေးသည် အစားသနားတော်ခံစေ။

သက္ကရာဇ် ၁၁၂၀ သတင်း ကျွတ်လဆန်း ၁၁ ရက်နေ့။

နာခံတော် မခြောင်ဖြူ မင်းထင်မင်းကျော်ဂုဏ် အမြန် အမိန့်တော်။

(၆)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် လက်နက်ခကြာသခင် အဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ။ ကမ္ဘာတည်ဦးကာလက ငါတို့ဘုရားအလောင်းတော် မဟာသမ္မတမင်းအား ဇမ္ဗူကျွန်းသူ လူအပေါင်းတို့ ၁၀ ဘို့တဘို့၊ ၁၀ ခိုင်တခိုင်ပေး ဆက်ပါမည် အညီအညွတ်လျှောက်ထားကြ၍ ခရုသင်း ဥလုံး ဖြင့် အကဲသိက် သွန်းလောင်း ကုန်သဖြင့် မင်းအဖြစ်ယူကြောင်းကို ကျမ်းဂန်လာရှိသည့်အတိုင်း နေပြည်တော်သူ လူအပေါင်းတို့က ၁၀ ဘို့တဘို့၊ ၁၀ ခိုင်တခိုင် အခွန်ပေးဆက် သည်ကို ခံယူခြင်းသည် ဘုရင်ပါလဖြစ်သော မြင်ကာရာဇ်မင်းမြတ်တို့ကဲ့သို့ တရားနှင့်အညီ တိုင်းပြည်ရှိ ငါ့အလုံးကို သိမ်းမြန်းစိုး အုပ်တော်မူသည်။ သာသနာဒါယကာ မဟာဓမ္မရာဇ်မင်းမြတ် ဖြစ်သည့်အတိုင်း နိုင်ငံတော်အတွင်း အရပ်ရပ် မြို့ကျေးရွာ များက ဆက်သွင်းသည် အခွန်အကောက်တော်များမှာ ဈေးပေးဆက် ကို့ထုံးစံအတိုင်း ၁၀ ဘို့တဘို့၊ ၁၀ ခိုင်တခိုင်၊ အဆက်သခံတော်မူလိုသည်၊ မဟာ သမ္မတတော်မူသည်၊ နှစ်ကာလ ရှည်ကြာ၍ ၁၀ ဘို့တဘို့၊ ၁၀ ခိုင်တခိုင် အကျ ပိုပို တိုးပွားရှိ ဆက်သကြသည်များကို ရှုနှုံးတော်မြတ်နှမ်သက်တော်မမူ။ ထုံးစံ ရှိသည့်အာဂုလည်းတရားနှင့်အညီ အခွန်အဆက် လာသည်ကိုပိုက်ဂိုကျင့်အောင်

မှ ယခုပဉ္စမြွန် သံသရာ အကျိုးနှစ်ပါး ပွားများ၍ ပြည်သူသတ္တဝါ အပေါင်းတို့ချမ်းသာ ခြင်း အကြောင်းဖြစ်သည်ကို တောက်တော်မူ၍ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ကျေးရွာ များမှာ ရေမြေအသီး အခွန် ဆိပ်ကည်ပွဲကင်းတို့က မြို့ရွာအခွန် ကျွန်မိုး မှုခ ကျင့် တော်ခံ၍ရှိသည်များကို ၁၀ ဘို့တဘို့၊ ၁၀ ခိုင်တခိုင် ကျသော တော်ခံ ဆက်သွင်းစေ။

အပိုအမိုတော်ကိုးတော်ခံရှိသည်ဆိုရ၍ မကောက်မစား မဆက်မသွင်း စေနှင့်။ ၁၀ ဘို့တဘို့ အယ်ခိုင်တခိုင်သင့်ဖြင့် ရွှေလက်ထက်တော်မှာ ပိုမိုတော်ခံရှိ လျှင် ကုန်နှိမ်အောင်သိမ်း၍ နိုင်ငံ အောင်ဖြစ်။ ဝန်တို့မှာ ဆင့်။ ငါ အဂ္ဂ မြင်ကာရာဇ် မင်းမြတ် ကျေးဇူး သက္ကာတော်မြတ်ရှိသည့်အတိုင်း အခွန်အကောက်တော်ကို ခံဆက် သွင်းလို့ ရှိသည်များကို ဈေးကမ္ဘာဦး မဟာသမ္မတမင်းမှ ဝင်းကောင်းမင်းမြတ် တို့ယူသသည်ပုံ စံနှင့် မှန်ကန်ညီညွတ်၍ ဆက်သွင်းလို ဥပဒေ ကျနအောင်ဆင့်ဆိုမိ ရှင် ကောက်ခံ ဆက်သွင်းရန် စာရင်းကိုလည်း ရန်ထားရှိဆင့်။

မြို့ဝန် မစ်ကဲ၊ မြို့ထွာ သူကြီး ရာဇဝတ်အနုပ်အထိန်းတား သူတို့သည် မြို့ကျေး ရွာ နေထိုင်လူတို့မှာ ရာဇဝတ်အလျောက် သေဖြစ်သေ ဒဏ် ထိုက်သူတို့ကို သာနာသက် သုံး ရုံးအောင် စီရင်ခဲ့သည့် သူကို၊ ရာဇဝတ်အလေးအပေါ့ကို မတောက်သတ်မြတ်လိုလျှင် သေဖြစ်သေ ဒဏ် ရာဇဝတ်မှ ဖြစ်အောင် အခစ်ချက်မပြည်ပ၍ စိတ်အလိုရှိ ဂု စီရင် ကြောင်း များနှင့် ရွှေနားတော်မြတ်ကြားသိတော်မူရသည်။ ဝဋ္ဋိုး တားမြစ်ရှိသေ ဖြစ်သေ ဒဏ် ထိုက်သူတို့ကို အလျောက် အာဏာ ခွဲ၍ ရုံးအောင် မစီရင်ကြစေနှင့်။ သေဖြစ်သေ ဒဏ်ရှိသူတို့ကို ဖမ်း ဆီးရမိလျှင် ဖမ်းဆီးရမိသူတို့ စာရင်းနှင့်စစ်ဆေး တွက်ဆိုချက်များကို ရွှေလွှတ်တော်သို့ လျှောက်ထားစေ။

ဗကျရာကျ နှုတ်လွှန် အိမ်မှုမှုစဖြင့် တရားတပေါင်ဖြစ်ပွားကြသည်များ မှာ မြို့ဝန် မင်း အုပ်သူကြီးတို့ ရွှေလက်ထက်တော် သတ်မြန်တော်မူသည့်အမိန့် တော်တည်း အတိုင်းသော ကြေးငွေ ဒဏ်ကောင်း မခံ မစားမယူ ပိုမိုတောင်းခံ၍ယူ ကြောင်းများနှင့် ရွှေနားတော်မြတ်ကြားသိတော်မူသည်။ အပိုအမိုတောင်းမခံ မစားမယူစေနှင့်။ လက်ရေကျ နှုတ်လွှန် မှုမှိုခိမှုများမှာ လျော်ကြေး ၁ လျှင် ၁၀ သာ စားယူကြစေ။

လင်ကွာ မယားကွာ အမှုမှာ လျော်ကြေး ထွက်သည်ကို ခွဲဝေပေးသည့် ဥစ္စာကို အခွဲ ပြည့်ကျ ၁၀ ခိုင်အား မယူစေနှင့်။ အမိန့်တော်အတိုင်း ဥာကာပူဇော် ခရေ လုင်တို့ကို သာစားယူစေ။ ။ အမွေမှုမှာ မြို့ရွာ အစိုးရတို့ စီရင်၍ မင်းမြတ် သည့် အမှု ကို သာခြင်းတို့ အလျောက်ဖြစ်စေ။ စုံဂုလူဖြစ်စေ။ စီရင်မင်းမြတ် သည့်အမှုများမှာ ၁၀ ခိုင်အား တဝက်သာ စားယူစေ။ ။ လယ်ယာ မြေကြောင်း မြေ ပေါင်မှုများမှာလည်း မြေအား ကွယ်တောင့်ခံ၍ စီရင်ချက်မြတ်စာနှင့် မင်းမြတ်ရှိ လျှင် မငွ်အားကသာပေး ဆောင်စေ။ မညီဂုဏ်မှာ အပိုအမိုတောင်းခံ စားယူလျှင် စားယူသူတို့ကို ရာဇဝတ်ကြီး စီရင်။ ။

သက္ကရာဇ် ၁၁၂၂ ခု ကဆုန်လပြည့်ကျော် ၆ ရက်

နာခံတော် ပျော့ကြီးဖြူ မင်းလှ မင်းကျော် ပုန် အမိန့်တော်။

(၇)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာအရှင် အသျှင်ဘဝရှင်မင်းတရားကြီး အမိန့်တော်ရှိသည်။ အဆက်ဆက်သောကိုယ်တော်၏ အမြစ်ဖြစ်၍ အဦး ပူဇော်ခံအပ်သော ပါရမီသမ္ဘာရအလေါင်းတို့သည် တက်သန်ကာလွန်စွာ ခုညီလက်သဖြင့် ဖြတ်သောမင်းသမြစ်သို့ ရောက်တော်မူလျှင် သဒ္ဓါ သတိ ဝီရိယ ပညာ သမ္ဘာသဒ္ဒ မှပဋ္ဌာဝိပတ္တာရ စသောတရားအလေါင်းတို့ဖြင့် သာသနာတော်အကျိုးစီးပွား မြည်သူသတ္တဝါတို့၏ အကျိုးစီးပွားများ လွတ်သည်ကို သဘောကျရည်တော်မူလျက် သုဓမ္မာ ဆရာတော်တို့နှင့် ဖြူတော်မဟုတ်တော်တို့ကို ညှိနှိုင်းတိုင်ပင်စေပြီးလျှင် မြည်သူတို့ကပေးသည့် တံစိုး လာဘ်ဆောင်များ အသင်တို့နှင့် မြို့ရွာအကြီးအအုပ် စုရင်းနီးရှင်တို့က ပေးသည့် ကြေးငွေ လက်ဆောင်များကို ခင်းမိဖုရားသားတော်သမီးတော် ဖူးတော်ဖြတ်တော်တို့က အကော်အခံ အစားအယူ မရှိစေရ အသီးအသီး ဥပဒေပေးအပ်ခဲ့သည်ကို ရှိသည်။ အကုခံ အရာအောင်ဖြူနှင့်ခပ်ကျွဲဆက်သသည့်လက်ဆောင် မြို့ရွာစာရင်းနီး ထိန်းသိမ်းရသည့် ဖူးတော်ခတ်တော်တို့ကဆက်သရသည့် လက်ဆောင်တော်များကိုလည်း အဆက်အသခံ ဖြစ်တော်မူရှိသည်။ မြို့ရွာအစုအငွေးများမှာ ဆက်သရန် လက်ဆောင်တော်ဆို၍ မြို့ရွာအကြီးအအုပ်အစုရှင်အနီးရှင်တို့က ကြေးငွေ အသွဲအကောင်း ခေါ်ရှိစေနှင့် ဝန်တို့က နိုင်နင်းအောင်ဆင့်။

၁၂၂၈ ခု တပို့တွဲလပြည့်ကျော် ၆ ရက်နေ့။

နာခံတော်မျှော့ကြီး မျူးမဟာမင်းလှမင်းကျော်မြန် အမိန့်တော်။ ။

(၈)

ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာများ ရွာစင်းရဲသားကျွန်တော်မျိုးတို့မှာ ဘဏ္ဍာတော်များကို ရယူထိန်းချုပ်ကြ၍ ကိုးသည်သူပုန်ဘက်ပါဖြစ်သည်ဆို၍ ခစ်ကြောဟောင်း ခိုးသူ ဓားပြ စသောကြောင့် ဘင်းရဲသားကျွန်တော်မျိုးတို့ ခေါ်ပြီး သက် ဆင်းရဲပင်ပန်း ကြကြောင်းများနှင့် ရွာသားတော်ဖြတ်ကြားသိတော်မူရှိသည်။ သူပုန်ဘက်ပါသူ ဘဏ္ဍာတော်များကို ရယူထိန်းချုပ်သူဆို၍ အမေး အမြန်း အခခ်အကြော ခေါ်ရှိစေနှင့်။ ဖိမ်ဝပ်ချမ်းသာစွာ နေထိုင်ကြစေ။ ခိမ့်တော်ကိုဖြတ်သည့် ဘဏ္ဍာတော်ကို ထိန်းချုပ်ကြ၍သည်။ သူပုန်ဘက်ပါသူဖြစ်သည်ဆို၍ ခစ်ကြောဟောင်း ခိုးလျှင် ရမိအောင်ဖမ်းဆီး၍ ရာဇဝတ်အပြစ်ထင်ရှားအောင်စီရင်။ ။

သက္ကရာဇ် ၁၂၂၉ ခု ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့။

နာခံတော်မှော့ကြီး မျူး မဟာမင်းလှကျော်မြန် အမိန့်တော်။

(၉)

သုဓမ္မာ ဆရာတော်တို့က သက္ကရာဇ် ၁၂၂၈ ခုနှစ် အတော အတွင်း မြည်သူသတ္တဝါတို့ ဥပါဒ်အလျော်နေရင်းမြို့ရွာတွင် မနေနိုင်၍ တခြားမြို့ရွာများသို့ ကူးပြောင်းထွက်သွား ခေမြန်မလာဝံ့သည်ကို အရပ်ရပ်မြို့ရွာ ကိုက်အုပ်ကိုက်ဆောက်ဆရာ ရပ်ရွာနေ စွဲမြဲ ပုဏ္ဏားသင်္ဃာတို့က နေရင်းမြို့ရွာများသို့ ပြန်လည်အောက်မေ့ခေါ်ဖိတ်သွင်းစေ‌ဆောင်လိုပါသည်။ ပြန်လည်လာရောက်

သူတို့ကို မြို့ရွာရှင်တို့နှင့် ဆိုင်ရာစုရင်းနီးရှင်တို့က ၁၁၁၁ခေခ ၁၀ ဘိုဘ ဘို့ အခွန်တော်မှစ၍ ကြွေးမြီမှုခင်း အကြောင်းများနှင့် အခေါ်အခေါ် အရှောင်အရှက် အခစ်အခံ အကောင်းအခံ မရှိစေရ။ ဖိမ်ဝပ်ချမ်းသာစွာ နေထိုင်စေမည် အကြောင်းနှင့် မြွက်ဟ ခံချက်အတိုင်း ကိုက်အုပ်ကိုက်ဆောက် ဆရာတော်သံဃာတော်တို့ ခေါ်ဝင်ကြရှိနိုင်တော် အတွင်း ဝင်နေလာရောက်သူတို့ကို မြို့ဝန်မင်းတော် မြို့ထိန်း မြို့အုပ် မြို့ရွာသူကြီးတို့က ၁၁၁ခေခ အခွန်တော်များနှင့် မှင်းမှုခင်း ခင်းစရိတ်ကြေးငွေ အစားအယူ အခွဲအခနိုင်လှ အစေအခိုင်း တရားရာဇဝတ် မှုလောင်း ကြွေးဟောင်း မည်သည့်ဟောင်း ကုန်ဘိုးမြတ်အတွက် လယ်ပေါင်ယာပေါင် ကျွန်ပေါင်မြေပေါင်များနှင့် အအပ်အနှံမှုခင်း အခစ်အမေး အကောင်းအခံ မရှိစေရ။ စုရင်းနီးရှင်တို့ကလည်း အစုဆိုင်ရာဆို၍ အခေါ်အခင်း အခွဲအခေါ် အခံမထားမရှိစေနှင့်။ ဝင်နေလာရောက်သည့်နေ့ကစ၍ ငါးနှစ်မြွ လွတ်ငြိမ်းချမ်းသာစေ။ လာရောက်သူတို့မှာ ရင်းလည်း ကိုက်အုပ်ကိုက်ဆောက် ပုဏ္ဏားသင်္ဃာတို့က သုဓမ္မာဆရာတော်တို့ထံ တင်ပေးဆက်သွင်းမည် အကြောင်းနှင့် ဝန်တို့ကလျှောက်ထားစေ။ ။

သက္ကရာဇ် ၁၂၂၉ ခု ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့။

နာခံတော်မှော့ကြီး မျူး မင်းရင် (ထင်) ရာသီဟ (မြန်) အမိန့်တော်။ ။

(၁၀)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား သက္ကရာဇ် ၁၂၃၀ တံခွန်ဖွန့်လဆန်း ၇ ရက် ၄ ဟူးနေ့ နေဝင်းကျင် ပန်းလှိုဏ်ဂူတော် ကြီး ပေါကို လာသကိုင်းမြို့ စီရင်စု ပန်းလှိုဏ်ဂူ သူကြီး ခန့်တော်မူသည်။ အသည်ပြယ် သားတို့ ကာမဖြူတော်ကို ထမ်း၍ လုပ်ဆောင်အောင်ဆောင် စီးပွားဖြစ်အောင်စေခမီရင်။

(၁၁)

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် ပဉ္စမသင်္ဂါယနာတင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား သက္ကရာဇ် ၁၂၃၄ ခု ပြာသိုလပြည့်ကျော် ၁၄ ရက် ၅ နေ့တော်တွင်း ကြီးမြို့ သားတိုးတန်းစွတ်ပါ အိုးထိန်းတောင်ကျွာသူကြီး ဥဖနွ သီဟ သိင်္ခ ကို အိုးထိန်းတောင်ရွာ စပါးတပ် ဆွေးဘောက်ကြီး ခန့်တော်မူသည်။ ။

လယ်မြေပယ်စား
အမိန့်တော်များ

(၁)

စားတော်ဝန် စကုမြို့စား မဟာမင်းထင်စည်သူက အမရပူရမြို့နယ်အတွင်းရှိ အသန့်ပာင်းတော်ကျွန်းမြေ ပယ် ၅၄ ပဲ များကို ဘိုးဘွားအဆက်ဆက် စားတော်ဝန်က ချထားကော်ခံ ဆက်သွင်းဖြံသည့်အတိုင်း ။ အသန့်ပာင်းတော်ကျွန်းမြေပယ်များကို အကွဲအပြား မရှိ ချထားကော်ခံဆက်သွင်းပါရဖြည့်အကြောင်းနှင့်ရှိခိုးသံတော်ဦးတင်ချက်အတိုင်း အမရပူရမြို့နယ်ရှိ အသန့်ပာင်းတော်ကျွန်းမြေပယ် ၅၄ ကို စားတော်ဝန် စကုမြို့စား မဟာမင်းထင်စည်သူက ချထားကော်ခံ ဆက်သွင်းစေ ။ ။

သံတော်ခံ ဦးကြွက်ရှော

၁၂၄၀ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့ ၊ နာခံ နေမျိုးမင်းထင်ကျော်ခေါင်တွင်မြန် ။

(၂)

လှိုင်းလှေထောင်ကဲ၊ စားကြီး၊ ဦးခီး အမှုထမ်းတို့က လှိုင်းလှေ အမှုထမ်းလူတို့မှာ စကိုင်းမြို့နယ်တွင်းရှိ ကန်တီး၊ ကန်ပြား လယ်မြေ ၃၂ ကို ၁၂၃၂ ခုနှစ်က ရှေ့လွှတ်တော်တိုင် နှစ်စဉ်မပြတ် လက်ရှိချထားစားယူ အမှုတော်ကို ထမ်းရွက်ရှိနေသည်မှာ တွင်း ကန်တိုင်ကြေးနှင့် အဂ္ဂဝင်ကြီးမကော်ဘုရားစာရေးကြီး ကျိုရှိုးတို့က လက်ရှိချထားစားသောက်ပြီး ကော်ကြီးစပါး ၁၀၀ ၊ ကော်ငင်စပါး ၄၀ ၊ ၂ ခု စပါး ၁၄၀ များနှင့် လယ်မြေကို မရအပ်ရဖြည့် ကောင်းခံပိုနေပါသောကြောင့် ။ အမှုထမ်းကျွန်တော်မျိုးဖြစ်ပါ၍ အမိန့်တော်မြတ်ရင်းအတိုင်း လက်ရှိချထားစားယူ အမှုတော်ကို ထမ်းရွက်ပါရဖြည့်အကြောင်းနှင့်ရှိခိုးသံတော်ဦးတင်ချက်အတိုင်း လှိုင်းလှေအမှုထမ်းစား စကိုင်းမြို့နယ်တွင်း ကန့်တီး ကန်ပြား လယ်မြေ ၃၂ ကို ကောင်နန်းမကော်ဝန်စာရေးကြီးတို့က အစားအသိမ်း အဆောင့်အရွက်အသိမ်းအယူ မရှိစေနှင့် ။ လှိုင်းလှေအမှုထမ်းတို့က လက်ရှိချထားလုပ်စားဖြဲ ချထားလုပ်စား ထမ်းရွက်စေ ။ ။ သံတော်ခံ ဦးဘိုဘိုကြော ။ ။

၁၂၄၀ တပေါင်းလဆန်း ၅ ရက်နေ့ ။ နာခံ မြောက်ကြီးမှူး မဟာမင်းကျော် မင်းထင်တွင်မြန် ။ ။

(၃)

ရွှေမြည်အိမ်တောင်စုံ ပင်းတလဲသွင်းပါ အမှုထမ်း ငရွှေပိုင်းက ၄၆ ခု ရွှေမြည်အစု အဖျား မြို့ရွာသူကြီးတို့ ဘွဲ့စည်းတောင်နှီး ကျဂျ ။ ယင်းတော်မြို့ခရိုင် စုဖောင်ကုံးရော်ခဉ် သူကြီးငတေ ဘိုးငမြေက ရွှေမြည်အစုမှာ ထမ်းရွက်ပါသော ငသာကို ခိုင်ကွဲးဘိုးငွေတော် ၃၅၀ ပေးပါမည်ဟောဆိုပြီးလျှင် မပေးနိုင်သောကြောင့် ငွေတော် ၃၅၀ အကျနှင့် ဝသွန်းတော်ခေါ် လယ်ယာမြေရပ်များကို သွင်းပေးထမ်းရွက်မင်း ၄ ဆက် ဖြော်လက်ရှိလက်မကျွာ ။ ဘုရားခမည်းတော်ဘုရား လွှတ်တော်တိုင်စားသော် အမှုတော်ကို အိမ်ဆောင်စုံအကတတ်ရှိရာ ရွှေမြည်အစု ကိုယ်ခတွက်နှင့်သွင်းပေးသည့် လယ်ယာ တန်းအုံ့ သရက်ဖြန့်သည်နှင့်ခံသည့် အသီးအနှံစုခံများနှင့် စားသော်အမှုတော်ကို ထမ်းရွက်ပါရဖြည့်အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ဖြန်လျှင် ငမြေမြော ဖောင်ကုန်းရော်ခဉ်သူကြီးတော်က အစားအသိမ်း အသိမ်းအယူ မရှိစေနှင့် ရွှေမြည်သွေ့တက်အစုမှာ ဆက်ခံထမ်းရွက်သူ ငသာသား ငရွှေပိုင်းက သွင်းပေးသည့် လယ်ယာ ထန်းအုန်း သရက်ဖြားကို စုစနှင့်တကွ ရယူလုပ်စား ထမ်းရွက်ဖြဲ့ထမ်းရွက်စေ ။ ။ သံတော်ခံ မင်းကျော်ရဲယာသခ်ယာကျော ။

၁၂၄၀ ။ တပေါင်းလဆန်း ၅ ရက်နေ့ ။ နာခံ မြောက်ကြီးမှူး မဟာမင်းကျော် မင်းထင်တွင်မြန် ။

(၄)

စားတော်ဝန် စကုမြို့စား မဟာမင်းထင်စည်သူ ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ဘလဲ့ကျွန်း၊ သဖန်ကျွန်း၊ ပန်တော်မြေများကို အကွဲအပြား မရှိစေနှင့် ။ စားတော်ဝန် စကုမြို့စား မဟာမင်းထင်စည်သူက အုပ်စိုးအင်္ဂပိုင်၍ ပွဲတော်ဆက် ဟင်းတော်ကျွန်းနှင့် ဘက်တွဲဆက်သွင်းစေ ။ ။ သံတော်ခံ သောင်ရဖြစ်ဝန်ကျော ။

၁၂၄၀ ။ တပေါင်းလဆန်း ၅ ရက်နေ့ ၊ နာခံ မြောက်ကြီးမှူး မဟာမင်းကျော် မင်းထင်တွင်မြန် ။ ။

(၅)

လက်ဝဲကြောင်းအိမ်တောင်စုံ မှူးထမ်း လေသွတ်ကြီး ငခိုက ၈ ခုနှစ်အရေးတော်အတွင်း ရောင်ရွှေမြို့၊ ငဲ့ခံဖယ်မြို့၊ ဖိုးနဲမြို့၊ မိုးမြဲမြို့ တပ်ဦးတပ်ဖြား လိုက်ပါတိုက်ခိုက်ဆက်ခွန့်ကြိုးပမ်း ထမ်းရွက်သည်ဖြစ်ပါ၍ အထက်အောင် ငကျော၊ ဘိုးသောမင်း၊ ဘွားမမိနှင်းရှိန်းတို့က မက်ခွှမ်းပါး ကျေးရွာ မန္တခံနှင့် ငရွှေဘနိဘာ ငစဘဖျုံဘုံ ထန်းတပင်မြို့ရှိ တောကလေးတောခေါ် လယ်မြေ မျိုးဝင် ၂၅ ကြ ၊ စဉ်တင်တောကုန်းကန်လယ် မျိုးဝင် ၇၀ ကြတို့ ငွေ ၂၅၀ နှင့်ပေါင်ထားက အမှုထမ်းခင်းရဲသားဖြစ်၍ မရွေးမနှုတ်နိုင်ရှိသည့်အတွင်း ငသာ မှို သုညဘက်ပါသူဖြစ်၍ ဘိုးဘွားပေါင်လယ်မြေများကို အရွေတော်အုပ်တို့က ဆိမ်း ယူရှိပါသည် ။ စားဘိုး ဘွား မတို့ ထားမှီး ချ လယ်မြေဖွန်သည်နှင့်အည် ပေါင်ရင်းငွေ ၂၅၀ ကို ဆက်သွင်း၍ လယ်ယာမြေများကို သနားတော်မြတ်ပါရဖြည့်အကြောင်းနှင့်ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ဖြန်လျှင် ပေါင်စာ သက္ကရာဇ်တွက်ငွေကို ဆက်သွင်းစေ၍ သက္ကရာဇ်ပါ လယ်မြေကို လက်ဝဲကြောင်း လေသွတ်ကြီး ငခိုက ရယူချထားလုပ်ကိုင်စေ ။ ။ သံတော်ခံ မင်းကျော်ရဲယာသခ်ယာကျော ။

၁၂၄၁ တပေါင်းလဆန်း ၆ ရက်နေ့ ၊ နာခံ နေမျိုးမင်းထင်ကျော်ခေါင်တွင်မြန် ။

(၆)

ဖြော်ထားဝယ် ၁၀၀၀ မှူး ဦးသွတ်ကြီး ငဖျာက ။ ၁၂၈ ခုနှစ်အရေးတော်အတွင်း ။ အမှုတော်ကို ဆက်ခွန့်ကြိုးပမ်း ထမ်းရွက်ခဲ့ကို အိမ်တောင်စုံ မလဲမမောင်း၊ ဘုရားရှေ့လက်ထင်တော် အတွင်းက နေ့ညမပြတ် ဆောင့်နေထမ်းရွက်ရသည့် ကျွန်တော်မျိုးဖြစ်ပါ၍ အစ်မ ဖိုးဦးလင် ငရွှေဝဠ္ဌန်းတို့က ဖြော်ရွှေရေး မိဘုရားတောင်းထံ ၂၅ ငွေချိန် ၁၅ဝဝ နှင့် ပေါင်ထားသည် ။ စကိုင်းမြို့ခရိုင် စု ။ ဒေါ်မရွာရှိ ဥယျာဉ်ခြံမြေကို အစားသနားတော်မြတ်ပါ၍ အမှုတော်ကို ထမ်းရွက်ပါရဖြည့်အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ဖြန်လျှင် စကိုင်းမြို့ခရိုင် စု ဒေါ်မရွာရှိ ဥယျာဉ်ခြံမြေကို ဖြော်ထားဝယ် လေသွတ်ကြီး ငဖျာက စားသနားစေ ။ ။ သံတော်ခံ ဦးညွန့်ကြော ။

၁၂၄၀ ။ တပေါင်းလဆန်း ၇ ရက်နေ့ ။ နာခံနေမျိုးမင်းလှကျော်သူ တွင်မြန်း ။

(၇)

မန္တလာမြို့ရှိ လယ်ပယ်ယာပယ် ၂၃၂ ကို ဘိုးဧကြာက ကျောက်နောက်တို့အံ အဘိုးရှေ့ရှုံ့နီ ဥဇဝီပေးကျ အခုံးအပိုင် ၁၁၅၈ ခုနှစ်က ဝယ်ယူလက်ရှိ လက်မကျွာ ချောင်လုပ်စား ။ ၂၃၂ အတွက် ၇၂ ကို ဥယာဉ်တိုက်ပျိုး ကျန် ၁၆ ကို လယ်ပယ်မြေလုပ် စားသောက် ရှိနေသည့်အတွင်း ။ မကွေးဝန်ကြီးဟောင်းပိုင် ဥယာဉ်လယ်ယာမြေများ ကို သိမ်းယူရာ ဓါတ်ဒါင်းငသက်ရှည်က မကွေးဝန်ကြီးဟောင်းပိုင်ဖြစ်ကြောင်းနှင့်စာ ရင်းတင်ပေးကျ သိမ်းယူရာပါသွားသောကြောင့် ။ ရှေ့လွှတ်တော်မှာ လျှောက်ထားရာ ဝယ်ယူရင်းသက္ကရာဇ်ကိုအင်ရေ ငသက်ရှည် မဆိုပါ မကွေးဝန်ကြီးဟောင်း မှာစည်ခဲ့သို့ ရသည် ကိုမေးရေ ။ မှတ်ချက်ကျရောက်၍ မေးဖြန်းရှိရာ ငသက်ရှည်က အမေးအဖြေ ကိုမခံဝံ့ ။ ထွက်ပြေးရှိနေသည့်နောက် အမွေစားတဘက် ရှေ့တိုက်စိုးလျှင်က ဘုရားမသည်းတော်ဘုရားလွှတ် အမိန့်တော်ခံရ ငလျှင် ဘိုးအပိုင်ငွေဝယ်ဟုတ်မဟုတ်ကို ဆိုင်ရာမန္တလာဝန် ရေကြည်ဝန်တို့ကိုမေး ။ ဘိုးအပိုင်ငွေဝယ်ဖြန်လျှင် ပြန်ပေးစေ ။ အမိန့်တော်မြတ်ရင်းအတိုင်း မေးဖြန်းရာ ။ ဘိုးအပိုင်ငွေဝယ်ဖြန်ကြောင်း ထွက်ဆိုရှိရ၍ လယ်ပယ် ၁၆ ကို ပြန်ရပြီးပါသည် ။ ရုံ့ရုံ့သင်ဖြဲ ပယ် ၇၂ ကို ဘိုးအပိုင်ငွေဝယ်ဖြန်သည် နှင့်အညီ စားသောက်ဖြစ်စားတော်မဖို့ ရှက်ပါမည့်အကြောင်းနှင့်ရှိခိုးသံတော်ဦးတင်ချက် အတိုင်း ။ သူ့ရဲ့ ဥာဏ အမှုထမ်းငပု ။ သော်ဘ ငပွင့်တို့ ဘိုးအပိုင်ငွေဝယ်မအမွေခံ မြေ ဖြန်လျှင် သိမ်းရအာဏာတော်ခံမြေဆိုရာ၍ အဘားအဘိုး အနှောင့်အယှက်မရှိစေ နှင့် ။ ငပု ဗော်ဘ ငပွင့်တို့က ရဲရဲညွှန်ထား လုပ်စားထမ်းရွက်စေ ။ ။ သံတော်ဆင့် မင်းကျော်ရဲယသင်္ခယာကျော် ။

၁၂၄၀ ။ တပေါင်းလဆန်း ၁၀ ရက်နေ့ ။ နာခံနေမျိုးမင်းထင်ကျော်ခေါင်တွင်မြန်း ။

(၈)

ရွှေထုံးလှေ ။ ကတ္တူလှေ ။ ထွက်တိုင်းရလှေ ။ ပလိပ်ရန်နိုင်လှေ ။ ရဲဟုန်ကျော်လှေ ။ ပါကြီးရန်ပွင့်လှေ ။ ရွှေလွန်းကျော်လှေ ။ ရွှေလွန်းပျံလှေ ။ တောင်ကဲပဲ့နှင်း ။ အကြီးဦးစီး၊ တက်စွဲ အမှုထမ်းတို့ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ။ လှေတော်အမှုထမ်းတို့အစားသနားတော်မြတ်ခံရသည့် လယ်ယာကိုင်းကျွန်းပယ်မြေများကို မြို့စား ရွာစား သနားတော်မူရာပါသည်ဆိုကျ ဆိုင်ရာဝန် စာရေးကြီးတို့က ကျွန်းအုပ်တောကဲ အခွန်အတား အစုအခွန်တောင်းအခံ အနှောင့်အယှက် မရှိစေနှင့် ။ လှေတော်အမှုထမ်းတို့စားပိုလယ်မြေဖြစ်သည့်အတိုင်း လက်ရှိချထားဖြဲချထား အစား သနားတော်ခံစေ ။ ။

သံတော်ဆင့် မင်းကျော်ရဲယသင်္ချာကျော် ။ ။

၁၂၄၀ ။ တပေါင်းလဆန်း ၁၀ ရက်နေ့ ။ နာခံနေမျိုးမင်းထင်ကျော်ခေါင်တွင်မြန်း ။

(၉)

နတ်စုလက်ဝဲ၊ နတ်စုလက်ယာ၊ ရွှေးလက်ဝဲ၊ ရွှေးလက်ယာ၊ လက်ဝဲကြောင်း လက်ယာကြောင်း၊ နတ်ရှင်ရွှေး၊ ရွှေမြည်၊ နော်ဝန်းကျင်၊ လှုင်း၊ သူရဲဘုန်းတော်မြစ်၊ တောင်အာရဘင်၊ ကင်းတား၊ သွေ့တ် ၁၄၃ စု အမှုထမ်းလူ ၂၅၄၂ ။ မြင်းအစု အမှုထမ်းလူ ၁၃၈၀ ။ အိမ်ရှေ့တောင်စုံ အနီးအလေးထမ်းရွက်သည့် လှေအစု အမှုထမ်းလူ ၄၃၄၃ ။ စုစုလူ ၈၂၆၅ တို့အစား သနားတော်မြတ်ခံစေရ၍ ။ လယ်ယာကိုင်းကျွန်း အခွင့်အလျော်

ပယ်မြေ ။ အခွန်ငွေများကို စာရင်းရှင်းထား ဆက်သွင်းချက်အတိုင်း ။ အစားသနားတော်မြတ်ခံ၍ ထမ်းရွက်စေ ။ သံတော်ဆင့် အပေးကျော်ဝန်မင်းကျော် ။ ။

၁၂၄၀ ။ တပေါင်းလဆန်း ၁၃ ရက်နေ့ ။ နာခံနေမျိုးမင်းထင်ကျော်ခေါင်တွင်မြန်း ။

(၁၀)

မျဉ္ဇားယံအစု တွဲကြီး အကြေပ် အမှုထမ်းတို့က ယံးလုံးတော်တွင်ယံး တောင်းခေါင်းတို့ ကျည်ပွေ့များကို သွင်းပေး ယံးတော်တော်ချော မြဲသဆောင့်နေထမ်းရွက်ရသည်ဖြစ်ပါကျ အထက်သနားတော်မြတ်ခံရသည့်ပယ် ၁၃၀ ကိုစားဟုထမ်းရွက်ရပါမည့်အကြောင်းနှင့် လျှောက်ချက်အတိုင်း အထက်စားပေါင်းပယ်ကိုစာရင်းတင်စေ၍ ပယ်တော် ၁၃၀ ကို အထက်အစား သနားတော်မြတ်ခံရပြီး စာစုအ မုံပယ်များနှင့် မရောမရှက်ရအောင်ခင်းဆေးစေ ဖြန်းရာ အစားလွတ်ပယ်မြေဖြန်ကြောင်း ဆိုအရှိသည်ဖြစ်ကျ မျဉ္ဇားယံတွဲကြီး ၁ ။ ၁၅ ။ အကြေပ် ၂ ။ ၇၂ ကျ ။ ၁၅ ။ ယံအမှုထမ်း ၂၀ ။ တကြိုပ် ၅ ကျ စား ၁၁ င ပယ် ၁၀၀ ။ ၃ စု လူ ၂၃ ။ စားသင့်ပယ် ၁၃၀ ကို သဘာနိုးကိုင်း နယ်တွင်းရှိပယ်က ။ အစား သနားတော်မြတ်ခံစေရန် စာရင်းရှင်းထား ဆက်သွင်းချက်အတိုင်း မျဉ္ဇားယံအစုတွဲကြီး ၁ ။ ၁၅ ။ အကြေပ် ၂ ။ ၇၂ ကျ ။ ၁၅ ယံအမှုထမ်း ၂၀ ။ တကြိုယ် ၅ ကျ ။ ပယ် ၁၀၀ ။ စုစုလူ ၂၃ တို့အစားသင့်ပယ် ၁၃၀ ကို ။ သဘာနိုးကျွန်းနယ်တွင်းရှိ ပယ် ၁၃၀ ကာ သနားတော်ခံစေ ။ ။

သံတော်ဆင့် ဝက်ခြေဝန်ရှော ။

၁၂၄၀ ။ တပေါင်းလပြည့်ကျော် ၁ ရက်နေ့ ။ နာခံဦးသာကျော်တွင်မြန်း ။ ။

(၁၁)

ဆင်ဝန်မဟာမင်းလှခင်းခေါင်က အမှုထမ်းဆင်တော်ဦးစီး၊ နော်ပွဲတို့ကိုဆင်တော်အရပ်အလျော် သနားတော်မြတ်ခံရသည့် စားပုံမြေ ။ အလောင်းအနော်ဘက် ။ အရှေ့ဘက် ကျွန်းကြီးနယ်ပယ် တောင်ပြုံးကြီးမြို့ ကွပ်ရွာမြို့ရှိနယ် ။ ကျော်သဖွတ် ကျေးရွာနယ်ပယ်များကို ဆင်ဝန်တော်နေမျိုးသခ်ရာဇာ ။ နေမျိုးနော်ရထာပျံကျော် တို့ကအုပ်ထိမ်းစေပြီးလျှင် ။ အမိန့်တော်ပါ) ကျေးရွာနယ်ပယ်များကတိုင်းအထိုး မှတ်စေ၍ ဆင်ပြီအလျော် နှမ်းတော်အကျ တော်ခံစုခွန်ပေးစေပြီးလျှင် ပိုပယ်က ။ မြေစုမြေခွန်တော်ရှိသည်များကို ဆိုင်ရာဆင့်ဆိုရာ နာခံဆက်သွင်းထမ်းရွက်ပါစေရမည့် အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ။ ဆင်တော်ဦးစီး နော်ပွဲတို့ကို သနားတော်မူသည့် အလောင်းအရှေ့ဘက် အနော်ဘက် ကျွန်းမြေနယ်ပယ်တောင်ပြုံးကြီးမြို့ ကွပ်ရွာမြို့ ။ ကျော်သဖွတ် ကျေးရွာနယ်ပယ်များကို ဆင်ဝန်တော်နေမျိုးသခ်ရာဇာ၊ နေမျိုးနော်ရထာပျံကျော်တို့က အုပ်ထိမ်းတော်ခံ၍ အခွန်တော်ငွေ မြေစု ခပါးများကို ရန်ပုံအတိုင်း ဆင်တော်ဦးစီး နော်ပွဲတို့ သို့ ဆင်ပြီအလျော်ပေးစေပြီးလျှင် ။ ပိုအခွန်တော်ငွေ မြေစုခပါးများကို ဆိုင်ရာဆင့်ဆိုရာနာခံဆက်သွင်းစေ ။

သံတော်ဆင့် ဝက်ခြေဝန်မင်းရာ ။

၁၂၄၀ ။ တပေါင်းလပြည့်ကျော် ၇ ရက်နေ့ ။ နေမျိုးမင်းထင်ကျော်ခေါင်တွင်မြန်း ။ ။

(၁၂)

စီးတော်မြင်းဝန် မြင်းစာရေးတို့က ၄၅၃၊ ၆၃ ၃၊ သက္ကရာဇ် ၈၀၀ ကျော် နရပတိကြီးလွှတ် ။ ဖန်းခော်ပါ လူ ၁၀ ၁ အားတို့ကို မြင်းတော်ရေပေး ။ ရွှေကြည်လင် ။

ငွေအင်းသိုင်းကိုင်၊ လေးအွဲ့ကျ ၅၁ ကိုင်။ ငါးကျွန်ခြင်းပြန်ပြင် အချေနှင့်ဘောင်ကကျိဳ့အတွင်း ဖြင်းမျှ့စားစေပြီ။ အနောက်ကို နုပ်စုစေပေ။ မြောက်ကို အရေးမဆိုစေပေ။ နယ်၄ ရပ်သတ်ဖြတ်အနားတော်ရှုသည်။ မြေ ၁၆။ သက္ကရာဇ်ဖြစ်ကျော် သာလွန်မင်းတရားကြီးလက်ထက် ဖြိုးနှဲ ကျောင်ဂျွေ သုံးပန်းရဂုံး လူ့မျိုးတို့ကို ဖြင်းတော်ခံစု လူ ၁၀၀ တပ်ဘွဲ့တော်ရှုပြီးလျှင်။ အာဝမြို့ တောင် ကျောင်အော် ကျောင်းတန်းတွင် ချထားနေထိုင် ဖြင်းတော်များကို ထိမ်းသိမ်းကျွေးမွေး စေပြီးလျှင်၊ ဝါကျွတ်ဖာလှုတော်တွင် ဖြင်းယည်တော်၂ စီး။ လုပ်အောင်ဖြဲ။ လုပ်အောင်အခါးရွက်ပါရသည့်အတိုင်း၊ တောင်းတော်တွင်တနှစ်တကြိမ် ဖြင်းဖြူနက်တို့ကို ပ၁၁ ရန်။ ၅ ခကိုင်ကျောက်အသည်ရေဝင် မြောင်းဆို မြောင်းရေသော်။ မြစည်းကို ဘုရားဝတ်မြေတွင် အချောကျိုမြောင်း မတော်ထိ။ တောင်ကိုလှို့ဖြိုးစေပေ။ အနောက်ကို ပန်းရဒိုင်းစေပေ။ မြောက်ကို နုပ်စုစေပေ။ နယ်၄ ရပ်တွင်အနားတော်ရှုသည့် ဖြင်းယည်ခံ မြေ ၁၀။ ၂၃ ပဲ၂ဖြ အွက် လယ်မြေ ၁၀ မှာ။ ရေခွန် ၁ လျှင် ၂၂ ၁ ဆန် ၁။ ဝတ္တုကြာန်သိန်တို့ကိုပေးဆောင်ပြီးလျှင်လုပ်စားရပါသည်။ ဖြင်းတော်များကို ထိမ်းသိမ်း။ ဖြင်းယည်တော်၂ ဆက်သပြီးလျှင်တောင်းတော်မှာ တနှစ်တကြိမ် ဖြင်းဖြူဂျင်နက်တို့ကို ပသတောင်ကြား ရန် ဗယ်ရင်းပယ်တို့ ဖြင်းယည်ခံနေမြေနှင့်တကွ။ နာဂိုးအခန့် ရှိသည်ရှင့်အသည်။ အစားသနားတော်မြတ်ခံရပါဖသည်အကြောင်းနှင့် ရှိခဲ့သံတော်ဦး တင်ချက်အတိုင်း။ စီးတော်ဖြင်းအစု ဖြင်းတော်ရေပေး ရွှေကြည်လင် ငွေအင်းသိုင်းကိုင် ဖြင်းတော်ခံစု ဖြင်းယည်ခံ အမှုထမ်းတို့ကို လေးချ ၁ နားတော်ရှုရှင်း တောင်ဘက်ခြ ခကိုင်နယ် မြောင်းဆိုသည်ရေသော်။ ကင်ခွန်ချုံ ရှိပယ် ၁၆။ မြစည်းကို ဘုရားဝတ်တော်မြေ ဖြင်းယည်ခံရွာ ၁၀။ အာဝမြို့ ဖြင်းထိန်းဖြင်းမွေးလူတို့ကို လေးချသနားတော်မူရှင်း။ အာဝမြို့နယ် ကျောင်အော် ကျောင်ရင်း ကျေးရွာနယ်မြေများကို စီးတော်ဖြင်း အစုရွှေကြည်လင် ငွေအင်းသိုင်းကိုင် ဖြင်းတော်ခံစု။ ဖြင်းယည်အမှုထမ်းတို့က။ အနားတော်မြတ်ခံ၍ ထမ်းရွက်ဖြဲ ထမ်းရွက်စေ။

သံတော်ဆင့် ဝတ်မြေဝန်မင်း ရှာ။

၁၁၄၀။ တပေါင်းလပြည့်ကျော် ၁ ရက်နေ့။ နာခံရေးထိုး မင်းလှကျော်သူတွင်မြန်။

(၁၃)

ဖြင်းစုကြီး။ မြန်မာဖြင်း၊ အေးတိုးအိမ်ရှေ့တောင်စုံ အမှုထမ်း ငရွှေအပ်၊ ငစံပေါ်၊ ငရွှေရုပ်တို့က ယင်းတော်မြို့ စီရင်စု ပင်းမြို့တိုင်အတွင်း ဘိုးဘပိုင်ထင်စားပ မြင်ပေါ်လယ်။ အချေဖေါ်နှ လယ်မြေနှင့်အစပ်။ တောင်ငဖော်လယ်မြေနှင့်အစပ်။ အနောက်အဂျာတော် မောင်းတိုင်ပေါ်လယ်အချေ။ ကခင်းတောင်မြောက် အတည်အတမ်း မြောက်ဗျော်တောရေပေး မြောင်းထိ ၄ ရပ်သတ်ဖြတ်သည့်အတွင်း။ ၁၂ ခန့်လယ်မြေကို အဂျာတော်အုပ်တို့က သိမ်းယူ မလုပ်စေဘဲရ ရှိပါသည်။ ထုတ်ပြန်တော်မူသည့် အမိန့်တော် ဥပဒေ အရ။ သူ့ပုံ့သိမ်းစုအရင်း၊ အထက်အဂျာတော်လယ်မြေအရင်းများတွင် မပါဝင်ရှိပါသောကြောင့်။ ဘိုးဘပိုင်ဖြန်သည့်ရှင့်အသည်။ လုပ်ကိုင်စားသောက် အမှုတော်ကို ထမ်းရွက်ပါရဖသည့်အကြောင်းနှင့် ရှိခဲ့သံတော်ဦး တင်ချက်အတိုင်း။ ပင်းမြို့တိုင်အတွင်း ဆင်ဆေး ပပျည်းပေါ်လယ်မြေကို သိမ်းစု အဂျာတော် လယ်မြေအရင်းများတွင် မပါမဝင် ဘိုးဘပိုင် ဖြန်သည့်အတိုင်း။ အဂျာတော်အုပ်တို့က အတားအဆီး မရှိ ဖြင်းစုကြီးမြန်

မာဖြင်း အေးတိုး အိမ်ရှေ့တောင်စုံ အမှုထမ်း ငရွှေအပ်၊ ငစံပေါ်၊ ငရွှေရုပ်တို့က လုပ်ကိုင်ချထားစားသော် အမှုတော်ကို ထမ်းရွက်စေ။ ။

သံတော်ဆင့် ပန်တလုပ်ဝန်မင်းရှာ။

၁၁၄၀။ နှောင်းတန်ခူး လဆန်း ၇ ရက်နေ့။ နာခံရေးထိုး စည်သူကျော်ခေါင်တွင်မြန်။

(၁၄)

ဇ ခရိုင် ဖုကွဂျမြို့ သင်ပုတ်ကွင်း ရေ လက်ဝဲဝင်း အမှုထမ်း ငလင်းက ရေတွင်းမြဲတိုက် ၈၇၂၅။ ကျောင်ပိန်းတိုက် ၁၃၁၂။ ကျီဆိပ်တိုက် ၃၃၁။ စုစုပယ် ၁၃၂၂ ၃ ကို။ ဘိုးဘပိုင်ဖြန်သည်ရှင့်အသည်။ ချထားလုပ်စား ထမ်းရွက်ပါရဖသည့်အကြောင်းနှင့် ရှိခဲ့သံတော်ဦးတင်ချက်အတိုင်း ငလင်း ဘိုးဘပိုင်ဖြန်လျှင် အဂျာတော်သိမ်းစု အရင်းဆက်သွင်းရပါသည်မိုကျ အတားအဆီး အနှောက်အယှက်မရှိစေနှင့်။ လက်ဝဲဝင်း အမှုထမ်း ငလင်းက ချထားလုပ်စား ထမ်းရွက်စေ။ ။ သံတော်ဆင့် ပါကြီး မှူးရှာ။

၁၁၄၀။ နှောင်းတန်ခူး လဆန်း ၁၄ ရက်နေ့။ နာခံရေးထိုး စည်သူကျော်ခေါင်တွင်မြန်။

(၁၅)

ဘိုးခေါင်လှေတော်ပွဲနှင်း။ ပွဲချိပ် သွေ့ကြီး။ တက်ခွဲ အမှုထမ်းတို့က ပွဲနင်း ၁ တလသင့်ဂျုံပုံငွေ ၃၀။ ပွဲချိပ်၂ တလသင့်ဂျုံပုံငွေ ၂၄။ သွေ့ကြီး ၁ တလသင့်ရန်ပုံငွေ ၁၂။ တက်ခွဲ အမှုထမ်းလူ ၅၂ တလသင့်ရန်ပုံငွေ ၃၁၂။ စုစုလူ ၅၆ တလသင့်ရန်ပုံငွေ ၃၇၈။ တနှစ်သင့်ရန်ပုံငွေ ၄၅၃၆ အကျ။ အယရွှေရမြို့ မြစ်ကူးနယ်တွင်းရှိ ဖြင်းကလေးမြန်ဆက်ရေပယ် ၄၀၊ ၁၂ မျှားနှုန်း အခွန်ငွေ ၃၂၀ အစွပ်ခွန်ငွေ ၂၅။ ခေါင်းတုံကိုင်းပယ် အခွန်ငွေ ၄၁။ ရွှေပေါ်ကျွန်း အစွပ်ခွန်ငွေ ၄၀။ ဇ ခရိုင်နယ် မြောင်းဆိုသည်ရေသော် ဥယည်ခေါ်ကော် ကြီးပယ် ၃၃။ ပင်းယခေါ်ပယ် ၆။ ခေါင်းတုံ ဖိုးသိုင်းမြန်ဆက်ပယ် ၂၀။ ကန်တော်ကန်လှ ကိုင်းယာပယ် ၂၅၀။ စုစုပယ် ၃၈၉။ အစားသနားတော်မြတ်ခံရသည်အွက်။ ယွန်းပေါင်မြန်တန်းပါ ကန်တော်ကန်လှပယ် ၂၅၀ အစား။ ဇခရိုင်မြောင်းဆို သည်ရေသော် ပင်းယခေါ်ပယ် ၉။ ကာသည်းခေါ်ပယ် ၄၀။ ကျိုးဆိပ်ဥယည်ခေါ်ပယ် ၃၀။ ရဟူ မိဘုရားစားတောင်း ပယ် ၃။ ဝဏ္ဏလူးခေါ်ပယ် ၅။ ထမင်းအိုးတလုံးခေါ်ပယ် ၅။ မြည်ကြီးဖွန်တောင်မြန်ဆက် ၁၀။ ကွဲ့အေးသည်ရေသော် အစားမရှိ သိမ်းစုပယ် ၃၀။ ဖင်းရုံသည်ရေသော် ၉။ ဖုကွဂျမြောင်းရေသော် ပယ် ၃၄။ နွားတက်သည်ရေသော် ပယ် ၄၀။ စုစုပယ် ၂၁၅ များကို လက်ငင်း ချထားစားသော် အမှုတော်ကို ထမ်းရွက်ပါရဖသည့်အကြောင်းနှင့် ရှိခဲ့သံတော်ဦး တင်ချက်အတိုင်း။ ဘိုးခေါင်လှေပွဲနင်း ပွဲချိပ် သွေ့ကြီး တက်ခွဲ အမှုထမ်းတို့ တနှစ်သင့်ရန်ပုံငွေ ၄၅၃၆ အကျ အထက်အစားသနားတော်မြတ်ခံရသည့် အခွန်တော်ငွေလက်ငင်း ပယ်များ အွက်၊ ကန်တော်ကန်လှ ကိုင်းယာပယ် ၂၅၀ အစား။ ဇခရိုင်မြောင်းဆိုသည်ရေသော် ပင်းယခေါ်ပယ် ၉။ ကာသည်းခေါ်ပယ် ၄၀။ ကျိုးဆိပ်ဥယည်ခေါ်ပယ် ၄၀။ ရဟူ မိဘုရားစားတောင်းပယ် ၃။ ဝဏ္ဏလူးခေါ်ပယ် ၅။ ထမင်းအိုးတလုံးခေါ်ပယ် ၅။ မြည်ကြီးဖွန်တောင်မြန်ဆက်ပယ် ၁၀။ ကွဲ့အေးသည်ရေသော် အစားမရှိ သိမ်းစုပယ် ၃၀။ ဖင်းရုံသည်ရေသော် ပယ် ၉။ ဖုကွဂျမြောင်းရေသော် ပယ် ၃၄။ နွားတက်သည်ရေသော် ပယ် ၄၀။ စုစုပယ် ၂၁၅ များကို အစားမရှိ လွတ်လပ်သည်ဖြန်လျှင် ဘိုးခေါင်လှေပွဲနင်း ပွဲချိပ် သွေ့ကြီး တက်ခွဲအမှုထမ်းတို့က သနား

တော်ဖြတ်ခံကျွန် ချထားလုပ်စား ထမ်းရွက်စေ။ ။သံတော်ဆင့်ဝတ်မြေဝန်မင်းကျော်။

၁၁၄၀။ နှောင်းတန်ခူးလဆန်း ၁၅ ရက်နေ့။ နာခံမြော့ကြီးဖျူးတွင်မြန်။

(၁၆)

ရွှေမြည်ဗိုလ်ထွေ့တစ်ရာရေး စွဲကြီးအကြပ်အမှုထမ်းတို့က အာအားသနားတော်ခံရသည့်၊ နန္ဒာကန်ရှိသော အဝှန်းငွေ့ဘီး၊ ငထွန်းတိုက်နက်၊ နတ်ခရိုင်ပြွန်၊ မေနီကျည်းပြွန်ရှိသော ပယ် ၂ ဖဲ့ကို။ လက်ဝဲတော်လယ်အုပ်က တားဆီးနှောင့်ယှက်ပါသည်၊ အတားအဆီးအနှောင့်အယှက်မရှိ အာအားသနားတော်မြတ်ခံ ပါရသည့်အကြောင်းနှင့်ရှိခိုးသံတော်ဦးတင်ချက်အတိုင်း။ ရွှေမြည်အမှုထမ်းတို့ကို အာအားသနားတော်မူရှင်း နန္ဒာကန်ရှိသော အဝှန်းငွေ့ဘီး ငထွန်းတိုက်နက်၊ နတ်ခရိုင်ပြွန် မေနီကျည်းပြွန်ရှိသော ပယ် ၂ ဖဲ့ကို အတားအဆီး အနှောင့်အယှက်မရှိစေနှင့် ရွှေမြည်အမှုထမ်းတို့က အာအားသနားတော်မြတ်ခံကျွန် ချထားလုပ်စား ထမ်းရွက်စေ။ ။သံတော်ဆင့်ဦးညွန့်ကျော်။

၁၁၄၀။ နှောင်းတန်ခူးလဆန်း ၁၅ ရက်နေ့။ နာခံမြော့ကြီးဖျူးတွင်မြန်။

(၁၇)

လက်ဝဲဝင်းဘင်ပုတ်ရွာနေ ဆေးထိုးအိမ်တော်ဝင်စုံ အမှုထမ်း ငစောနီက။ သူ့ပုံတော်နှင့် လိုက်ပါထမ်းရွက်သူ ရွာနန်းရွာ မြင်းစုကြီး အမှုထမ်း ငပိန်သား ငကြီးပိုင်လယ်မြေကို သိမ်းစုအာဂျတော် တရင်းအက်ဘွင်းက ငကြီးပိုင်လယ်မြေပြင် ငကြီးမှ မမိဘွားလင်ဖြစ်သည့်အမျိုးနှင့် ဘိုးဘပိုင်လယ်မြေ ၁ ဝဲကို။ သိမ်းယူ ခမြောမဆို နိုင်ခံနေရကြောင်းရှိခိုးသံတော်ဦးတင်ချက်အတိုင်း။ တဖက်ဆည်ရှိသော ရွာနန်းဆိုက် ဆည်းကြပ်ဝါလယ် ၁ ပဲ ၂။ တော်မှုဝါ ပဲ ၂။ မြင်စာရေး အိမ်ခံဝါ ၁ ပဲ ၂။ ရေတွင်းမြဲတိုက် ရွှေမြည်ဝါ ပဲ ၂။ စုစုပယ် ၁ ဝဲကို။ ဘိုးဘပိုင်မှန်လျှင်။ အာဂျတော်ဆိုရှိ အသိမ်းအယူ အနှောင့်အယှက်မရှိစေနှင့်။ လက်ဝဲဝင်း အမှုထမ်း ငစောနီက။ ချထားလုပ်စား ထမ်းရွက်စေ။ ။ပန်ထင်ဝန်ကျော်။

၁၁၄၀။ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်နေ့။ နာခံနေမျိုးမင်းလှကျော်သူတွင်မြန်။

(၁၈)

ယိုးဒယားစာတ်ကြီးအမှုထမ်း။ လူ ၃ ၎င် ငစွာ၊ ငချွိသို၊ ငနော်အာတို့ကိုဆောင် မြဲးကြီးဖြို့ မိရင်စု။ သရက်ကန်ရွာ။ တပ်ဖြူးတော့လုပ်နက်ပယ်က. လူတကိုယ်လျှင် ၁၅ ကျ အသီးအနှံ့နှင့် ၄၅ ကို အာအားသနားတော်ခံစေ။ ။

၁၁၄၀။ နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်နေ့။ နာခံနေမျိုးမင်းလှကျော်သူတွင်မြန်။ ။

(၁၉)

၉ ခရိုင်ဆည်ရှိသော ဝေါကြီးဖျူးစားရင်း ဘမ္ဘလင်းဓါးပယ် ၁၆ ဝဲကို။ သံတော်ဆင့်ဝေါကြီးဖျူးနေမျိုးကျော်ထင်ကျော်က. အာအားသနားတော်ခံစေ။ ။

သံတော်ဆင့်ပန်တင်ဝန်မင်းကျော်။

၁၁၄၀။ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်နေ့။ နာခံမြော့ကြီးဖျူးတွင်မြန်။ ။

(၂၀)

မင်္ဂလာအဖြော်အမှုထမ်း လက်ပန်ရွာသူကြီး ငမြို့လကြီးက. မင်္ဂလာအဖြော်အမှုထမ်းလူတို့ ဘိုးဘပိုင်ထားမြဲ ချလယ်ယာ အစွပ်အချော်များကို။ လုပ်စားချထားစေ။ မင်္ဂလာအဖြော်အမှုထမ်းလူတို့ကိုပေးချ သနားတော်မူသည့်လယ်မြေရှေ့မြေ ထားမြဲချ လုပ်ကိုင်ရွံ ဆိုင်နယ်မြေများကို နယ်ဝင်နယ်ပါ ဆိုကျွံ နယ်ခြင်းအကြီးအအုပ်တို့က အနှောင့်အယှက် အနှုတ်အယူ မရှိစေနှင့် အမိန့်တော်အတိုင်း - အထက်ပါ ဘသိဒဖင်းသို့ ပေးချသနားတော်မူရှင်း ကျော်ဆည်ရေဝင်မြောင်းမတော် အရှေ့ဘက် ၉ ၂ ပဲ။ အနောက်ဘက် ၉ ၂ ပဲ။ သေ့တ္တင်ဖင်းစု လယ်မကတော်ဝေါ နယ်တွင်ရှိလယ်မြေ ၁၉ နှင့်။ သနားတော်မြတ်ခံရသည့် နေပြေရွာကို ထီးကျင်းတာ့ရွာလုပ်ဆောင်ခံသည့် လယ်ပယ်ကွက် မြေများကို ခမည်းတော်ဘုရားလက်ထက် ၃၀ မြို့စားဟောင်း။ ကိုလုပ်မ ပေါ်ဘူးမိရှေ့ဘွီးမိပု။ ညီမ ဖိုးခင်တို့က သိမ်းယူနှောင့်ယှက်ခံနေရသည်ဖြစ်ပါကြောင်း။ အနှောင့်အယှက်မရှိပါစေရ။ အထက်အမိန့်တော်ဖြတ်ရင်းနှင့်အညီ ချထားလုပ်စား ဘာဂဖြည့် အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း မင်္ဂလာအဖြော် အမှုထမ်းလူတို့ကို ပေးချသနားတော်မူသည့် ဘိုးဘထားမြဲချ လယ်ယာ ဥယျာဉ်ခြံမြေရှေ့မြေ ရွာကွင်းချောင်းနှင့်။ ဟသိတဖင်းသို့စားဟောင်း ကျော်ဆည်ရေဝင်မြောင်း မတော်အရှေ့ဘက် ၉ ၂ ပဲ။ အနောက်ဘက် ၉ ၂ ပဲ။ သေ့တ္တင်ဖင်းစုလယ်မကတော်ဝေါ နယ်တွင်ရှိ လယ်မြေ ၁၉ များကို။ ၃၀ မြို့စားဟောင်း ကိုလုပ်မ ပေါ်ဘူးမိရှေ့ဘွီးမိပု ညီမ ဖိုးခင်တို့က. အနှောင့်အယှက်မရှိစေနှင့်။ မင်္ဂလာအဖြော် အမှုထမ်း လက်ပံရွာသူကြီး ငမြို့လကြီးက. အထက်အမိန့်တော်အတိုင်း. ချထားစားသောက်ထမ်းရွက်စေ။ ။

၁၁၄၁ ခုတန်ခူးလပြည့်ကျော် ၁ ရက်နေ့။ နာခံမြော့ကြီးဖျူးတွင်မြန်။ ။

(၂၁)

မြင်းစုကြီး ၅ ဖြင်း လက်ရှိလူ ၃၃၂ ဖြင်။ အကျိုးတော်မြတ်ဘိုးတက်ထမ်းရွက်လူ ၁၆၉ တို့ကို တောင်ဘက်ဥခရိုင်နယ် အာအားဖြင့် လွတ်လပ်သည့်ပယ်က. အားယူထမ်းရွက်ပါစေရဖြည့် အကြောင်းနှင့် စရင်းရှုံထား ဆက်ဘွင်းချက်အတိုင်း - ဂုံမြင်းစာရေးကြီးတကိုယ်လျှင် ၄၀ ကျ စားသင့်ပယ် ၄၀။ တပ်မှူးတကိုယ်လျှင် ၃၀ ကျ စားသင့်ပယ် ၃၀၊ စွဲကြီး ၂ တကိုယ်လျှင် ၂၀ ကျ စားသင့်ပယ် ၄၀။ မြင်းခေါင်း ၅ တကိုယ်လျှင် ၂၀ ကျ စားသင့်ပယ် ၁၀၀။ မြင်းစီး ၄၃ တကိုယ်လျှင် ၁၅ ကျ စားသင့်ပယ် ၆၄၅။ အမှုထမ်း ၁၁၇။ တကိုယ် ၁၀ ကျ စားသင့်ပယ် ၁၁၇၀။ စုစုအမှုထမ်းလူ ၁၆၉ တို့စားသင့်ပယ် ၂၀၂၅ ကို တောင်ဘက်ဥခရိုင်နယ်တွင်းရှိ အာအားလွတ်လပ်သည့်ပယ်က သနားတော်ခံစေ။ ။သံတော်ဆင့်စာရေးကြီးကျော်။

သက္ကရာဇ် ၁၁၄၁ ခု။ ကဆုန်လဆန်း ၅ ရက်နေ့။ နာခံတော် နေမျိုးနည်သူ
ကျော်ခေါင်တွင်မြန်။ ။

(၂၂)

ဝန်တော်ပေါ် မြိုင်မြို့စား ထွက်တိုင်းရလှေ့အုပ် ခင်းကြီးဖင်းလှမဟာမင်းထင်ကျော်က. ထွက်တိုင်းရလှေတော်အမှုထမ်းတို့မှာ ခမည်းတော် ပဒုမ္မသင်္ဂါယနာတင်မင်းတရားကြီးဘုရား လွှတ်ကာစကျ ဘုရားရှင်လွှတ်တော်တိုင် အမိန့်တော်မြတ်ရှင့် အာအားသနားတော်မြတ်ခံရသည့် အဝမြို့ အလှမောကျွန်း။ ကျွန်းကလေး။ မြစ်ပေါ်ကန်ကျ အခွန်တော်ငွေ ၂၉၀၁ ဆွက်။ အထက်အာဂျတော်အုပ်ချုပ်နှင့်မြေတိုင်းတောက်တို့-

တော်ခံနပ်ယူငွေ ၅၄၀၈ မြင်း။ ကျန်ငွေ ၂၆၃ ကိုသာ။ လွှတ်တော်အမှုထမ်းတို့မှာ ရယူသုံးစားထမ်းရွက်ရသည်ဖြစ်ပါ၍ ၁၂၄၀ နှစ် မရကျန်ငွေ ၄၅၆၃ ကိုမြှောက်တိုင်းတောကတို့မှာတော်ရှု ဆိုင်ရာဝန်မှာရေးတို့တံ့ ပေးဆောင်ရကြောင်းနှင့် မြောဆိုမရကျန်ရှိသည်ဖြစ်ပါသောကြောင့် ၄၀ နှစ်အတွက်ကျန်ငွေ ၄၅၆၀ ဖျားကို ခပါးတော်ဖြစ်စေ။ ငွေတော်ဖြစ်စေ သင့်ရာသနားတော်မြတ်ခံပြီးလျှင် ၁၂၄၁ ခုနှစ်မှာ လွှတ်တော်တက်စွဲ အမှုထမ်းငှိရင်းလူ ၅၀ မြင်း။ ၄၄ တိုးတက် လူ ၁၀၀ ပြည့်ဖြည့်အောင်။ သိမ်းသွင်းပြုရဆေးတော်ထိုးဖွတ်၍ အဝဖြို့အာဂျာတော်ကျွန်း။ ကျွန်းကလေး။ မြစ်ပေါ်ကန်ကျ နန္ဒင်းဘို သမ္ဘန်ကျွန်း အစွပ်အချော် အခွန်ငွေများကို အကွဲအပြားအနှုတ်အယူ မဖြစ်ပါစေရ။ ထွက်တိုင်းရလွှတ်တော်တောင်ကဲ။ အဝဖြို့အာဂျာတော်အုပ်က။ အုပ်ထိမ်းကော်ခံ အမှုထမ်းတို့ကို ရန်ပုန်အကျ နုပ်ပေးသနားတော်မြတ်ခံ၍ ထမ်းရွက်ပါစေရဖြည့်အကြောင်းနှင့် ၄ရှိသံတော်ဦးတင်ချက်အတိုင်း။ ထွက်တိုင်းရလွှတ်အမှုထမ်းတို့ အစားသနားတော်မြတ်ခံရငြင်း ကျွန်းခွန်ငွေက ၁၂၄၀ နှစ်အတွက် မရကြန်ငွေတို့ သင့်ရာသနားတော်မြတ်ခံစေပြီးလျှင် ၁၂၄၁ ခုနှစ်ကစ၍ အဝဖြို့အာဂျာတော်ကျွန်း။ ကျွန်းကလေး။ မြစ်ပေါ်ကန်ကျ နန္ဒင်းဘို သမ္ဘန်ကျွန်းအစွတ်အချော် အခွန်ငွေများကို အနှုတ်အယူ အကွဲအပြားမဖြစ်စေနှင့် ထွက်တိုင်းရလွှတ်အမှုထမ်းတို့က အစားသနားတော်ခံစေ။ လွှတ်အမှုထမ်းတို့ အစားသနားတော်မြတ်ခံရသည့် ကျွန်းခွန် အစွတ်အချော်ခွန်များကိုလည်း အဝဖြို့အာဂျာတော်အုပ်က အုပ်ထိမ်းကော်ခံ လွှတ်အမှုထမ်းတို့သို့ ရန်ပုံအကျ နုပ်ပေးသနားတော်မြတ်ခံစေ၍ ပိုငွေကို ဆိုင်ရာဆက်သွင်းထမ်းရွက်စေပြီးလျှင် ထွက်တိုင်းရလွှတ်အမှုထမ်းရင်းလူ လူ ၅၀ မြင်း။ ၄၄ တိုးတက်၍။ လူ ၁၀၀ ပြည့်မီအောင် ဘွဲ့ခညီးဆေးထိုးဖွတ်ထမ်းရွက်စေ။ ။ သံတော်ဆင့် ဖင်းကျော်ဇေယျသဉ်ယာဂျော။

၁၂၄၁ ခု။ ကဆုန်လဆန်း ၁၀ ရက်နေ့။ နာခံမော်ကြီးဖြုံ့တွင်မြန်။ ။

(၂၃)

သူရဲအော်ကင်း မဉ္ဇားတပ်။ ရဲကျောင်းတတ်ဖြုံ့ ဗော်ကြီး အကြပ်တို့က အစုအမှုထမ်းတို့ စားသောက်ထမ်းရွက်ရန် လယ်ယာကိုင်းကျွန်း အစွတ်အချော်များကို။ အရင်းဆက်သွင်းရပါ။ လက်ဝဲတော်နယ်ရှိ မန်ကျီးပင်ဆော်ရွာ အနော် မိဘူးသိမ်းစုပယ် ၉ဝ။ တာတိုင်းကုန်းဒါ ပယ် ၃၀။ ကျွဲရေကျန်းရွာရှိ ကျဖွံ့ကြားဒါ ပယ် ၃၀။ နတ်ခဲလိုင် ပျွန်တောင်ဘက်ရှိ။ မိဘဲ့သိမ်းစုပယ် ၁၀။ ငချင်းသိမ်းစု ၅။ မကျည်းပင်ဆော်ရွာအနော် မိဘဲ ငချင်းသိမ်းစုပယ် ၂၀။ ဇစုပယ် ၁၀၄။ ကွပ်ကွာဖြို့နယ်ရှေကျောင်းရွာအနော် သူရဲစားပေါင်း ဒေါ်ကလပ်ရတ်ကိုင်ပယ် ၈။ ရှုရင်းအသွယ်ဒေါ်ရဲ။ ကျေဒေါင်းပိုင်း ၁၀။ ဥစုပယ် ၂၅။ မတ္တဖြို့နယ် သာဂုက်ကန်ရွာရှိ သူကြီးငရဲအောင်လက်တို့ဆက် ရဲလဲဖ ကြက်သွန်မြံတော် ၂ ရပ် ပယ်ဘွဲ့ ၁။ စုစုပယ် ၁၃၀။ လယ်မြေမြေရပ်များကို အစားသနားတော်မြတ်ခံရသည်နှင့်အညီ။ အဇွန်ခံအဝပ်လက်ရှိချထားလုပ်စားထမ်းရွက်ပါရဖြည့် အကြောင်းနှင့် ၄ရှိသံတော်ဦးတင်ချက်အတိုင်း။ လက်ဝဲတော်နယ်တွင်ရှိ မန်ကျည်းပင်ဆော် ရွာအနော်။ မိဘူးသိမ်းစုပယ် ၉ဝ။ တာတိုင်းကုန်းဒါပယ် ၃၀။ ကျွဲရေကျန်းရွာရှိ ကျုံးကြားဒါပယ် ၃၀။ နတ်ခဲလိုင်ပြွန်တောင်ဘက်ရှိ မိဘဲ့သိမ်းစု

ပယ် ၁၀။ ငချင်းသိမ်းစု ၅။ မန်ကျည်းပင်ဆော်ရွာအနော်တရပ် မိဘဲ ငချင်းသိမ်းစုပယ် ၂၀။ ဇစုပယ် ၁၀၄။ ကွပ်ကွာဖြို့နယ် ရှေကျောင်းရွာအနော်။ သူရဲစားပေါင်း ဒေါ်ကလပ်ရတ်ကိုင်း ပယ် ၈။ ရှုရင်းအသွယ်ဒေါ် ရဲ။ ကျေဒေါင်းပိုင် ၁၀။ ဥစုပယ် ၂၅။ မတ္တဖြို့နယ် သာဂုက်ကန်ရွာရှိ သူကြီး ငရဲအောင်လက်တို့ဆက် ရဲလဲဖ ကြက်သွန်မြံတော် ၂ ရပ် ၁။ စုစုပယ် ၁၃၀။ လယ်မြေမြေရပ်များကို။ သူရဲအစုအော်ကင်း မဉ္ဇားတပ် ရဲကျောင်းတပ် တပ်ဖြုံ့ ဗော်ကြီး အကြပ် အစု အမှုထမ်းတို့ကို အစားသနားတော်မူငြင်းအတိုင်း။ ချထားလုပ်စားထမ်းရွက်စေ။ ။

သံတော်ဆင့် အပေး ကျော်ဝန်ဖင်းဂျော။

၁၂၄၁ ခု။ ကဆုန်လဆန်း ၁၁ ရက်နေ့။ နာခံနေဖြုံ့ ဖင်းထင်ကျော်ခေါင်တွင်မြန်။

(၂၄)

အချုပ်ဝန် ဖင်းလှဖင်းထင်သီဟသူက ဖဂ်လာကျိုင်းတော်ယက် အမြောင့်အမှုထမ်းလူတို့မှာ။ တောင်ဘက်ဖြ ခရိုင်းယ် တောလှဖြို့နီရင်ခ နွားတက်အသည်။ ကတူးမြောင်း ရေသော်လုပ်မြေ မြေ လေးချုံသနားတော်မူသည့် ပယ် ၅၀ ကို။ ၁၂၃၅ ပြည့်နှစ်။ အများအမှုထမ်းတို့နည်း။ မှုံအက်ရသည်ဖြစ်ပါ၍။ အထက်ပေးချုံ သနားတော်မူငြင်းတိုင်း သနားတော်မြတ်ခံပြီးလျှင် လုပ်ကိုင်စားသော် ထမ်းရွက်ပါရဖြည့်အကြောင်းနှင့် ၄ရှိသံတော်ဦးတင်ချ(က်)အတိုင်း။ အစားဖရှိ လွှတ်လပ်သည်ဖြန်လျှင်။ တောင်ဘက်ဖြ ခရိုင်နယ် တောလှဖြို့နီရင်ခ နွားတက်အသည် ကတူးမြောင်း ရေသော် ပယ် ၅၀ ကို။ မဂ်လာကျိုင်းတော်ယက် အမြောင့်အမှုထမ်း ဗော်ကြီး ငကျေတော်နှင့် လူ ၁၀ တို့က သနားတော်မြတ်ခံ၍။ ချထားလုပ်စား ထမ်းရွက်စေ။ ။

သံတော်ဆင့် ပန်အည်းဝန်ဖင်းဂျော။

၁၂၄၁ ခု။ ကဆုန်လဆန်း ၁၃ ရက်နေ့။ နာခံနေဖြုံ့ စည်သူကျော်ခေါင်တွင်မြန်။

(၂၅)

ဖုံတိုင်း ပွဲတော်အမှုထမ်းကြီးယော်အစုတို့က။ ပွဲနင်းသောပုံ အစုပေါ်တွင် ကြေးငွေ ပိုဖိုးစားယူသောကြောင့်။ တွက်ခစ်ရှင်းလင်းဖည်ရှိရာ သောပုံက ကြေးငွေများကို မရှင်းဖလင်း မမြောမဆိုပါနှင့် ကျေးရွာပေါ်တွင် ပွဲနင်းမြလုပ် မထမ်းမရွက်လိုကြောင်းကို ဆိုင်ရာစားတော်ဝန်ရှေ့ အမှုထမ်းတို့ကို အရည်လွှဲအပ်ရှိပါသောကြောင့်။ ပွဲနင်းပေါင်း သောပုံ စာရင်းပယ် ၃၀။ လက်ရှိပွဲတော်ဒေါင်းစား ပယ် ၂၀။ ၂ စုပယ် ၅၀ များကို အစားသနားတော်မြတ်ခံ၍ အမှုထမ်းတို့သဘောကျိုက်ညီသူ လက်ရှိပွဲတော်ဒေါင်း နေဖြုံ့ဂဲထင်သိင်္ခ သင့်ဆိုရာ နာခံထမ်းရွက်ပါရဖြည့် အကြောင်းနှင့် ၄ရှိသံတော်ဦးတင်ချက်အတိုင်း။ သောပုံကို ပွဲနင်းအရာကနှုတ်။ ပွဲတော်ဒေါင်း နေဖြုံ့ဂဲထင်သိင်္ခ စားရင်းပယ် ၂၀။ သောပုံစားရင်းပယ် ၃၀။ ၂ စု ၅၀ များကို ပွဲတော်ဒေါင်း နေဖြုံ့ဂဲထင်သိင်္ခက အစားသနားတော်မြတ်ခံ၍ ဖုံတိုင်းပွဲတော်အမှုထမ်းလူတို့ကို အုပ်ထိမ်းဆင့်ဆိုစေ။ ။

၁၂၄၁ ခု။ ကဆုန်လမြည့်ကျော် ၁ ရက်နေ့။ နာခံနေဖြုံ့မင်းလှကျော်သူတွင်မြန်။ ။

(၂၆)

ခိုးဘောင်ရွှေခဲလှေတော်ပဲ့နင်း၊ ပဲ့ချိပ်၊ လှော်ကြီး၊ တက်ခွဲအမှုထမ်းတို့က ခမည်းတော်ဘုရားလက်ထက်တော် မှာစားသနားတော်မြတ်ခံရရှင်း။ အာလောင်မြေနောက်ဘက်၊ ချောင်ပင်သာရွာ၊ တိမ်ကုန်းရွာ ကျွန်းပယ်မြေများကို။ ဆင်ဝန်ပေါင်းငနောက ဆင်အမှုထမ်းတို့စားစေဆိုသျှင်၊ အမိန့်တော်မြတ်ခံ ယူ၍ စားလ၍လယ်ကြသည် ဖြစ်ပါသောကြောင့်။ အထက်သနားတော်မြတ်ခံရရှင်း။ အာလောင်မြေနောက်ဘက်။ ချောင်ပင်သာရွာ၊ တိမ်ကုန်းရွာ၊ ကျွန်းပယ်မြေများကို။ လက်ရှိချထား စားသော အမှုတော်ကို ထမ်းရွက်ပါရစေသည့်အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း။ အာလောင်မြေနောက်ဘက် ချောင်ပင်သာရွာ (နှင့်) တိမ်ကုန်းရွာ ကျွန်းပယ်မြေများကို ဆင်အမှုထမ်းတို့က အချောင်အဂုဏ်ဖြစ်စေနှင့်။ သင့်ရာလဲလှယ် စားသနားတော်မြတ်ခံစေ၍ ခိုးဘောင်ရွှေခဲလှေ အမှုထမ်းတို့က ခမည်းတော်ဘုရားလက်ထက် ပေးချသနားတော်မူသည် အမိန့်တော်အတိုင်း လက်ရှိချထား စားသော်ထမ်းရွက်စေ။ ။

၁၁၄၁ ခု။ ကဆုန်လပြည့်ကျော် ၇ ရက်နေ့။ နာခံနေမျိုး မင်းထင်ကျော်ခေါ်တွင်မြန်။

(၂၇)

ကျွန်တော်မျိုးမေ ဖါကြီးက။ ဖတ္တကူမြို့ခီရင်ခု ဝန်းကျင်ကြိုးအတွင်းရှင်မင်းစွေကွက်ဖြေ။ သင်းပုတ်စားခေါ်လယ်ပယ် ၂၀ ကို၊ ခမည်းတော်ဘုရား အမိန့်တော်မြတ်နှင့် အစားသနားတော်မြတ်ခံရသည်ဖြစ်ပါကျွ် တံ (ထပ်) ၍သနားတော်မြတ်ခံပါရစေသည့်အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း။ ဖတ္တကူမြို့ခီရင်ခု ဝန်းကျင်ကြိုးတွင်ပါ။ ရှင်မင်းစွေးကွက်ဖြေ။ သင်ပုတ်စားခေါ်လယ်ပယ် ၂၀ ကို၊ ကျွန်တော်မျိုးမေ။ ဖါကြီး အစားသနားတော်ခံစေ။ ။ သံတော်ဆင့် အတေးကျော်ဝန် မင်းရာဇာ။

၁၁၄၁ ခု။ ကဆုန်လပြည့်ကျော် ၉ ရက်နေ့။ နာခံနေမျိုး မင်းလှကျော်သူတွင်မြန်။ ။

(၂၈)

လက်ဝဲဝန်တော် အဂ္ဂပါတ်ဖြင်းဝန် ချောင်ပင်မြို့စား မင်းလှမင်းခေါင်ကျော်ထင်က။ အဂ္ဂပါတ်ဖြင်း ၆ ခေါင်းတပ်၊ ကန်တော်တပ်၊ ၄ ခေါင်းတပ် အမှုထမ်းတို့စားရင်း ဆက်သွင်းရပါ စားလောင်းစားပုံ မင်းရဆည်ရသော တမဲရခေါ်ပယ် ၁၀၀။ နတ်ရင်းခေါ်ပယ် ၁၀၀။ ပုဂံခေါ်ပယ် ၇၀။ တော်ဂွာခေါ်ပယ် ၁၀။ တင်းကုက်ခေါ်ပယ် ၂၀။ မိုးကြိုးခေါ်ပယ် ၃၂။ ငါးဂုခေါ်ပယ် ၅။ ဆင်တိုင်းရွာနား၌ လက်တန်းပြည်ခေါ်ပယ် ၁၀၊ တမုတ်ဆည်ရသော ပွတ်တိုင်ရွာနား၌ ဖွေပွေးခေါ်ပယ် ၅။ ပေါင်ဒုခေါ်ပယ် ၅။ ကျောင်းဂုခေါ်ပယ် ၅။ ကွမ်းဆေးဆည်ရသော တစိုးရွာနား၌ ဖြံ့ရင်းကျောင်းရင်းခေါ်ပယ် ၁၅။ တနောင်းပင်လှရွာနား၌ ကျွန်းပင်ခံလယ်ခေါ်ပယ် ၁၀။ နွားတက်ဆည်ရသော ကျေးစီရွာ အနောက်၌ ဖြကုန်းလှေမြန်ဆက် ပယ် ၄၀။ ဆီးတောဆည်ရသော ကြက်မြားကာလေးပယ် ၁၅။ ငုင်းရွာနား၌ ဘူးခေါ်ပယ် ၂၀။ စည့်ကိုင်ရွာ၌ ဖရိုးပင်ခေါ်ပယ် ၃။ လက်ဝဲတင်းရွာ၌ တရုပ်သကြားချက်ခေါ်ပယ် ၂၀။ ကျွန်ကျိုရင်းခေါ်ပယ် ၅။ မြောင်းဆုံဆည်ရသော ဝန်းသိုရွာပတ်လည်၌ ပယ် ၉။ ငုင်းရွာနား၌ ဖဲဓာခေါ်ပယ် ၃၂။ ငုင်းရွာနား၌ လက်ပံခေါ်ပယ် ၃၂။ စုစုပေါင်း ၄၇၉ ပယ်ကို ဝင်းလှေ အမှုထမ်းတို့က စားဆီးချောင်ဂုဏ်ရှိသည် ဖြစ်ပါသောကြောင့် စားရင်းဆက်သွင်းရပါ စားလောင်းစားပုံ ပယ်ဖြစ်ပါကျွ်။ အစားအဆီး အချောင်အဂုဏ်မဖြစ်ပါစေ။ ချထားလုပ်စား ထမ်းရွက်ပါရစေသည့် အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း

ဖြစ်ချိုင်ရွာ ယခင်းရဲ့ဆည်ရသော တမဲရခေါ်ပယ် ၁၀၀။ နတ်ရင်းခေါ်ပယ် ၁၀၀။ ပုဂံခေါ်ပယ် ၇၀။ တော်ဂွာခေါ်ပယ် ၁၀။ တင်းကုက်ခေါ်ပယ် ၂၀။ မိုးကြိုးခေါ်ပယ် ၃၂။ ငါးဂုခေါ်ပယ် ၅။ ဆင်တိုင်းရွာနား၌ လက်တန်းပြည်ခေါ်ပယ် ၁၀။ တမုတ်ဆည်ရသော ပွတ်တိုင်ရွာနား၌ ဖွေပွေးခေါ်ပယ် ၅။ ပေါင်ဒုပယ် ၅။ ကျောင်းဂုခေါ်ပယ် ၅။ ကွမ်းဆေးဆည်ရသော တစိုးရွာနား၌ ဖြံ့ရင်းကျောင်းရင်းခေါ်ပယ် ၁၅။ တနောင်းပင်လှရွာနား၌ ကျွန်းပင်ခံလယ်ခေါ်ပယ် ၁၀။ နွားတက်ဆည်ရသော ကျေးစီရွာ အနောက်၌ ဖြကုန်းလှေမြန်ဆက် ပယ် ၄၀။ ဆီးတောဆည်ရသော ကြက်မြားကာလေးပယ် ၁၅။ ငုင်းရွာနား၌ ဘူးခေါ်ပယ် ၂၀။ စည့်ကိုင်ရွာ၌ ဖရိုးပင်ခေါ်ပယ် ၃။ လက်ဝဲတင်းရွာ၌ တရုပ်သကြားချက်ခေါ်ပယ် ၂၀။ ကျွန်ကျိုရင်းခေါ်ပယ် ၅။ မြောင်းဆုံဆည်ရသော ဝန်းသိုရွာပတ်လည်၌ ပယ် ၉။ ငုင်းရွာနား၌ ဖဲဓာခေါ်ပယ် ၃၂။ ငုင်းရွာနား၌ လက်ပံခေါ်ပယ် ၃၂။ အစုစုပေါင်း ၄၇၉ ပယ်ကို အထက်အစား သနားတော်မူသည့် စားလောင်းပယ်ဖြန့်လျှင် ဝင်းအခု၊ လှေအခု အမှုထမ်းတို့က အစားအဆီး အချောင်အဂုဏ်မဖြစ်စေနှင့်။ အဂ္ဂပါတ်ဖြင်း ၆ ခေါင်းတပ်၊ ကန်တော်တပ်၊ ၄ ခေါင်းတပ်အမှုထမ်းတို့က ချထားလုပ်စားထမ်းရွက်စေ။ ။

သံတော်ဆင့် ရွှေကျောင်းတပ်အုပ်ချော

၁၁၄၁ ခု။ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့၊ နာခံနေမျိုး မင်းထင်ကျော်ခေါ်တွင်မြန်။

၂၂..၁..၈၂
၁၅..၅..၉၂
[illegible]
၁၀..၅..၂၀၀၄

ရှေးဟောင်းစာပေ
သုတေသီတဦး

ကုန်းဘောင်ခေတ်
အမိ ား

စာကြည့်တိုက်
ရှေးဟောင်းသုတေသနဦးစီးဌာန
၁၉၂/၆
၃၀.၁၂.၈၇

စ. ၂၃၆၇

စာအုပ်ကတ်ပြား

ရေးသူ AUTHOR ရှေးဟောင်း စာပေ သုတေသီတဦး၊

စာအုပ်အမည် TITLE ကုန်းဘောင်ခေတ်အမိန့်တော်များ

ပညာရပ်အမှတ်

တိုက်ပိုင်အမှတ်
စ. ၂၃၆၇

စာရေးသူ —ရှေးဟောင်းစာပေသုတေသီတဦး၊

စာအုပ်အမည်—ကုန်းဘောင်ခေတ်အမိန့်တော်များ

စာကြည့်တိုက်
ရှေးဟောင်းသုတေသနဦးစီးဌာန
၁၉၂/၆
၃၀၊၁၂၊၈၇

ထုတ်ဝေသူ

ဦးသွန့်ဌေး (မြ-၀၃၁၃)၊ စိန်ပန်းမြိုင်စာပေတိုက်။
၂၃ အေ၊ ဦးကောင်းလမ်း၊ ကရင်အမျိုးသားရပ်ကွက်
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ -

ဒေါ်ကြည်(မြ-၀၁၀၀၂)၊ ဗဟိုစာကူးနှင့်ပုံနှိပ်
လုပ်ငန်း၊ အမှတ်-(၃၄၉)၊ ဗိုလ်အောင်
ကျော်လမ်း၊ ရန်ကုန်မြို့။

ရှေးဟောင်းသုတေသနဦးစီးဌာန
စာကြည့်တိုက်
တိုက်ဝိုင်အမှတ် ၂၁၆၅
နေ့စွဲ ၃၄၅၈၈

Class N
Acc.No.